ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်( ၁ / ၂၀၁၅)

၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်

၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူး စီးပွားရေးဇုန်ဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကို ဆိုသည်။

(ခ) **အခွင့်ရလုပ်ငန်း ဆောင်ရွက်မှု** ဆိုသည်မှာ အထူး စီးပွားရေးဇုန် တည်ဆောက်သည့် လုပ်ငန်း၊ အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်သည့် စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်း လည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်အရ လုပ်ကိုင် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဂ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ အထူးစီးပွားရေးဇုန်အတွင်း စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆိုသည်။

(ဃ) **မတည်ပစ္စည်း**ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လုပ်ရန် လိုအပ်သော အထောက်အကူပြုစက်ရုံ၊ စက်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်းများကို ဆိုသည်။အဆိုပါမတည်ပစ္စည်းတွင် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုအတွက်လိုအပ်သော ဆောက်လုပ်ခြင်း၊ ပြန်လည်အစားထိုးခြင်း၊ ခေတ်မီအောင် ဆောင်ရွက်ခြင်း၊ နည်းပညာအဆင့်မြှင့်တင်ခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊ ပစ္စည်းများ လဲလှယ်ခြင်း၊ ထုပ်ပိုး စက်ကိရိယာများနှင့် ပြင်ဆင်ရန်လိုအပ်သော စက်ကိရိယာများ၊ ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် လိုအပ်သောစက်ပစ္စည်း အစိတ်အပိုင်းများ၊ စမ်းသပ်မှုနှင့် သုတေသနတွင် အသုံးပြုသော စက်ပစ္စည်းများစသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ပါဝင်သည်။

(င) **တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာန** ဆိုသည်မှာ အထူး စီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့် ပေးခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာလုပ်ငန်းနှင့်ဆိုင်သော ပြည်ဝင်ဗီဇာ ထုတ်ပေးခြင်း၊ ပင်ရင်း ဒေသလက်မှတ်ထုတ်ပေးခြင်း၊ အခွန်ကောက်ခံမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊ အလုပ်သမားပါမစ်နှင့် ခွင့်ပြုချက်ချပေးခြင်း၊ စက်ရုံ တည်ဆောက်မှုအတွက် ခွင့်ပြုချက်ပေးခြင်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုမိန့်များကို ပြုလုပ်ပေးနိုင်ရန် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ဖွဲ့စည်းသော သက်ဆိုင်ရာဌာနများ ပူးပေါင်းထားသည့် ဌာနကိုဆိုသည်။

(စ) **အဆိုပြုလွှာ** ဆိုသည်မှာ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် စီမံခန့်ခွဲမှုကော်မတီသို့ တင်သွင်းသည့် လျှောက်လွှာကို ဆိုသည်။

(ဆ) **ပြည်တွင်း အကောက်ခွန်နယ်မြေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အကောက်ခွန် နယ်မြေကိုဆိုသည်။

(ဇ) **တာဝန်ကျအကောက်ခွန်အရာရှိ** ဆိုသည်မှာ အထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနတွင် တာဝန်ပေးအပ်ထားခြင်း ခံရသော အကောက်ခွန် အရာရှိကို ဆိုသည်။

(ဈ) **တာဝန်ခံအကောက်ခွန်အရာရှိ** ဆိုသည်မှာ အထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ **တစ်စုတစ်စည်းတည်း အလုံးစုံ** ဝန်ဆောင်မှုပေးသည့်ဌာနတွင်ရှိ၍ တာဝန်ကျ အကောက်ခွန် အရာရှိများ၏ အကြီးအကဲကို ဆိုသည်။

(ည) **ကုန်ကြမ်း** ဆိုသည်မှာ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်လိုအပ်သော ပစ္စည်းများ ဖြစ်ပြီး ယင်းတို့သည် သဘာဝအတိုင်းရှိသော သို့မဟုတ် မပြုပြင်ရသေးသော သို့မဟုတ် မသန့်စင်ရသေးသော ပစ္စည်းများကိုဆိုသည်။ ထို့ပြင် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ကုန်ပစ္စည်းများ၊ အဆင့်မြှင့်တင်ထုတ်လုပ်မည့် ကုန်ချောပစ္စည်းအတွက် အသုံးပြုရသည့် ထုတ်လုပ်ပြီး ကုန်ပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီး ကုန်ပစ္စည်းနှင့်ထုပ်ပိုးရာတွင် လိုအပ်သော ပစ္စည်းများပါဝင်သည်။ ထိုပစ္စည်းများတွင် မပြုပြင်ရသေးသော သို့မဟုတ် သဘာဝအတိုင်း သို့မဟုတ် ထုတ်လုပ် အသုံးပြုရန်အသင့်ဖြစ်သော အကြမ်းထည် ပစ္စည်းများလည်း ပါဝင်သည်။

(ဋ) **ပြည်ပလုပ်ငန်းရှင်** ဆိုသည်မှာ မြန်မာနိုင်ငံ ပြင်ပတွင် အခြေချနေထိုင်၍ အထူး စီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင်

ပါဝင်လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံပြင်ပ၌ ဖွဲ့စည်းထားသော ကုမ္ပဏီလည်းပါဝင်သည်။

(ဌ) **လုပ်ပိုင်ခွင့်ရကိုယ်စားလှယ်** ဆိုသည်မှာ အထူး စီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း တစ်ခုခုအတွက် လိုအပ်သည့် ကုန်ပစ္စည်းများ သယ်ယူခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း၊ ပြန်လည်တင်ပို့ခြင်းနှင့် အလားတူ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူက တရားဝင်စာဖြင့် လုပ်ပိုင်ခွင့်အပ်နှင်းထားသူကို ဆိုသည်။

(ဍ) **ကုန်ပစ္စည်းထောက်ပံ့သူ** ဆိုသည်မှာ အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း တစ်ခုခုအတွက် သော်လည်းကောင်း၊ ပြည်တွင်း အကောက်ခွန် နယ်မြေအတွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခုခုအတွက် သော်လည်းကောင်း၊ ပြည်ပရှိ စီးပွားရေး လုပ်ငန်းတစ်ခုခုအတွက် သော်လည်းကောင်း ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် လိုအပ်သည့် ကုန်ကြမ်း၊ တစ်ပိုင်းတစ်စ ထုတ်ကုန်ပစ္စည်း၊ ထုတ်လုပ်ပြီးပစ္စည်းနှင့် နည်းပညာများကို အခကြေးငွေဖြင့် လည်းကောင်း သို့မဟုတ် အခကြေးငွေရယူခြင်းမပြုဘဲ သော်လည်းကောင်း ထောက်ပံ့ပေးသွင်းသူကို ဆိုသည်။

(ဎ) **ခွင့်ပြုမိန့်** ဆိုသည်မှာ အထူးစီးပွားရေးဇုန်အတွင်း စီးပွားရေးလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် စီမံခန့်ခွဲမှုကော်မတီက ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသို့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုကြောင်း အသိအမှတ်ပြုသည့် တရားဝင်ထုတ်ပြန်သော ရုံးမိန့်ကို ဆိုသည်။

(ဏ) **မြန်မာ အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေး စနစ်**(Myanmar Automated Cargo Clearance System -MACCS) ဆိုသည်မှာ သွင်းကုန်၊ ပို့ကုန်ဆိုင်ရာ အကောက်ခွန် လုပ်ငန်းစဉ်များကို သတင်းအချက်အလက် နည်းပညာစနစ် အသုံးပြု၍ ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော ရှင်းလင်းလွယ်ကူသည့် စနစ်ကိုဆိုသည်။

(တ) **စုပေါင်းသုံး ကုန်သေတ္တာ** ဆိုသည်မှာ မတူညီသော ပိုင်ရှင်များ၏ ကုန်ပစ္စည်းများကို ထည့်သွင်းထားသည့် ကုန်သေတ္တာကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်သေတ္တာဖြင့် တင်သွင်းခြင်း မဟုတ်သော ကုန်ပစ္စည်းများလည်း ပါဝင်သည်။

(ထ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ် ထားသော ပုံစံကိုဆိုသည်။

## အခန်း(၂)
## စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်း

၃။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် တည်ထောင်ရန် အတည်ပြုချက်ရရှိပြီးသည့် နေ့မှစ၍ ရက် ၃၀ အတွင်း ယင်းအထူးစီးပွားရေးဇုန်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို အထူးစီးပွားရေးဇုန် ဥပဒေ ပုဒ်မ ၉ နှင့်အညီ ဖွဲ့စည်းရမည်။

၄။ ဗဟိုအဖွဲ့သည် စီမံခန့်ခွဲမှုကော်မတီတွင် တာဝန်ပေးအပ်ခြင်းခံရသူအား ယင်း၏ကျွမ်းကျင်မှုနှင့် လိုအပ်ချက် အပေါ်မူတည်၍ သက်တမ်း ကန့်သတ်ချက်မထားရှိဘဲ တာဝန်ပေးအပ်နိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးတည်ဆောက်သူများထံမှ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကြေးအပါအဝင် ဝန်ဆောင်ခများကို လိုအပ်သလို ကောက်ခံနိုင်သည်။

## အခန်း (၃)
## ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးများကျင်းပခြင်း

၆။ ဗဟိုအဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်။

၇။ ဗဟိုအဖွဲ့အဖွဲ့ဝင်ဦးရေထက်ဝက်ကျော် တက်ရောက်လျှင်အစည်းအဝေးအထမြောက်သည်။

၈။ ဗဟိုအဖွဲ့သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိ။

၉။ ဗဟိုအဖွဲ့သည် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၊ ဘာသာရပ် ကျွမ်းကျင်သူများနှင့် အခြားလိုအပ်သူများကို အစည်းအဝေးသို့ ဖိတ်ကြား တက်ရောက်စေနိုင်သည်။

၁၀။ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး လေးကြိမ် ကျင်းပရမည်။

၁၁။ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တစ်ဦးဦး မတက်ရောက်နိုင်သည့်အခါ အစည်းအဝေး ကျင်းပခြင်း မပြုရ။

၁၂။ ဗဟိုလုပ်ငန်းအဖွဲ့အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင်အစည်းအဝေး အထမြောက်သည်။

၁၃။ ဗဟိုလုပ်ငန်းအဖွဲ့သည် အစည်းအဝေး တက်ရောက်သည့် အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်၏ သဘော တူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက် နိုင်ခြင်းမရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်း တို့ကို ဆောင်ရွက်ခွင့်မရှိ။

၁၄။ ဗဟိုလုပ်ငန်းအဖွဲ့သည် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၊ ဘာသာရပ်ကျွမ်းကျင်သူများနှင့် အခြားလိုအပ်သူများကို အစည်းအဝေးသို့ ဖိတ်ကြားတက်ရောက်စေနိုင်သည်။

၁၅။ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

၁၆။ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌ ကလည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တစ်ဦးဦး မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးကလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၁၇။ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၈။ စီမံခန့်ခွဲမှုကော်မတီသည် အစည်းအဝေးတက်ရောက်သည့်အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိ။

၁၉။ စီမံခန့်ခွဲမှုကော်မတီသည် လိုအပ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ ဘာသာရပ်ကျွမ်းကျင်သူများနှင့် ပြင်ပမှ အခြားလိုအပ်သူများကိုလည်း အစည်းအဝေးသို့ ဖိတ်ကြား တက်ရောက်စေနိုင်သည်။

## အခန်း(၄)

## တစ်နေရာတည်း၌တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာန

၂၀။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနကို အောက်ပါ အစိုးရဌာန၊ အဖွဲ့အစည်းများမှ အရာထမ်းများပါဝင်စေလျက်ဖွဲ့စည်းရမည်-

(က) အကောက်ခွန်ဦးစီးဌာန၊

(ခ) ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းနှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးသည့် ဌာန သို့မဟုတ် အဖွဲ့အစည်း၊

(ဃ) ပြည်တွင်းအခွန်များဦးစီးဌာန၊

(င) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊

(စ) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊

(ဆ) စက်မှုဝန်ကြီးဌာနမှသက်ဆိုင်သည့် ဌာနတစ်ခုခု၊
(ဇ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်သည့် ဌာနတစ်ခုခု၊
(ဈ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီး ဌာန၊
(ည) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သက်ဆိုင်သည့် ဌာနတစ်ခုခု၊
(ဋ) စီးပွားရေးလုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖြည့်စွက်ဖွဲ့စည်းသင့်သည့်အခြားဌာနများ။

၂၁။ တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနသည် စီမံခန့်ခွဲမှုကော်မတီ၏ကွပ်ကဲမှုအောက်တွင်ရှိရမည်ဖြစ်ပြီး ယင်းဌာနကိုသက်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရုံးတွင် ပူးတွဲဖွင့်လှစ်ရမည်။

၂၂။ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော လိုင်စင်၊ ပါမစ်နှင့် ခွင့်ပြုမိန့်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခွင့်ပြုမိန့်၊ သဘောထားမှတ်ချက်များ တောင်းခံရန် မလိုအပ်ဘဲ တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနရှိ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များက လျင်မြန်ချောမွေ့စွာ ခွင့်ပြုပေးရမည်။ ထိုသို့ ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ယင်းတို့၏ ကိုယ်စားလှယ်များကို ဆုံးဖြတ်ပိုင်ခွင့်နှင့် လက်မှတ်ရေးထိုးခွင့် အပါအဝင် သက်ဆိုင်ရာ လိုင်စင်ပါမစ်နှင့် ခွင့်ပြုမိန့်များ ထုတ်ပေးရန် လုပ်ပိုင်ခွင့်အပ်နှင်းရမည်။

၂၃။ တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနသည် စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူများအား အဆင်ပြေချောမွေ့စေရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများကိုပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) အထူးစီးပွားရေးဇုန်၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်လိုအပ်သော ခွင့်ပြုမိန့်၊ လိုင်စင်နှင့် ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊
(ခ) ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဂ) နိုင်ငံခြားသားများနှင့် ယင်းတို့၏ မိသားစုများအတွက် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်တွင်းနေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊
(ဃ) ပို့ကုန်၊သွင်းကုန်ဆိုင်ရာ လိုင်စင်နှင့် ပါမစ် ထုတ်ပေးခြင်း၊
(င) ပင်ရင်းဒေသလက်မှတ် ထုတ်ပေးခြင်း၊
(စ) အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စအရပ်ရပ်ဆောင်ရွက်ခြင်း၊
(ဆ) အလုပ်သမားဆိုင်ရာ ကိစ္စများနှင့် အလုပ်သမား မှတ်ပုံတင်ခြင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
(ဇ) စက်ရုံတည်ဆောက်ရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် စက်မှုမှတ်ပုံတင်ခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊

(ဈ) အဆောက်အအုံ၊ စက်ရုံနှင့်အခြားဆောက်လုပ်ရေးဆိုင်ရာ ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊

(ည) သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး ထိန်းသိမ်းကြပ်မတ်ခြင်း၊

(ဋ) နိုင်ငံခြားသားများ အလုပ်လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးခြင်း၊

(ဌ) ဆေးဝါး၊ အစားအသောက်စသည်တို့ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကူးစက်ရောဂါ မပြန့်ပွားရေးတို့နှင့် စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ခွင့်ပြုမိန့်များ ထုတ်ပေးခြင်း၊

(ဍ) အကောက်ခွန်နှင့် အခြားအခွန်အခများကို ပြန်လည် ထုတ်ပေးခြင်း၊

(ဎ) နှောင်းစာရင်းစစ်ဆေးခြင်းအပါအဝင် သွင်းကုန်ထုတ်ကုန်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းခြင်း၊

(ဏ) အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောခွင့်ပြုမိန့်၊ လိုင်စင်နှင့်ပါမစ် တို့ကို သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဖြင့် ပေါင်းစပ်ညှိနှိုင်း ထုတ်ပေးခြင်း၊

**အခန်း(၅)**

**အထူးစီးပွားရေးဇုန် တည်ထောင်ခြင်း**

၂၄။ (က) ရွေးချယ်ခံရသော ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် တည်ထောင်ရန် ဖွံ့ဖြိုးမှုစီမံကိန်း အသေးစိတ်ကို ရွေးချယ်ခံရသည့်နေ့မှ **ခြောက်လအတွင်း** စီမံခန့်ခွဲမှုကော်မတီသို့ **ပုံစံ(က)**ဖြင့် တင်ပြရမည်။

(ခ) စီမံခန့်ခွဲမှု ကော်မတီသည် ရင်းနှီးတည်ဆောက်သူက အထူးစီးပွားရေးဇုန် တည်ထောင်ရန် အသေးစိတ်စီမံကိန်း တင်ပြသည့်အခါ အဆိုပါစီမံကိန်းကို လက်ခံရရှိသည့်နေ့မှစ၍ **၁၅ ရက် အတွင်း** ဗဟိုလုပ်ငန်းအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဂ) ဗဟိုလုပ်ငန်းအဖွဲ့သည် တင်သွင်းလာသော ဖွံ့ဖြိုးမှုစီမံကိန်းကို စိစစ်ဆောင်ရွက်ပြီးနောက် စီမံခန့်ခွဲမှု ကော်မတီက တင်ပြသည့်နေ့မှစ၍ **ရက်ပေါင်း ၃၀ အတွင်း** ဗဟိုအဖွဲ့သို့ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ထောက်ခံတင်ပြရမည်။

(ဃ) ဗဟိုအဖွဲ့သည် ဗဟိုလုပ်ငန်းအဖွဲ့မှ တစ်ဆင့် တင်ပြလာသည့် စီမံကိန်းအား လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဗဟိုလုပ်ငန်းအဖွဲ့က တင်ပြသည့်နေ့မှ **ရက်ပေါင်း ၃၀ အတွင်း**ဆုံးဖြတ်ရမည်။

၂၅။ ဗဟိုအဖွဲ့က ရင်းနှီးတည်ဆောက်သူကို အတည်ပြု ရွေးချယ်ပြီးသည့်အခါ စီမံခန့်ခွဲမှုကော်မတီသည် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုမိန့်ကို **ပုံစံ(ခ)**ဖြင့် ရင်းနှီးတည်ဆောက်သူသို့ ထုတ်ပေးရမည်။

၂၆။ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ တစ်ဦးထက်ပိုသော သီးခြားရင်းနှီးတည်ဆောက်သူများကို ရွေးချယ်ခဲ့လျှင် ရင်းနှီးတည်ဆောက်သူ တစ်ဦးစီသည် အတည်ပြုထားသော အထူးစီးပွားရေးဇုန်ဧရိယာ အစိတ်အပိုင်းတစ်ခုစီ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရမည်။

၂၇။ ရင်းနှီးတည်ဆောက်သူသည် စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ပေးသော ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်ရမည့် အချိန်ကာလသတ်မှတ်ချက် အစီအစဉ်အတိုင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရမည်။

၂၈။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးတည်ဆောက်သူအား ဤနည်းဥပဒေအရ ခွင့်ပြုမိန့် ထုတ်ပေးရာတွင် စီးပွားရေးလုပ်ငန်း အမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်း စတင်ရန် အတည်ပြုထားသော လုပ်ငန်းစဉ်အတိုင်း ခွင့်ပြုပေးနိုင်သည်။

၂၉။ ရင်းနှီးတည်ဆောက်သူသည် စီးပွားရေးလုပ်ငန်းစဉ်အတိုင်း ခွင့်ပြုထားသောကာလ သို့မဟုတ် ခွင့်ပြုချက်သက်တမ်းကို တိုးမြှင့်လိုပါက **ပုံစံ (ဂ)** ဖြင့် စီမံခန့်ခွဲမှုကော်မတီထံ လျှောက်ထားရမည်။ စီမံခန့်ခွဲမှုကော်မတီသည် လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ စီးပွားရေး လုပ်ငန်း ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားမှု လက်ခံ ရရှိသည့်နေ့မှစ၍ ၁၅ရက်အတွင်း တိုးမြှင့်ပေးသည့်ကာလကို ဖော်ပြ၍ ခွင့်ပြုပေးရမည်။ ဤသို့ ခွင့်ပြုပေးခြင်းကို အနီးဆုံးကျင်းပသည့် ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တင်ပြမှတ်တမ်း တင်ရမည်။

၃၀။ ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် တည်ထောင်ရေး စီမံကိန်းတိုးတက်မှု အခြေအနေကို စီမံခန့်ခွဲမှုကော်မတီသို့ သုံးလ တစ်ကြိမ် **ပုံစံ(ဃ)** ဖြင့်အစီရင်ခံရမည်။

## အခန်း (၆)

## အထူးစီးပွားရေးဇုန်အတွင်းရှိဇုန်နယ်မြေသတ်မှတ်ခြင်း

၃၁။ ပို့ကုန်ဦးစားပေး ကုန်ထုတ် စီးပွားရေးလုပ်ငန်းများကို ကင်းလွတ်ဇုန်အတွင်း ဦးစားပေး နေရာချထားရမည်။ ထို့အပြင် ပို့ကုန်ဦးစားပေး ကုန်ထုတ်စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက် ပံ့ပိုးပေးမည့် အထောက်အကူပြု စက်မှုလက်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်း ကင်းလွတ်ဇုန် အတွင်း နေရာချထားနိုင်သည် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းဟု သတ်မှတ်နိုင်သည်။

၃၂။ စီမံခန့်ခွဲမှုကော်မတီသည် နည်းဥပဒေ ၅၄ တွင် ဖော်ပြထားသော ဝန်ဆောင်မှုလုပ်ငန်းများထဲမှ သင့်လျော်သည့် ဝန်ဆောင်မှုလုပ်ငန်းကို ကင်းလွတ်ဇုန်အတွင်း နေရာချထားရန် ခွဲခြား၍ ခွင့်ပြုနိုင်သည် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းအဖြစ်ခွဲခြား၍ သတ်မှတ်နိုင်သည်။

၃၃။ ကင်းလွတ်ဇုန်ဟု ခွဲခြားနေရာချထားသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပါက ယင်း ကင်းလွတ်ဇုန်နေရာကို အနည်းဆုံး ၂၄၀ စင်တီမီတာအမြင့်ရှိသော စည်းရိုးကာရံထားပြီး

ထိုစည်းရိုးအပေါ်မှ အနည်းဆုံး ၆၀ စင်တီမီတာ ရှိသော သံဆူးကြိုးများ တပ်ဆင်ထားခြင်းဖြင့် ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနက သီးခြားသတ်မှတ်ထားသည့် နည်းလမ်းအတိုင်းဖြစ်စေ ရင်းနှီး တည်ဆောက်သူမှ ကာရံဆောက်လုပ်ရမည်။

၃၄။ နည်းဥပဒေ ၃၃ ပါ ကင်းလွတ်ဇုန်၏ ဝင်ပေါက်နှင့် ထွက်ပေါက်ကို အကောက်ခွန်ဦးစီး ဌာနက သတ်မှတ်သည့်အတိုင်း ထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာအထူးစီးပွားရေးဇုန်ရှိ တစ်နေရာ တည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် ဌာနတွင် ပါဝင်သော အကောက်ခွန် ဦးစီးဌာန ဝန်ထမ်းများမှ အပြည့်အဝ စောင့်ကြပ်ရမည်။

၃၅။ နည်းဥပဒေ ၃၃ ပါ ကင်းလွတ်ဇုန်အတွင်းသို့ စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုသော ပုဂ္ဂိုလ်များသာလျှင် ဝင်ရောက်ခွင့်ရှိသည်။

၃၆။ စီမံခန့်ခွဲမှုကော်မတီသည် နည်းဥပဒေ ၃၃ ပါ ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေး လုပ်ငန်း လုပ်ဆောင်သူများအတွက် လိုအပ်ချက်အရဝန်ဆောင်မှုပေးရန် ခွင့်ပြုထားသည့်စီးပွားရေးလုပ်ငန်း များမှအပ မည်သည့်လက်လီကုန်ပစ္စည်းရောင်းချမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုမျှ ကင်းလွတ်ဇုန် အတွင်း အခြေချဆောင်ရွက်ခွင့်မပြုရ။

၃၇။ စီမံခန့်ခွဲမှုကော်မတီသည် ပြည်တွင်းဈေးကွက်ကို အခြေပြု ထုတ်လုပ်ရောင်းချမည့် အခြား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း နေရာချထားခွင့်ရှိသည်။

၃၈။ အထူးစီးပွားရေးဇုန်အတွင်း ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်ဟူ၍ ပိုင်းခြား သတ်မှတ်ထားခြင်းမရှိပါက ကင်းလွတ်ဇုန်လုပ်ငန်းမှအပ ကျန်လုပ်ငန်းများကို လုပ်ငန်းမြှင့်တင် ရေးဇုန်တွင် တည်ရှိသည့် လုပ်ငန်းများ၏ ခံစားခွင့်အတိုင်း ခံစားခွင့် ပြုရမည်။

## အခန်း (၇)
## နယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေအသုံးပြုခြင်း

၃၉။ အထူးစီးပွားရေးဇုန် တည်ထောင်ရန်နေရာသည် ဧရိယာအကျယ်အဝန်းအားဖြင့် အနည်းဆုံး ဟက်တာ ၁၀၀၀မှ အများဆုံး ၂၀၅၀၀ ဟက်တာ အတွင်းရှိရမည်။

၄၀။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန်အဖြစ် ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် မြေအကျယ်အဝန်းကို ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိရေးအတွက် သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီထံ လျှောက်ထားရမည်။

၄၁။ အထူးစီးပွားရေးဇုန်အတွင်းမှ မြေနေရာကို ရင်းနှီးတည်ဆောက်သူက ရောင်းချပိုင်ခွင့် မရှိစေရ။

၄၂။ ရင်းနှီးတည်ဆောက်သူသည် မြေအသုံးပြုခွင့်ကို ခွင့်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံသူ အား ပေးအပ်ရမည်။

၄၃။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ်ရင်းနှီးမြှုပ်နှံသူသည် ယင်းတို့ အသုံးပြုခွင့်ရရှိသော မြေကို မြေငှားစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ တစ်ဆင့်ငှားရမ်းခွင့်ရှိသည်။

၄၄။ ရင်းနှီးတည်ဆောက်သူသည် မြေထပ်ဆင့်ငှားရမ်းခြင်း နည်းလမ်းဖြင့်ဖြစ်စေ၊ အခြား နည်းလမ်း တစ်ခုခုဖြင့်ဖြစ်စေ လွှဲပြောင်းခြင်းကိုစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ရရှိထားသူ သို့မဟုတ် အဖွဲ့အစည်းနှင့်သာဆောင်ရွက်ရမည်။

၄၅။ ခွင့်ပြုကာလအတွင်း ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် မြေအသုံးပြုခွင့် ကို အခြားသူသို့ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း ပြုလုပ်နိုင် သည်။ ထိုသို့ဆောင်ရွက်ရာတွင်-

(က) ရင်းနှီးတည်ဆောက်သူသည် စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ထားသော ပုံစံဖြင့် ဗဟို အဖွဲ့၏ ခွင့်ပြုချက် ရယူရမည်။

(ခ) ရင်းနှီးမြှုပ်နှံသူသည် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက် ရယူရမည်။

၄၆။ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် ဇုန်အတွင်းလမ်း၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်မီးဖြန့်ဝေ သည့်စနစ်စသည့် အခြေခံအဆောက်အအုံများမရှိသော ပလပ်မြေများတွင် စီးပွားရေးလုပ်ငန်းများ အတွက်ဖြစ်စေ၊ ကျောင်း၊ ဆေးရုံ၊ ဟိုတယ်၊ အပန်းဖြေခြင်းနှင့် ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ လူနေ အိမ်နှင့် ရုံးခန်းအဆောက်အအုံများစသည့် လူမှုရေးဆိုင်ရာလုပ်ငန်းအတွက်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ရန် မည်သူ့ကိုမျှ ငှားရမ်းခြင်းမပြုရ။ သို့ရာတွင် ယင်းနေရာဖွံ့ဖြိုးရေးအတွက် ရင်းနှီး တည်ဆောက်သူ၏ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းဖြစ်သော တစ်ဆင့်ခံ ရင်းနှီးတည်ဆောက်သူက ဆောင်ရွက်ခြင်း သို့မဟုတ် တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခြင်းသည် ဤကန့်သတ်ချက်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း (၈)
## အဆိုပြုလွှာတင်ပြခြင်း

၄၇။ အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံလိုသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိလိုပါက လျှောက်လွှာ**ပုံစံ(င) ငါးစုံဖြင့်** သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ **ပုံစံ(င)**နှင့်အတူ အောက်ပါတို့နှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) အထူးစီးပွားရေးဇုန်အတွင်းရှိမြေနေရာနှင့် စက်ရုံနေရာလျာထားချက်၊

(ခ) ရေသွယ်ရေးလုပ်ငန်းစဉ်၊

(ဂ) လျှပ်စစ်မီးသွယ်တန်းမည့် လုပ်ငန်းစဉ်၊

(ဃ) အဆောက်အအုံ ဆောက်လုပ်မည့် လုပ်ငန်းစဉ်၊

(င) စက်ပစ္စည်းတပ်ဆင်ရေး လုပ်ငန်းစဉ်၊

(စ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းရေး လုပ်ငန်းစဉ်၊

(ဆ) အဆိုပြုလုပ်ငန်း၏ စီမံကိန်းအစီရင်ခံစာ အသေးစိတ်၊

(ဇ) အခြားလိုအပ်သောအချက်များ၊

**အခန်း (၉)**

**ခွင့်ပြုမိန့်ထုတ်ပေးခြင်း**

၄၈။ စီမံခန့်ခွဲမှုကော်မတီသည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလွှာကို အထူးစီးပွားရေးဇုန်ဥပဒေနှင့် ဤနည်းဥပဒေများအရ လိုအပ်သော စာရွက်စာတမ်းနှင့် အချက်အလက်များ ပြည့်စုံစွာ လက်ခံရရှိသည့်နေ့မှ **ရက်ပေါင်း ၃၀ အတွင်း** ခွင့်ပြုသည် သို့မဟုတ် မှတ်ချက်ဖြင့်ခွင့်ပြုသည် သို့မဟုတ် ငြင်းပယ်သည်ဟု ဆုံးဖြတ်ရမည်။

(ခ) လျှောက်ထားသူ၏ လျှောက်ထားချက်ကို မှတ်ချက်ဖြင့်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုပါက အကျိုးအကြောင်းရေးသားဖော်ပြ၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၄၉။ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၅၀။ စီမံခန့်ခွဲမှုကော်မတီသည် အဆိုပြုလွှာကို ခွင့်ပြုပါက ခွင့်ပြုမိန့် **ပုံစံ**(စ) ကိုထုတ်ပေးရမည်။ ခွင့်ပြုမိန့်တွင် ကုန်သွယ်ခြင်း သို့မဟုတ် သိုလှောင်ခြင်းအပါအဝင် ထုတ်လုပ်မည့်ကုန်ပစ္စည်း၊ ထုတ်ကုန်ကို ပြည်တွင်းအကောက်ခွန်နယ်မြေတွင် ရောင်းချခြင်းနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သော စည်းကမ်းချက်များပါရှိရမည်။

၅၁။ စီမံခန့်ခွဲမှုကော်မတီသည် အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်း အမျိုးအစားများကို အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်ခွင့်ပြုနိုင်သည် -

(က) တားမြစ်ထားသော စီးပွားရေးလုပ်ငန်းများမှအပ အခြားစီးပွားရေးလုပ်ငန်းများ၊

(ခ) ပြည်ပရှိ ကုန်ပစ္စည်းထောက်ပံ့သူ၏ တာဝန်ခံမှုဖြင့် ကုန်ပစ္စည်း ပိုင်ရှင်၏ ညွှန်ကြားချက်နှင့်အညီ ကုန်ပစ္စည်းများ ဖြန့်ဖြူးရန် ထိန်းသိမ်းထားရှိပြီးအဆိုပါ ကုန်ပစ္စည်းများကို ကုန်အမှတ်တံဆိပ် သို့မဟုတ် အမှတ်အသားတပ်၍ ဖြစ်စေ၊ တပ်ခြင်းမပြုဘဲဖြစ်စေ ရောင်းဝယ်မှုပြုခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုမပြုဘဲ ထုပ်ပိုးခြင်းကို ဖြစ်စေ၊ ပြုပြင် ထုပ်ပိုးခြင်းကိုဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဂ) အအေးခန်းအတွင်း သိုလှောင်ရမည့် ပစ္စည်းများ တင်သွင်းသိုလှောင်ခြင်း၊

(ဃ) ထုတ်လုပ်မှု လုပ်ငန်းစဉ်အလိုက် ပစ္စည်းအစိတ်အပိုင်းအများအပြား တင်သွင်း၍ အပြီးသတ်တပ်ဆင်ခြင်း (Complete Knock-Down) သို့မဟုတ် တစ်ပိုင်းတစ်စ တပ်ဆင်ပြီးဖြစ်သော အစိတ်အပိုင်းများကို တင်သွင်း၍ အပြီးသတ် တပ်ဆင်ခြင်း (Semi Knock-Down)။

၅၂။ အထူးစီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်မပြုရ-

(က) လက်နက်၊ လက်နက်ကိရိယာ၊ စစ်သုံးဖောက်ခွဲရေးပစ္စည်း ထုတ်လုပ်တပ်ဆင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာအတွက် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊

(ခ) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သော ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဂ) ပြည်ပသို့ ဝန်ဆောင်မှုပေးသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းများ၊

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(င) အများပြည်သူ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် နိုင်ငံတကာစည်းမျဉ်းများ သို့မဟုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တားမြစ်ပိတ်ပင်ထားသည့် အဆိပ်သင့်စေသော ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိ ဓါတ်ရောင်ခြည်သင့် ပစ္စည်းများ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများနှင့် ဓာတုဆေးဝါးများ ပါဝင်သည့် အခြားပစ္စည်းများ တင်သွင်းခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(စ) နိုင်ငံခြားမှ တင်သွင်းသော အန္တရာယ်ရှိသည့် စက်မှုစွန့်ပစ်ပစ္စည်းများကို အသုံးပြုသည့် စီးပွားရေး လုပ်ငန်းများ၊

(ဆ) အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေနိုင်သော တားမြစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း စီးပွားရေးလုပ်ငန်းများ၊

(ဇ) ကျောက်ဂွမ်းဖြင့် ပြုလုပ်ထားသည့် ပစ္စည်းထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ရောင်းချခြင်း၊

(ဈ) အများပြည်သူ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း။

၅၃။ အကယ်၍ အဆိုပြုခဲ့သော စီးပွားရေးလုပ်ငန်းတွင် အောက်ပါအချက်အလက်များနှင့် ငြိစွန်းနေပါက ခွင့်မပြုရ-

(က) အညစ်အကြေးများ ထိန်းချုပ်ခြင်းနှင့် ပြန်လည် အသုံးချခြင်းဆိုင်ရာ စနစ်များနှင့် ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော ပလပ်စတစ် သို့မဟုတ် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊

(ခ) ပြန်လည်အသုံးပြုသော အဝတ်နှင့် အဝတ်အထည်များ သို့မဟုတ် အသုံးပြုပြီးသော အဝတ်အထည်များ၊ အသုံးပြုပြီးသော ချည်မျှင်နှင့် အထည်များ၊ စက်ရုံသုံး အဝတ်စုတ်များ၊ အရည်အသွေးမကောင်းသော သိုးမွေးအစများ၊ ချည်ခင်များ၊ စောင်များ၊ ပုဝါများကို ပြန်လည်အသုံးပြုခြင်း၊

(ဂ) ပြည်ပမှအသုံးပြုပြီးသော ပစ္စည်းများအား တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်အသုံးပြုရန် ပြုပြင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်သော ဓာတုပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ အရာဝတ္ထုများ၊ စက်မှုစက်ပစ္စည်းများနှင့် နည်းပညာများကို တင်ပို့ခြင်းနှင့် တင်သွင်းခြင်း။

## အခန်း (၁၀)
## ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့် လိုအပ်ချက်များ

၃၄။ အထူးစီးပွားရေးဇုန်များအတွင်း အောက်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ကုန်သွယ်ခြင်း၊

(ခ) အိမ်ရာ၊ ဟိုတယ်၊ အရောင်းစင်တာများအပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်း၊

(ဂ) နည်းပညာနှင့်ဒီဇိုင်း၊

(ဃ) ကုန်သိုလှောင်ရုံနှင့်ထောက်ပံ့ ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများ၊

(င) သုတေသနလုပ်ငန်းနှင့်ဖွံ့ဖြိုးရေး ဝန်ဆောင်မှုများ၊

(စ) ကွန်ပျူတာဆော့ဖ်ဝဲ ဝန်ဆောင်မှု၊

(ဆ) စီးပွားရေး တွေ့ဆုံဆွေးနွေးသည့် နေရာများ၊ သတင်းအချက်အလက်များ ထုတ်လုပ်ပေးသည့်နေရာများ၊ လူသားအရင်းအမြစ် ဝန်ဆောင်မှု၊ အာမခံ ရှင်းလင်းရေး လုပ်ငန်းများ၊ ဥပဒေဆိုင်ရာအချက်အလက်၊ ဆေးပညာဆိုင်ရာမှတ်တမ်း၊ ငွေပေးငွေယူမှတ်တမ်းများ၊ အဝေးထိန်းလုပ်ငန်းများ၊ အခွန်စာရင်းများ၊ အထောက်အကူပြုစင်တာများ၊ ဝက်ဘ်ဆိုက် ဝန်ဆောင်မှု၊ အထူးဖန်တီးချက်နှင့် ဒီဇိုင်းများရေးဆွဲခြင်း စသည့်သတင်း အချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ၊

(ဇ) လက်လီလက်ကားရောင်းချခြင်းများပါဝင်သည့်ဖြန့်ချီရေး ဝန်ဆောင်မှု၊

(ဈ) ငွေရေးကြေးရေးဝန်ဆောင်မှု၊

(ည) ဥပဒေနှင့်စာရင်းကိုင် ဝန်ဆောင်မှုမပါ ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှု ၊

(ဋ) နှစ်တို၊နှစ်ရှည်ငှားရမ်းခြင်း ဝန်ဆောင်မှု၊

(ဌ) အကြံပေးလုပ်ငန်းအပါအဝင်အခြား ဝန်ဆောင်မှု များ၊

(ဍ) ဆောက်လုပ်ရေးနှင့် အခြားသက်ဆိုင်သော ဝန်ဆောင်မှုများ၊

(ဎ) ပညာရေးဝန်ဆောင်မှု၊

(ဏ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများ၊

(တ) ဆေးရုံနှင့်ကျန်းမာရေး ဝန်ဆောင်မှုများ၊

(ထ) ခရီးသွားလုပ်ငန်းနှင့်ဆက်နွယ်သော ဝန်ဆောင်မှုများ၊

(ဒ) အပန်းဖြေခြင်းနှင့်ဖျော်ဖြေရေး ဝန်ဆောင်မှုများ၊

(ဓ) ယဉ်ကျေးမှုနှင့်အားကစား ဝန်ဆောင်မှုများ၊

(န) သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများ။

၅၅။ ရင်းနှီးမြှုပ်နှံသူသည် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ရရှိရန် -

(က) ရင်းနှီးမြှုပ်နှံရန် အဆိုပြုမြေနေရာအသုံးပြုရေးအတွက် ရင်းနှီးတည်ဆောက်သူထံမှ စာဖြင့်အတည်ပြုချက် ရရှိထားရမည်ဖြစ်ပြီး စီမံခန့်ခွဲမှု ကော်မတီ၏ အတည်ပြုချက် ရရှိသည့်အခါ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်သဘောတူ စာချုပ် ချုပ်ဆို ရမည်။

(ခ) ငှားရမ်းမှု သဘောတူစာချုပ် မိတ္တူတစ်စုံကို **ခွင့်ပြုမိန့်ရရှိပြီးခြောက်လ အတွင်း** သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ရမည်။ ဤသို့ဆောင်ရွက်ရန် ပျက်ကွက် ပါက စီမံခန့်ခွဲမှု ကော်မတီသည် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဂ) လိုအပ်ပါက လျှောက်ထားသူသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လေထု ညစ်ညမ်းမှု ထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရမည်။

(ဃ) လျှောက်ထားသူသည် မိမိကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် စီးပွားဖက်အဖွဲ့များမှ ပုဂ္ဂိုလ်များက ပြည်တွင်းတွင်နေထိုင်ကြောင်းအထောက်အထား၊ နိုင်ငံကူးလက်မှတ်နှင့် အခြားလိုအပ်သည့် အထောက်အထားအချက်အလက်များကို စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြရမည်။

(င) လျှောက်ထားသူသည် သက်ဆိုင်ရာဌာနများမှ အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးကြောင်း အထောက်အထား သို့မဟုတ် ကုမ္ပဏီ၏လွန်ခဲ့သောသုံးနှစ်အတွက် စာရင်းစစ်ဆေးပြီး လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

၅၆။ ပြည်ပရှိ စီးပွားရေးလုပ်ငန်းများသို့ ဝန်ဆောင်မှုပေးသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ -

(က) မတည်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများ၊ တစ်စိတ်တစ်ပိုင်း တပ်ဆင်ပြီးပစ္စည်းများ၊ အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက် အချောထည်ပစ္စည်းများပါဝင်သော ကုန်ကြမ်း ပစ္စည်းများအား ပြည်ပစီးပွားရေးလုပ်ငန်းများမှ အခမဲ့ ထောက်ပံ့ပေးရမည်။

(ခ) စီးပွားရေးလုပ်ငန်းများ တည်ထောင်ရန်အတွက် မတည်ပစ္စည်းများကို ချေးငွေစနစ် သို့မဟုတ် ငှားရမ်းခြင်းစနစ်ဖြင့် လုပ်ဆောင်နိုင်သည်။

(ဂ) ပြည်ပစီးပွားရေးလုပ်ငန်းရှင်သည် ကုန်ချောပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် အကောက်ခွန် မပေးဆောင်မီ ထိန်းသိမ်းထားနိုင်သည့် သိုလှောင်ရုံ (Bonded Warehouse) သို့ လွှဲပြောင်းပေးပို့ခြင်းများကို လိုအပ်ချက်နှင့်အညီ ညွှန်ကြား ဆောင်ရွက်နိုင်သည်။

(ဃ) စီးပွားရေးလုပ်ငန်းသည် ပြည်ပ အဖွဲ့အစည်းများထံမှ ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးခြင်းအတွက် ရရှိငွေများကို လဲလှယ်နိုင်သော နိုင်ငံခြားငွေဖြင့် တိုက်ရိုက် လက်ခံခွင့်ရှိသည်။

(င) ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကိုယ်ပိုင်စာရင်း၊ သီးခြား စာရင်းများထားရှိ၍ ဆောင်ရွက်ရမည်။

၅၇။ ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်ရရှိရန် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) ကင်းလွတ်ဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ငန်း သို့မဟုတ်ကုန်ထုတ်သည့်ကင်းလွတ်ဇုန် လုပ်ငန်းသည် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပြည်ပ နိုင်ငံများသို့ တင်ပို့ရမည်။ ယင်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေပမာဏသည် **အမေရိကန် ဒေါ်လာ ၇၅၀,၀၀၀** နှင့် ညီမျှရမည်။

(ခ) အထောက်အကူပြု ကင်းလွတ်ဇုန်လုပ်ငန်းသည် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများသို့ တင်ပို့မည့် စီးပွားရေးလုပ်ငန်း အား ထောက်ပံ့ရမည်။ ယင်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၃၀၀,၀၀၀** နှင့် ညီမျှရမည်။

(ဂ) ကင်းလွတ်ဇုန်အတွင်း ကုန်သွယ်မှုလုပ်ငန်းနှင့် ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းများ အပါအဝင် ပို့ကုန်နှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၅၀၀,၀၀၀** နှင့် ညီမျှရမည်။

(ဃ) ကင်းလွတ်ဇုန်အတွင်းရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြခန်း၏ အနည်းဆုံးထည့်ဝင် ရင်းနှီးငွေ ပမာဏသည် **အမေရိကန်** ဒေါ်လာ ၁၀,၀၀၀,၀၀၀ နှင့် ညီမျှရမည်။

(င) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၃၀၀,၀၀၀** နှင့်ညီမျှရမည်။

(စ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ဝန်ဆောင်မှု လုပ်ငန်းများ၏အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၃၀၀,၀၀၀**နှင့် ညီမျှရမည်။

(ဆ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း ဆောင်ရွက်သည့် ကုန်တိုက်များ၊ ကွန်ဒိုများ၊ လူနေအိမ်ရာများ တည်ဆောက်ခြင်း အစရှိသည်တို့အပါအဝင် အိမ်ခြံမြေလုပ်ငန်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၅,၀၀၀,၀၀၀**နှင့် ညီမျှရမည်။

(ဇ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် ရင်းနှီးမြှုပ်နှံသည့် ဟိုတယ်လုပ်ငန်းသည် အနည်းဆုံး ကြယ်သုံးပွင့်အဆင့် ရှိရမည်။

(ဈ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လေ့ကျင့်ရေးကျောင်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများနှင့် စာသင်ကျောင်းများ တည်ထောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေပမာဏသည် **အမေရိကန်ဒေါ်လာ ၂,၀၀၀,၀၀၀**နှင့် ညီမျှရမည်။

(ည) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ဆေးရုံများသည် အနည်းဆုံးကုတင် **၁၀၀**ပါရှိရမည်ဖြစ်ပြီး ခေတ်မီ ဆေးဝါးကုသခြင်း၊ အဆင့်မြင့် စမ်းသပ်စက်နှင့် ကိရိယာများ၊ ဓာတ်ခွဲခန်းများ၊ ခွဲစိတ်ခန်းများပါဝင်ရမည်။

(ဋ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လိုပါက စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်ရယူရမည်။

(ဌ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်လိုပါက အနည်းဆုံးမြေဧရိယာ ဟက်တာ ၁၀၀ ရှိရမည်။

(ဍ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် သစ်တောထွက် ကုန်ပစ္စည်းလုပ်ငန်းများ လုပ်ကိုင်လိုပါက သစ်တောစိုက်ခင်း ထူထောင်လုပ်ကိုင်နိုင်ရန် အနည်းဆုံး မြေဧရိယာ ဟက်တာ ၅၀၀ ရှိရမည်။

(ဎ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော ထုတ်ကုန်ပစ္စည်းလုပ်ငန်းများ လုပ်ကိုင်လိုပါက သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ဆောင်ရမည်။

၅၈။ သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် နည်းဥပဒေ ၅၇ တွင် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များမှအပ အခြားလိုအပ်ချက်များသတ်မှတ်လိုပါက ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းသတ်မှတ်ရမည်။ ရင်းနှီးမြှုပ်နှံသူက နိုင်ငံတကာ ထုံးစံနှင့်အညီ လိုက်နာရမည့် ကုန်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း

ဆိုင်ရာ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၁၁(စ) အရ ထုတ်ပြန် သတ်မှတ် နိုင်သည်။

၅၉။ ကင်းလွတ်ဇုန်ရှိ စီးပွားရေး လုပ်ငန်းများသည် ဘဏ္ဍာနှစ် ကုန်ဆုံးသည့်အခါတိုင်း ယင်းတို့ ခန့်အပ်ထားသော စာရင်းစစ် အတည်ပြုထားသည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပို့ကုန် ရောင်းချမှု၊ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းများကို နည်းဥပဒေ ၅၇ နည်းဥပဒေခွဲ (က)၊ (ခ) တို့နှင့် ညီ မညီ စိစစ်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီသို့ နှစ်စဉ်တင်ပြရမည်။

၆၀။ အကယ်၍ အဆိုပါစီးပွားရေးလုပ်ငန်းသည် မည်သည့်ဘဏ္ဍာနှစ်တွင်မဆို နည်းဥပဒေ ၅၉ပါအတိုင်း တင်ပြရန်ပျက်ကွက်ပါက အဆိုပါဘဏ္ဍာနှစ်အတွက် ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ခံစားခွင့်မရှိစေရ။

၆၁။ ရင်းနှီးမြှုပ်နှံသူသည် ကင်းလွတ်ဇုန်လုပ်ငန်းကို လုပ်ငန်းမြှင့်တင်ရေးဇုန် စီးပွားရေးလုပ်ငန်း အဖြစ် ပြောင်းလဲလိုသည့်အခါ ယင်းဘဏ္ဍာနှစ်မကုန်ဆုံးမီ အနည်းဆုံး ရက်သတ္တပတ်လေးပတ် ကြိုတင်၍ စီမံခန့်ခွဲမှုကော်မတီသို့လျှောက်ထားရမည်။

## အခန်း (၁၁)
## စီးပွားရေးလုပ်ငန်းများတည်ထောင်ရန်လုပ်ထုံးလုပ်နည်းများ

၆၂။ စီမံခန့်ခွဲမှုကော်မတီသည် နည်းဥပဒေ ၅၅ နှင့် ကိုက်ညီပါက ကုန်ကြမ်းမှ ကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်းနှင့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစား ပြောင်းလဲခြင်းအစရှိသော အဆိုပြုလွှာများကိုခွင့်ပြုနိုင်သည်။

၆၃။ စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးမြှုပ်နှံသူက စီးပွားရေးလုပ်ငန်းကို လွှဲပြောင်းလိုကြောင်း တင်ပြလာပါက လွှဲပြောင်းလက်ခံယူလိုသူမှနေ၍ လွှဲပြောင်းမည့် ရင်းနှီးမြှုပ်နှံမှု စီးပွားရေး လုပ်ငန်း၏ မတည်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ပေးရန်တာဝန်များကို ဆက်လက်ထိန်းသိမ်းပြီး လုပ်ကိုင်နိုင်စွမ်းပေါ် မူတည်၍ ခွင့်ပြုနိုင်သည်။

၆၄။ နည်းဥပဒေ ၅၀ အရ ခွင့်ပြုမိန့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ကင်းလွတ်ဇုန်အတွင်း တွင်ဖြစ်စေ၊ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင်ဖြစ်စေ၊ အခြားဇုန်အတွင်းတွင်ဖြစ်စေ၊ ဇုန်နှစ်ခုလုံး အတွင်းတွင်ဖြစ်စေ စီမံခန့်ခွဲမှုကော်မတီ၏ခွင့်ပြုချက်ဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင် သည်။

၆၅။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ရရှိထားသော စီးပွားရေးလုပ်ငန်းကို တစ်နှစ်အတွင်း မဖြစ်မနေ စတင်ရမည်ဖြစ်ပြီး စီးပွားဖြစ်စတင်လည်ပတ်မည့်ရက် သို့မဟုတ် ကုန်ပစ္စည်းများ စတင်ထုတ်လုပ်မည့်ရက်ကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရမည်။

၆၆။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုထားသည့်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်း မစတင်နိုင်ပါက ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ထက်မနည်း ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန်

စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရမည်။ စီမံခန့်ခွဲမှုကော်မတီသည် အဆိုပါတင်ပြချက်အပေါ် အကြောင်းပြချက် ခိုင်လုံသည်ဟုယူဆပါက နှစ်နှစ်ထက် မပိုသောကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၆၇။ အထက်ပါနည်းဥပဒေ ၆၅ နှင့် ၆၆ ပါခွင့်ပြုကာလအတွင်း ကုန်ထုတ်လုပ်ခြင်း ဝန်ဆောင်မှုပေးခြင်းများ စတင်ဆောင်ရွက်ခြင်း မပြုပါက ယင်းသက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ အခွင့်ရလုပ်ငန်းဆောင်ရွက်မှုကာလ ကုန်ဆုံးသည်ဟု မှတ်ယူရမည်။ နည်းဥပဒေ ၆၅နှင့် ၆၆ ပါ ခွင့်ပြုကာလအတွင်း စတင်ဆောင်ရွက်မည်ဆိုပါက အဆိုပါစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် ကာလတစ်လျှောက်လုံးအတွက် ခွင့်ပြုမိန့်ရရှိနိုင်သည်။

၆၈။ ရင်းနှီးမြှုပ်နှံသူသည် ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန် နှစ်ခုတွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်ပါက သီးခြားငွေစာရင်းဖွင့်လှစ်ထား ရှိရမည်။

## အခန်း (၁၂)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်

၆၉။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အခြားရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများသည် အထူးစီးပွားရေးဇုန်အတွင်းသို့ လက်ရှိစီးပွားရေးလုပ်ငန်းကို ပြောင်းရွှေ့ဆောင်ရွက်ပါက ဥပဒေအရခွင့်ပြုထားသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို သတ်မှတ်ကာလအတိုင်း ခံစားပြီးဖြစ်လျှင် အထူးစီးပွားရေးဇုန်ဥပဒေအရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ထပ်မံခံစားခွင့်မရှိစေရ။ အကယ်၍ အထူးစီးပွားရေးဇုန်ဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလသည်အခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ယခင်ကခံစားခဲ့သောကာလထက် ပိုမိုပါက မိမိခံစားပြီးခဲ့သည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကို နုတ်ယူ၍ ကျန်ရှိသည့်ကာလအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။

၇၀။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားရင်းနှီးမြှုပ်နှံမှုဥပဒေများအရ လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူသည် အဆိုပါခွင့်ပြုထားသည့်စီးပွားရေးလုပ်ငန်းနှင့် အမျိုးအစားတူလုပ်ငန်းကိုဖြစ်စေ၊ အမျိုးအစားမတူသောလုပ်ငန်းကိုဖြစ်စေ လုပ်ငန်းပြောင်းရွှေ့ခြင်းမဟုတ်ဘဲ အထူးစီးပွားရေးဇုန်အတွင်း ထပ်မံတိုးချဲ့ဆောင်ရွက်ပါက အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ရှိသည်။

၇၁။ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ဆောက်သူတို့သည် ပြည်တွင်းအကောက်ခွန် နယ်မြေမှ တင်သွင်းသော ကုန်ပစ္စည်းများ၏ တိကျသောအရေအတွက်နှင့် တန်ဖိုးပါရှိသည့် တစ်နှစ်တာစာရင်းဇယားများကို ပြုစုထားရမည်။ အဆိုပါစာရင်းဇယားများတွင် ပြည်တွင်း အကောက်ခွန်

နယ်မြေမှ တင်သွင်းခဲ့သည့် ကုန်စည်များ၏ပမာဏနှင့်တန်ဘိုး၊ ယင်းပစ္စည်းများကို အသုံးပြုပြီးသည့် ပမာဏနှင့်တန်ဘိုး၊ ကုန်ပစ္စည်း ထုတ်လုပ်မှု၊ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်း၊ အပိုင်းအစ၊ အကြွင်းအကျန်များ ထွက်ရှိမှု၊ ထုတ်လုပ်ပြီး ပစ္စည်းများကို ပြည်ပသို့တင်ပို့ခဲ့သည့် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန် သို့မဟုတ် ပြည်တွင်းအကောက်ခွန်နယ်မြေသို့ ပေးပို့ရောင်းချခဲ့သည့် ပမာဏနှင့် ကုန်ပစ္စည်းလက်ကျန်ပမာဏစသည့် စာရင်းများပါဝင်စေရမည်။

၇၂။ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ဆောက်သူတို့သည် နည်းဥပဒေ ၇၁ ပါ စာရင်းဇယားများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်မှစ၍ ခုနစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၇၃။ ကုန်သွယ်ရေးလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူသည် ထိုစီးပွားရေးလုပ်ငန်းများအတွက် သီးခြားမှတ်တမ်း ထားရှိရမည်။

၇၄။ ရင်းနှီးမြှုပ်နှံသူသည် သုံးလပတ်စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို **ပုံစံ(ဆ)**ဖြင့် စီမံခန့်ခွဲမှုကော်မတီထံ တင်ပြရမည်။

၇၅။ ရင်းနှီးတည်ဆောက်သူသည်ပြည်တွင်းအကောက်ခွန် နယ်မြေမှကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ တင်သွင်းခြင်း၊ လက်ကျန်ပစ္စည်း အသုံးပြုခြင်းဆိုင်ရာအစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် **ပုံစံ(ဃ)** ဖြင့် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံ အကောက်ခွန် အရာရှိထံ တင်ပြရမည်။

၇၆။ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ လုပ်ငန်းရှင်များ သို့မဟုတ် ပြည်တွင်း အကောက်ခွန် နယ်မြေအတွင်းရှိ အခြား အထောက်အကူပြု စီးပွားရေးလုပ်ငန်းများအနေဖြင့် ယင်းတို့တင်သွင်းထားသည့် ကုန်ကြမ်းပစ္စည်းကို အသုံးပြု၍ ထုတ်လုပ်ထားသော ကုန်ချောပစ္စည်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကုန်ချောပစ္စည်းများကို ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းများ သို့မဟုတ် ရင်းနှီးတည်ဆောက်သူထံသို့ တင်ပို့ရာတွင် သို့မဟုတ် ရောင်းချရာတွင် ပြန်လျှော့ အကောက်ခွန် ဆောင်ရွက်ထားသည့် ပို့ကုန်ကြေညာလွှာ မိတ္တူသုံးစောင်နှင့်အတူ သက်ဆိုင်ရာ တာဝန်ခံ အကောက်ခွန်အရာရှိ၏ ခွင့်ပြုထောက်ခံချက်ပူးတွဲတင်ပြရမည်။ ပြည်ပမှ တင်သွင်းသည့် သွင်းကုန် ကုန်ကြမ်းများအတွက် သွင်းကုန်ခွန်အား ပြန်လျှော့အကောက်ခွန် အပေါ်တွင် ခုနှိမ်ပြီး ကျန်ရှိသည့်သွင်းကုန်ခွန်အား ပေးချေရမည်။

၇၇။ ရင်းနှီးတည်ဆောက်သူများ သို့မဟုတ် ကင်းလွတ်ဇုန် အတွင်းရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် အကောက်ခွန်နှင့် အခြားအခွန်အခ ကင်းလွတ်ခွင့် သို့မဟုတ် ပြန်လည်ရွေးနုတ်ခွင့် ပြန်လျှော့အကောက်ခွန်ခံစား၍ တင်သွင်းထားသော ကုန်ပစ္စည်းများကို ယင်းတို့၏လုပ်ငန်းများတွင် အသုံးမပြုပါက ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်ကို ပြန်လည် ပေးသွင်းရမည်။

## အခန်း(၁၃)
## အငြင်းပွားမှုဖြေရှင်းခြင်း

၇၈။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူ တစ်ဦးဦး သို့မဟုတ် ရင်းနှီးတည်ဆောက်သူနှင့် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်ရပ်အကြားဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူ အချင်းချင်းကြားဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ အချင်းချင်းကြားဖြစ်စေ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာဖြေရှင်း ဆောင်ရွက်ရမည်။

၇၉။ နည်းဥပဒေ ၇၈ အရဖြေရှင်းသော်လည်း ပြေလည်မှု မရရှိပါက-

(က) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၈၀။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတို့သည် ယင်းတို့အချင်းချင်း အငြင်းပွားမှု ပေါ်ပေါက်သည့်အခါ ဖြစ်စဉ်အကြောင်းအရာကို ဖော်ပြလျက် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ သတင်းပို့ တင်ပြရမည်။

၈၁။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတို့သည် အငြင်းပွားမှု ဖြေရှင်းရာတွင် လိုအပ်ပါက စီမံခန့်ခွဲမှုကော်မတီက ထုတ်ပေးထားသည့် စာရွက်စာတမ်း အထောက်အထားများကို သက်သေအဖြစ် တင်သွင်းနိုင်သည်။ စီမံခန့်ခွဲမှုကော်မတီနှင့် ပတ်သက်သည့် အခြားအထောက် အထားများလိုအပ်ပါက စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြလျှောက်ထား တောင်းခံခွင့်ရှိသည်။

၈၂။ စီမံခန့်ခွဲမှုကော်မတီရုံးမှ ဝန်ထမ်းတစ်ဦးဦးအား တရားရုံးတွင် သက်သေအဖြစ် လိုက်ပါ ဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်လာပါက ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီး မြှုပ်နှံသူတို့သည် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

## အခန်း(၁၄)

## အခွန်အကောက်နှင့် သက်ဆိုင်သောစည်းမျဉ်းစည်းကမ်းများ

၈၃။ ကင်းလွတ်ခွင့် ကုန်ဆုံးသည့်အချိန်မှစ၍ ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် တန်ဖိုးဖြည့် အခွန်ကို လစဉ်လဆန်း ၁၀ ရက်နေ့မတိုင်မီ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်။

၈၄။ ပြည်ပနေ နိုင်ငံခြားသားတစ်ဦးသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဖွဲ့စည်းထားခြင်း မရှိသော်လည်း အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုနှင့် တီထွင်မှု ပိုင်ဆိုင်ခွင့် ရရှိထားလျှင်-

(က) စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူက နိုင်ငံခြားသားသို့ ငွေပေးချေသည့်အခါ ငွေပေးချေသူက ငွေလက်ခံရရှိသူထံသို့ လွှဲပြောင်းသည့် ငွေအပေါ် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်ကို နုတ်ပယ်၍ တည်ဆဲဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ထားသော နှုန်းထားဖြင့် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှု ပေးသည့်ဌာနရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ငွေလက်ခံရရှိသူ၏ အမည်ဖြင့်ပေးသွင်းရမည်။

(ခ) အထက်ဖော်ပြပါ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန်သည် အပြီးသတ် စည်းကြပ်မှု ဖြစ်သည်။

(ဂ) စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူက နိုင်ငံခြားသားသို့ ငွေပေးချေသည့်အခါ ငွေပေးချေသူက ငွေလက်ခံရရှိသူထံမှ ပင်ရင်းမှနုတ်ယူပေးသွင်း သည့်အခွန်ကို ဗ္ဗားရမ်းခငွေသို့မဟုတ်အခြားအလားတူ ဝင်ငွေများမှ နုတ်ပယ်၍ တည်ဆဲဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ထားသောနှုန်းထားဖြင့် သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ငွေလက်ခံရရှိသူ၏ အမည်ဖြင့် ပေးသွင်းရမည်။

၈၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းများသည် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင် သော နိုင်ငံခြားသားအရာရှိများ၊ မန်နေဂျာများ၊ ဝန်ထမ်းများ၊ အလုပ်သမားများ၏ လစာနှင့် အခြား ဝင်ငွေများမှ ကျသင့်ဝင်ငွေခွန်ကို နုတ်ယူပြီး သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တည်ဆဲဝင်ငွေခွန် ဥပဒေအရ သတ်မှတ်ထားသောနှုန်းဖြင့်ဗဟိုအဖွဲ့မှ ခွင့်ပြုသည့် ငွေကြေးအမျိုးအစားဖြင့် ပေးသွင်း ရမည်။ လစဉ်နုတ်ယူသော ဝင်ငွေခွန်စာရင်းကို နုတ်ယူပြီး ခုနစ်ရက်အတွင်း တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ တင်ပြရမည်။ နှစ်စဉ် လစာနှစ်ချုပ် စာရင်းများကို ဘဏ္ဍာနှစ်ကုန်ခံုးပြီး သုံးလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများအတွင်း တင်ပြရမည်။

၈၆။ လစာမှအပပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်ကို ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ပေးသွင်းရမည်။

၈၇။ အထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၄၉ အရ သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အရာရှိသည် အခွင့်ရ လုပ်ငန်း ဆောင်ရွက်မှုအပေါ်မှရရှိသော အမြတ်ငွေ၏ ဝင်ငွေခွန်ကို ထမ်းဆောင်ပြီးကြောင်း ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့က တင်ပြလာပါက စိစစ်ပြီး ယင်းတို့ရရှိသော အစုရှယ်ယာမှ အမြတ်ဝေစုများအပေါ်တွင် အခွန်ကင်းလွတ်ရန် လျှောက်ထားချက်ကို လက်ခံနိုင်သည်။

၈၈။ အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း တစ်ခုခုကသော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူကသော်လည်းကောင်း အရှုံးများပေါ်ပေါက်သည့်အခါ တရားဝင် ငွေစာရင်းကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တစ်ဦးမှ မှန်ကန်ကြောင်း ထောက်ခံပေးလျှင် ထိုအရှုံးများကို ဝင်ငွေထဲမှ ဘဏ္ဍာနှစ် တစ်ဆက်တည်းငါးနှစ်အထိ သယ်ယူခုနှိမ်သွားနိုင်သည်။

၈၉။ ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းတွင် ကျွမ်းကျင်ပြီး လုပ်သားများ၊ ကျွမ်းကျင်မှုမရှိသေးသောလုပ်သားများ၊ အုပ်ချုပ်ရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာ သင်တန်းများကို ပြုလုပ်ပေးပါက ကုန်ကျစရိတ်ကို အထူးစီးပွားရေးဇုန် ဥပဒေ ပုဒ်မ ၅၂ အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေထဲမှနုတ်ခွင့်ရှိသည်။ သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ ပြည်တွင်းအခွန်များဦးစီးဌာန အခွန်အရာရှိထံသို့ ထိုသင်တန်းများအတွက် ကုန်ကျစရိတ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သက်သေအထောက်အထားအဖြစ် တင်ပြရမည်။

## အခန်း (၁၅)

## ဘဏ်နှင့်အာမခံ

၉၀။ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန်အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ မြန်မာကျပ်ငွေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပါက နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ဘဏ် (Authorized Dealer Bank) တွင် ကျပ်ငွေစာရင်း ဖွင့်လှစ်ခွင့်ရှိသည်။

၉၁။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတို့သည် ငွေလုံးငွေရင်းနှင့် အမြတ်ငွေတို့ကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေနှင့် စည်းမျဉ်းများအရ လွှဲပို့နိုင်သည်။

၉၂။ နိုင်ငံသားပိုင် အာမခံကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင်အာမခံကုမ္ပဏီများ သို့မဟုတ် နိုင်ငံခြားသားနှင့် နိုင်ငံသားဖက်စပ်ဆောင်ရွက်သည့် အာမခံကုမ္ပဏီများသည် လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း မိမိ၏ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများကိုဖွင့်နိုင်သည်။ ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်ဟူ၍ မကန့်သတ်ထားပါက အခြားစီးပွားရေး လုပ်ငန်းအနေဖြင့် ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများကို ဖွင့်နိုင်သည်။

၉၃။ အဆိုပါ ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများသည် မြန်မာနိုင်ငံ အာမခံလုပ်ငန်း ဥပဒေ၊ နည်းဥပဒေ၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူ၊ ရင်းနှီးတည်ဆောက်သူနှင့် အခြားဆက်စပ် စီးပွားရေး လုပ်ငန်းများအတွက် အာမခံရောင်းချပေးရမည်။

၉၄။ အထူးစီးပွားရေးဇုန်အတွင်းရှိ နိုင်ငံခြားအာမခံ ကုမ္ပဏီရုံးခွဲများသည် အထူးစီးပွားရေးဇုန် ပြင်ပ၌လည်း စာရင်းစစ်၊ ရှေ့နေ၊ စစ်ဆေးသူ၊ လျော်ကြေး တွက်ချက်ညှိနှိုင်းသူများ ခန့်အပ်ထား နိုင်သည်။

၉၅။ အထူးစီးပွားရေးဇုန်အတွင်း ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများကို ဖွင့်လှစ် လိုသော အာမခံကုမ္ပဏီများသည် မြန်မာနိုင်ငံအာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၉၆။ အထူးစီးပွားရေးဇုန်အတွင်း ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများ လုပ်ကိုင်ရန် ဖွင့်လှစ်လိုသော မြန်မာနိုင်ငံအာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ အရည်အချင်း သတ်မှတ်ချက် များနှင့် ကိုက်ညီသည့် အာမခံကုမ္ပဏီသည် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(င)ဖြင့် လျှောက်ထားရမည်။

## အခန်း(၁၆)

## ကင်းလွတ်ဇုန်အတွင်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့ ကုန်စည်စီးဆင်းမှု

၉၇။ အခွင့်ရလုပ်ငန်းဆောင်ရွက်မှုများအတွက် ပြည်တွင်းအကောက်ခွန်နယ်မြေမှ တင်သွင်းသော သို့မဟုတ် ဝယ်ယူသောကုန်ပစ္စည်းများကို ကင်းလွတ်ဇုန်အတွင်းသို့ တင်သွင်းရာတွင်-

(က) အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းနယ်မြေ ပရဝဏ် သို့မဟုတ် သတ်မှတ်ထားသောနေရာသို့ ယူဆောင်လာရမည်။ သို့ရာတွင် ရောင်းဝယ်မှုပေါ် မူတည်ပြီး စီးပွားရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းကို ထုတ်လုပ်ဆောင်ရွက်ရန် အတွက် တစ်ဆင့်ခံစီးပွားရေးလုပ်ငန်းဆောင်ရွက်ပေးသူထံ ပေးပို့ဆောင်ရွက်နိုင်သည်။

(ခ) အခွင့်ရလုပ်ငန်းဆောင်ရွက်မှုအတွက် အသုံးပြုရန်လိုအပ်ခြင်းမရှိသော ကုန်ပစ္စည်း များကို စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ကင်းလွတ်ဇုန်အတွင်းသို့

သယ်ယူခြင်းမပြုရ။ စီမံခန့်ခွဲမှု ကော်မတီက ခွင့်ပြုသည့်အခါ ခွင့်ပြုသည့် အကြောင်းရင်းကို မှတ်တမ်းတင်ထားရှိရမည်။

(ဂ) ကုန်ပစ္စည်းများကို တင်သွင်းခြင်းမပြုမီ စာရင်းပြုစု၍ စီမံခန့်ခွဲမှုကော်မတီသို့ မှတ်ပုံတင် စာရင်းရေးသွင်းရန် တင်ပြရမည်။

(ဃ) အန္တရာယ်ရှိသော ကုန်ပစ္စည်းများကို စီမံခန့်ခွဲမှုကော်မတီက အထူးသတ်မှတ်ထားသောနယ်မြေ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းအဆောက်အအုံအတွင်း တပ်ဆင် အသုံးပြုမည့်နေရာ၌သာ ထားရှိရမည်။

၉၈။ ကင်းလွတ်ဇုန်အတွင်းသို့ သယ်ဆောင်ခွင့်ပြုသော ကုန်ပစ္စည်းများ၊ ကင်းလွတ်ဇုန် အတွင်းမှ ထုတ်ယူခွင့်ပြုသော ကုန်ပစ္စည်းများနှင့်ပတ်သက်သော စာရွက်စာတမ်းများကို သက်ဆိုင်ရာ တာဝန်ကျအကောက်ခွန်အရာရှိထံသို့ တင်ပြရမည်။

၉၉။ ကင်းလွတ်ဇုန်လုပ်ငန်းအနေဖြင့် ပြည်တွင်းအကောက်ခွန်နယ်မြေမှ ဝယ်ယူ တင်သွင်းလာသော ကုန်ပစ္စည်းများကို နည်းဥပဒေ ၉၇ နှင့် ၉၈ ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၁၀၀။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ကင်းလွတ်ဇုန်အတွင်း သယ်ဆောင်ခွင့်ပြုသော ကုန်ပစ္စည်းများကို အခွင့်ရလုပ်ငန်းဆောင်ရွက်မှု လုပ်ကိုင်ရန်အတွက်သာ အသုံးပြုရမည်။ သို့ရာတွင် အဆိုပါရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူက ကုန်ပစ္စည်းများကို အခွင့်ရ လုပ်ငန်းဆောင်ရွက်မှုအတွက်မဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းများတွင် အသုံးပြုလျှင်ဖြစ်စေ၊ ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ပြည်တွင်းအသုံးပြုရန် ကုန်ပစ္စည်းများကို ရှင်းလင်းထုတ်ယူသကဲ့သို့ ကျသင့်ခွန်ကို ပေးဆောင်ရမည်။

၁၀၁။ ပြည်တွင်းအကောက်ခွန်နယ်မြေမှ တင်သွင်းသော သို့မဟုတ် ဝယ်ယူရရှိသော ကုန်ပစ္စည်းများကို ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းတွင် အသုံးပြုနိုင်ခြင်းမရှိပါက ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ကင်းလွတ်ဇုန်အတွင်းရှိအခြားသော စီးပွားရေးလုပ်ငန်းသို့ ယင်းကုန်ပစ္စည်းများကို အခွန်ပေးဆောင်ခြင်းမရှိဘဲ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်း အကောက်ခွန် နယ်မြေရှိ ဝယ်ယူသူက တင်ပြသော သွင်းကုန်ကြေညာလွှာပေါ် အခြေခံ၍ ကျသင့် အကောက်ခွန်နှင့် အခြားအခွန်အခများကိုပေးဆောင်ပြီး လိုအပ်သလို အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၀၂။ နည်းဥပဒေ ၁၀၀ နှင့် ၁၀၁ ပါ ပြဋ္ဌာန်းချက်များသည် ပြည်တွင်း အကောက်ခွန်နယ်မြေမှ အခွန်လွတ်တင်သွင်းသော သို့မဟုတ် ဝယ်ယူထားသော ကုန်ပစ္စည်းများပေါ်တွင်သာ အကျုံးဝင်သည်။

၁၀၃။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် ကုန်တင်ပို့ခြင်းနည်းလမ်းဖြင့်ဖြစ်စေ၊ ပြည်တွင်းအကောက်ခွန်နယ်မြေတွင် ရောင်းချခြင်း သို့မဟုတ် ထောက်ပံ့ခြင်းဖြင့် ဖြစ်စေ၊ အခြားကင်းလွတ်ဇုန်ရှိစီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်

လုပ်ငန်းသို့ လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ အခွန်လွတ်တင်သွင်းထားသည့် သို့မဟုတ် ဝယ်ယူထားသည့် ကုန်ပစ္စည်းများ အားလုံး၏ အရေအတွက်နှင့်လက်ကျန်ကို စာရင်းပြုစုထားရှိရမည်။

၁၀၄။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် အခွန်လွတ် တင်သွင်းသော သို့မဟုတ် ဝယ်ယူရရှိသော ကုန်စည်စီးဆင်းမှုစာရင်းအားလုံးတို့ကို ပုံမှန် ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာ တာဝန်ခံ အကောက်ခွန်အရာရှိမှ တရားဝင်စစ်ဆေးရန် တောင်းဆိုလျှင် တင်ပြရမည်။

၁၀၅။ ရင်းနှီးမြှုပ်နှံသူသည် ကင်းလွတ်ဇုန်လုပ်ငန်းသို့ သယ်ဆောင်ခွင့်ပြုထားသည့် ကုန်ပစ္စည်း များကို ကင်းလွတ်ဇုန်လုပ်ငန်း ခွင့်ပြုမိန့်ကာလအတွင်း သော်လည်းကောင်း၊ ရင်းနှီး တည်ဆောက်သူဖြစ်ပါက သုံးနှစ်အတွင်း သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီမှ တိုးမြှင့်ပေးသည့် ကာလ အတွင်းသော်လည်းကောင်း အသုံးပြုခြင်း၊ တင်ပို့ခြင်း၊ စွန့်ပစ်ခြင်း ပြုရမည်။

၁၀၆။ နည်းဥပဒေ ၁၀၅ တွင် ဖော်ပြထားသောကာလအတွင်း ကုန်ပစ္စည်းများအသုံးပြုရန်၊ တင်ပို့ရန် သို့မဟုတ် စွန့်ပစ်ရန် ပျက်ကွက်ပါက ခွင့်ပြုကာလကုန်ဆုံးသည့်နေ့၌ ပြည်တွင်း အကောက်ခွန်နယ်မြေသို့ ရွှေ့ပြောင်းသကဲ့သို့ ယူဆပြီး အဆိုပါကုန်ပစ္စည်းများအတွက် ကျသင့်ခွန် များကိုပေးဆောင်ရမည်။

၁၀၇။ စီမံခန့်ခွဲမှုကော်မတီသည် ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေး လုပ်ငန်းများကို ယင်းတို့၏ သဘောဆန္ဒအရ ကုန်ပစ္စည်းများအား အသုံးပြုရန်၊ ပြန်လည်တင်ပို့ရန် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၀၈။ ကင်းလွတ်ဇုန်အတွင်းသို့ သယ်ဆောင်ခွင့်ပြုသော အခွန်လွတ်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်ထားသော သို့မဟုတ် တစ်ပိုင်းတစ်စ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို ယင်းကင်းလွတ်ဇုန် သို့မဟုတ် အခြားကင်းလွတ်ဇုန်ရှိ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူထံဖြစ်စေ၊ ကင်းလွတ်ဇုန်လုပ်ငန်းထံဖြစ်စေ အောက်ဖော်ပြပါ အခြေအနေများနှင့် ညီညွတ်လျှင် အကောက်ခွန်ပေးဆောင်ရန်မလိုဘဲ လွှဲပြောင်းပေးခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုနိုင်သည်-

(က) လွှဲပြောင်းလက်ခံသည့် သို့မဟုတ် ငှားရမ်းလက်ခံသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ယင်း၏ အခွင့်ရလုပ်ငန်းအတွက် အခွန်လွတ်ပစ္စည်းများ လွှဲပြောင်းရယူခြင်း သို့မဟုတ် ဝယ်ယူခြင်းတို့ကို ပြုလုပ်ခွင့်ရှိသူ ဖြစ်ရမည်။

(ခ) လွှဲပြောင်းပေးအပ်ခြင်းနှင့် လက်ခံရယူခြင်းကို ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့သည် လွှဲပြောင်းသောပစ္စည်း သို့မဟုတ် ငှားရမ်း၍ ပေးအပ်သော သို့မဟုတ် ရယူသောကုန်ပစ္စည်းများ၏ စာရင်းကို ထိန်းသိမ်း ထားရှိရမည်။

(ဂ) ပြည်တွင်း အကောက်ခွန်နယ်မြေမှဝယ်ယူရရှိသော ကုန်ကြမ်းများမှလွဲ၍ လွှဲပြောင်းသော ကုန်ပစ္စည်းများကို လက်ခံရယူသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူမှ တင်သွင်းမှုဟု စာရင်းမှတ်သားပြီး ယင်းပစ္စည်းများ၏ တန်ဖိုးကို လွှဲပြောင်းပေးသူ၏ သွင်းကုန်စာရင်းမှနုတ်ယူရမည်။

(ဃ) အခြား အထူးစီးပွားရေးဇုန်တွင်းရှိ ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ရင်းနှီးတည်ဆောက်သူများ သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့ ကုန်ပစ္စည်းများ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းကို သက်ဆိုင်ရာတာဝန်ခံ အကောက်ခွန်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်နှင့် ချမှတ်ထားသောစည်းကမ်းများနှင့်အညီ ခွင့်ပြုရမည်။

၁၀၉။ ကင်းလွတ်ဇုန်ရှိ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် ပြည်တွင်း အကောက်ခွန်နယ်မြေမှ ဝယ်ယူရရှိထားသော မတည်ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများ သို့မဟုတ် အထူးစီးပွားရေးဇုန်အတွင်းရှိ အဆင့်မမီသော ကုန်ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများ သို့မဟုတ် ပစ္စည်းအကြွင်းအကျန်များ အပါအဝင် ရင်းနှီးမြှုပ်နှံသူက တင်သွင်းသော ကုန်ပစ္စည်းများ သို့မဟုတ် ထုတ်လုပ်သောပစ္စည်းများကို အကောက်ခွန် ပေးဆောင်ရန် မလိုအပ်ဘဲ သက်ဆိုင်ရာတာဝန်ခံအကောက်ခွန်အရာရှိထံ အနည်းဆုံးခုနစ်ရက် ကြိုတင်အသိပေးပြီး ဖျက်ဆီးနိုင်သည်။

၁၁၀။ အဆိုပါဖျက်ဆီးမှုအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများ ပြုလုပ်ရန် လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူက တာဝန်ယူရမည်။

၁၁၁။ နည်းဥပဒေ ၁၀၉ တွင် ဖော်ပြသော ကုန်ပစ္စည်းများ ဖျက်ဆီးခြင်းကို အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်ရန်မဖြစ်နိုင်ပါက သက်ဆိုင်ရာတာဝန်ခံ အကောက်ခွန်အရာရှိ၏ ခွင့်ပြုချက် ဖြင့် အထူးစီးပွားရေးဇုန်ပြင်ပတွင် တာဝန်ပေးအပ်ခြင်းခံရသော တာဝန်ကျ အကောက်ခွန် အရာရှိ ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။

၁၁၂။ ကုန်ပစ္စည်းများ ဖျက်ဆီးခြင်းကို တာဝန်ကျ အကောက်ခွန်အရာရှိ၏ ရှေ့မှောက်တွင် ဆောင်ရွက်နိုင်ခြင်းမရှိပါက တာဝန်ခံအကောက်ခွန်အရာရှိအနေဖြင့် ရင်းနှီးမြှုပ်နှံသူအား ထိုသို့ကုန်ပစ္စည်းများဖျက်ဆီးပြီးကြောင်း သက်သေပြရန် အခြားသောနည်းလမ်းဖြင့် ဆောင်ရွက်စေရမည်။

၁၁၃။ တန်ဖိုးကြီးမားသော သို့မဟုတ် တစ်စိတ်တစ်ပိုင်း အဖိုးတန်သော ကျောက်မျက်ရတနာများနှင့် သတ္တုများကို ဖျက်ဆီးခြင်းမပြုရ။

၁၁၄။ အကယ်၍ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် အောက်ပါအချက်အလက်များနှင့်ညီညွတ်လျှင် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနရှိ တာဝန်ခံအကောက်ခွန်အရာရှိ၏ မည်သည့်ထပ်မံခွင့်ပြုချက်ကိုမျှ မလိုအပ်ဘဲ ယင်း၏ စီးပွားရေးလုပ်ငန်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် မည်သည့်ထုတ်လုပ်မှု လုပ်ငန်းစဉ်ကိုမဆို ပြည်တွင်းအကောက်ခွန်နယ်မြေရှိလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်အတွင်းရှိ

စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့ လုပ်ငန်းလွှဲပြောင်းလုပ်ကိုင်နိုင်ရန်နှစ်ချုပ်စာရင်းကို အခြေခံ၍ တစ်ဆင့်ခံ စာချုပ် ချုပ်ဆိုနိုင်သည်-

(က) ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သောကုန်ချောပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးစီးသော ကုန်ပစ္စည်းများကိုတစ်ဆင့်ခံ စာချုပ်ချုပ်ဆို၍ ကင်းလွတ်ဇုန် ပြင်ပသို့ထုတ်ယူပြီး ရက်ပေါင်း ၁၂၀ အတွင်းသို့မဟုတ် သက်ဆိုင်ရာတာဝန်ခံ အကောက်ခွန်အရာရှိက တိုးမြှင့်ပေးသောကာလအတွင်း ပြန်လည်ယူဆောင်လာရမည် ဖြစ်ပြီး ခွင့်ပြုချက်ကာလ တိုးမြှင့်ပေးရသော အကြောင်းရင်းကို မှတ်တမ်းထားရှိရမည်။

(ခ) သက်ဆိုင်ရာ တာဝန်ခံအကောက်ခွန်အရာရှိ၏ ခွင့်ပြုချက်ဖြင့်ပုံစံခွက်များ၊ ကိရိယာ တန်ဆာပလာများ၊ စက်ပစ္စည်းများ၊ ချိတ်ဆွဲအသုံးအဆောင်ပစ္စည်းများ၊ ရေးဆွဲထားသော ပုံစံကားချပ်များကို တစ်ဆင့်ခံတာဝန်ယူထားသော လုပ်ငန်းရှင်ထံသို့ ရွှေ့ပြောင်းနိုင်ပြီးတစ်ဆင့်ခံစာချုပ် ကုန်ဆုံးသည့်နေ့မတိုင်မီ မိမိစီးပွားရေး လုပ်ငန်းအတွင်းသို့ ပြန်လည်ယူဆောင်လာရမည်။

(ဂ) စက်သုံးဆီမှအပကုန်ကြမ်းပစ္စည်းများ၊ အစိတ်အပိုင်းများနှင့် အခြားသုံးကုန်ပစ္စည်းများကို တစ်ပါတည်းဖြစ်စေသို့မဟုတ် သီးခြားစီဖြစ်စေ ပေးပို့နိုင်သည်။

၁၁၅။ ကုန်သွယ်မှု သို့မဟုတ် ကုန်လှောင်ရုံ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသော လုပ်ငန်းများသည် ပြည်တွင်းအကောက်ခွန်နယ်မြေအတွင်း ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်ကို တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်းမပြုရ။

၁၁၆။ တစ်ဆင့်ခံစာချုပ် သဘောတူညီချက်အရ ပစ္စည်းစာရင်းများကို ဖော်ပြသည့် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းဝင်ရောက်ခြင်းနှင့် ထုတ်ပေးခြင်းစာရင်းများကို အခြေခံ၍ ကုန်ပစ္စည်းများစီးဆင်းမှုနှင့် ကုန်ပစ္စည်းတစ်ခုခြင်းစီ ထုတ်လုပ်မှုအတွက် အသုံးပြုမည့် ပစ္စည်းအရေအတွက်နှင့် တန်ဖိုးတို့ကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် ပုံစံအတိုင်း မှတ်တမ်းထားရှိ ရမည်။

၁၁၇။ စီမံခန့်ခွဲမှုကော်မတီသည် ထုတ်လုပ်မှုလုပ်ငန်း တစ်စိတ်တစ်ပိုင်း၏ တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပြည်ပတွင် ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။ ယင်းကဲ့သို့ခွင့်ပြုချက်အရ ကုန်ပစ္စည်းများကို တစ်ဆင့်ခံတာဝန်ယူဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းနယ်မြေအတွင်းမှ ပြည်ပသို့ တင်ပို့သည့်အခါ -

(က) တစ်ဆင့်ခံ တာဝန်ယူဆောင်ရွက်ခြင်း စီးပွားရေး လုပ်ငန်း၏ကုန်ကျစရိတ်များကို ထုတ်ကုန်ကြေညာလွှာများ၊ ကုန်တန်ဖိုးစာရင်းများနှင့် အခြား သက်ဆိုင်သော စာရွက် စာတမ်းများတွင် ထည့်သွင်း ကြေညာရမည်။

(ခ) ပို့ကုန်မှရရှိသောအကျိုးအမြတ်များကို မူလထုတ်လုပ်မှုလုပ်ငန်းအတွက် အပြည့်အဝ ပြန်လည် ပေးပို့ရမည်။

၁၁၈။ ရင်းနှီးမြှုပ်နှံသူ၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ယင်း၏ကိုယ်စား စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသူသည် အခွင့်ရလုပ်ငန်းဆောင်ရွက်မှုများအတွက် ဝယ်ယူထားသော သို့မဟုတ် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းထားသော ကုန်ပစ္စည်းများကို ပြည်တွင်းအကောက်ခွန် နယ်မြေသို့ ဖြစ်စေ၊ ယင်းကင်းလွတ်ဇုန်အတွင်း သို့မဟုတ် အခြားကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့ဖြစ်စေ တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းစဉ်ဆောင်ရွက်ရန် စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် သို့မဟုတ် ယင်းကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် ယာယီရွှေ့ပြောင်းနိုင်သည်။

၁၁၉။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းသည် ထပ်မံတိုးမြှင့် ပြုပြင်ရန်လိုအပ်သော ကုန်ချောပစ္စည်းများ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများကို တစ်ဆင့်ခံ လွှဲပြောင်းလုပ်ကိုင်သူထံ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုအတွက် လွှဲပြောင်းလုပ်ကိုင်ရန် သယ်ယူနိုင်သည်။

၁၂၀။ ထုတ်လုပ်မှုလုပ်ငန်း တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(က) ရင်းနှီးမြှုပ်နှံသူသည်လိုအပ်ပါက လုပ်ငန်းခွင့်ပြုမိန့်ကို လျှောက်ထားစဉ်က တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်း စာချုပ်ချုပ်ဆိုရန် ခွင့်ပြုချက် တောင်းခံရမည်ဖြစ်ပြီး ကနဦးလုပ်ငန်းခွင့်ပြုချက်အပေါ် မူတည်၍ သက်ဆိုင်ရာအထူးစီးပွားရေးဇုန်ရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်ဌာန၌ တာဝန်ထမ်းဆောင်နေသည့် တာဝန်ခံအကောက်ခွန် အရာရှိ၏စိစစ်မှုဖြင့် ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်း တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ခံ စာချုပ်ချုပ်ဆိုခြင်းအတွက် ခွင့်ပြုပေးနိုင်သည်။

(ခ) စီးပွားရေးလုပ်ငန်း ခွင့်ပြုသောအချိန်တွင် တစ်ဆင့်ခံစီးပွားရေးလုပ်ငန်းအတွက် ခွင့်ပြုချက် လျှောက်ထားခဲ့ခြင်းမရှိပါက သို့မဟုတ် ခွင့်ပြုချက်အသစ် လျှောက်ထားရန် လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူသည်တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ၏ အမည်၊ လိပ်စာ၊ ပြည်တွင်း အကောက်ခွန်နယ်မြေတွင်ဖြစ်ပါက တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ၏နေရာအတွင်း လုပ်ကိုင်မည့် စီးပွားရေး လုပ်ငန်းစဉ်များ၏ အသေးစိတ် အချက်အလက်များနှင့်ဖော်ပြပါစီးပွားရေး လုပ်ငန်းစဉ်များအတွက် စီးပွားရေးလုပ်ငန်းရှင်ကိုယ်တိုင် မှန်ကန်ကြောင်းဝန်ခံထားသည့် ကုန်ပစ္စည်း အဝင်အထွက် အသုံးပြုမှုဇယားတို့ကိုဖော်ပြ၍ လျှောက်ထားရမည်။

(ဂ) ဖော်ပြထားသော အသေးစိတ်အချက်အလက်များကို စစ်ဆေးပြီးနောက် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်ရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာန၌ တာဝန်ထမ်းဆောင်နေသောတာဝန်ခံ အကောက်ခွန် အရာရှိသည် မည်သည့် ထုတ်လုပ်မှု လုပ်ငန်းစဉ် သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်စိတ်တစ်ပိုင်းကို မဆို တစ်ဆင့်ခံ စာချုပ်ချုပ်ဆို၍ လုပ်ကိုင်နိုင်ရန်နှစ်အလိုက် ခွင့်ပြုနိုင်သည်။

(ဃ) တင်သွင်းထားသော သို့မဟုတ် ပြည်တွင်းတွင်ဝယ်ယူရရှိသော စက်သုံးဆီမှအပ ကုန်ကြမ်းပစ္စည်း၊ သုံးကုန်ပစ္စည်းနှင့် အစိတ်အပိုင်းပစ္စည်းကို ပြည်တွင်းအကောက်ခွန် နယ်မြေသို့ ရွှေ့ပြောင်းသောအခါ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းသည် တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် ထုတ်ယူသွားသော ပစ္စည်းများအတွက် ကျသင့်သောအခွန်နှင့်ညီမျှသည့်ဘဏ်အာမခံကို သက်ဆိုင်ရာ တာဝန်ခံအကောက်ခွန် အရာရှိထံ တင်ပြရမည်။ သို့ရာတွင် လွန်ခဲ့သည့် နှစ်နှစ် ကာလအတွင်း နာမည်ပျက် မရှိသည့် ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းသည် ဘဏ်အာမခံကို တင်ပြရန် မလိုအပ်စေရ။

(င) သက်ဆိုင်ရာတာဝန်ကျအကောက်ခွန်အရာရှိသည် တစ်ဆင့်ခံစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူထံမှ လက်ခံရယူသောပစ္စည်းများကို လက်ခံရရှိသည့်နောက်ပိုင်းတွင် အဆိုပါကုန်စည်များပေးပို့ခြင်းနှင့် လက်ခံရယူခြင်းတို့သေချာစေရန် တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ နယ်မြေအတွင်း သို့မဟုတ် ကင်းလွတ်ဇုန် ဝင်ပေါက်ဂိတ်တွင် ကုန်ပစ္စည်းများကို သင့်လျော်သလိုရွေးချယ်စစ်ဆေးနိုင်သည်။

(စ) ကင်းလွတ်ဇုန်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိသည် တစ်ဆင့်ခံ စာချုပ်ချုပ်ဆို လုပ်ဆောင်ပြီးနောက် သတ်မှတ်ဧရိယာသို့ ပြန်လည်ရောက်ရှိလာသော ကုန်ပစ္စည်း များ၏ကုန်အမှတ်တံဆိပ်၊ အမှတ်အသားများမှန်ကန်မှုရှိကြောင်း အတည်ပြု စစ်ဆေးရမည်။ ရင်းနှီးမြှုပ်နှံသူ၏ ယခင်ဆောင်ရွက်ချက် သို့မဟုတ် စုံစမ်း သိရှိရသော နောက်ကြောင်းရာဇဝင်အပေါ်အခြေခံ၍ တစ်ဆင့်ခံစာချုပ် ချုပ်ဆိုရန် အရေးကြီးကုန်စည်များ ထုတ်ယူရာတွင် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်အတွင်းရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာန၌ တာဝန်ထမ်းဆောင်နေသော တာဝန်ခံအကောက်ခွန် အရာရှိသည် လိုအပ်ပါက နမူနာပစ္စည်းများကို ရယူ သိမ်းဆည်းထားရမည်။

(ဆ) တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်းအတွက် ကုန်ပစ္စည်းများပေးပို့ပြီး အဆိုပါကုန်ပစ္စည်း ထုတ်ယူပြီးရက်ပေါင်း ၁၂၀ အတွင်းဖြစ်စေ၊ သက်ဆိုင်ရာအထူး စီးပွားရေးဇုန်ရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာန၌ တာဝန်ထမ်းဆောင်နေသော တာဝန်ခံ အကောက်ခွန်အရာရှိမှ တိုးမြှင့်ခွင့်ပြု

ထားသည့် ကာလအတွင်းဖြစ်စေ အဆိုပါကုန်ပစ္စည်းများကို ရင်းနှီးမြှုပ်နှံသူ ထံသို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး တိုးမြှင့် ခွင့်ပြုထားသည့် အကြောင်းရင်းကို မှတ်တမ်းပြုစုထားရမည်။

(ဇ) သတ်မှတ်အချိန် ကန့်သတ်ချက်အတွင်းတစ်ဆင့် ခံစာချုပ်ချုပ်ဆိုပြီး ကုန်စည်များအား ရင်းနှီးမြှုပ်နှံသူထံ ပြန်လည်ယူဆောင်ရန် ပျက်ကွက်ပါက အဆိုပါ ကုန်ပစ္စည်းများအပေါ်ကျသင့်ခွန်များကောက်ခံရန်တာဝန်ခံအကောက်ခွန်အရာရှိကဆောင်ရွက်ရမည်။

၁၂၁။ သက်ဆိုင်ရာ တာဝန်ခံအကောက်ခွန်အရာရှိသည် ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းမှ ကုန်ချောပစ္စည်းများကို တစ်ဆင့်ခံလုပ်ငန်းလုပ်ကိုင်သူ၏ နယ်မြေအတွင်းမှ ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းကို ခွင့်ပြုပေးနိုင်သည်။ ထိုသို့ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-

(က) တစ်ဆင့်ခံစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည်ကင်းလွတ်ဇုန် လုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်။

(ခ) တစ်ဆင့်ခံစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ နယ်မြေမှပြည်ပသို့ တင်ပို့မည့်ကုန်ချောပစ္စည်းများကိုတိုက်ရိုက်တင်ပို့ရမည်။ တတိယပုဂ္ဂိုလ်မှတစ်ဆင့် တင်ပို့ခြင်းမပြုရ။

(ဂ) မူလလွှဲပြောင်းစဉ် နမူနာကုန်စည်နှင့် ကိုက်ညီမှန်ကန်မှုရှိမရှိ တိုက်ဆိုင်စစ်ဆေးနိုင်ရန် တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ၏ နယ်မြေမှပြည်ပသို့ တင်ပို့မည့် ကုန်ချောပစ္စည်းများ၏ နမူနာကို ချိပ်တံဆိပ် ရိုက်နှိပ်ပြီး တာဝန်ခံ အကောက်ခွန်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) အခွန်ကင်းလွတ်ခွင့်ရ ကုန်စည်များအတွက်သဘင်္ော ကုန်တင်စာရင်းအားပြည်ပသို့ တင်ပို့မည့် ဆိပ်ကမ်းတွင်သာမန်တင်ပို့သည့်လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါစာရင်းတွင် ရင်းနှီးမြှုပ်နှံသူနှင့် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုသူတို့၏ အမည်ရေးသွင်းတင်ပြရမည်။

(င) တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏နယ်မြေမှ ပြည်ပတင်ပို့ရန် ကုန်ပစ္စည်းများကိုအကောက်ခွန်အရာရှိမှ စစ်ဆေးပြီးစည်းတံဆိပ်ရိုက်နှိပ်၍ထားသည့် တံဆိပ်အမှတ် တင်ပို့ခွင့်ရှိသည်။ တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းကိုပြည်ပတွင် ဆောင်ရွက်ပါက ကုန်ပစ္စည်းများကို မူရင်းစီးပွားရေးလုပ်ငန်းထံသို့ ပြန်လည် ပေးပို့ရမည် သို့မဟုတ် တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်နိုင်ငံ သို့မဟုတ် အခြားတတိယနိုင်ငံတွင် ရှိသော ဝယ်ယူသူများထံသို့ရောင်းချနိုင်သည်။

၁၂၂။ တစ်ဆင့်ခံစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ နယ်မြေအတွင်းရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ အပိုင်းအစများနှင့် အကြွင်းအကျန်များကို ရင်းနှီးမြှုပ်နှံသူထံ ပြန်လည်ပေးပို့နိုင်သည် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ကျသင့်အခွန်အခများ ပေးဆောင်၍ ရှင်းလင်းဆောင်ရွက်သကဲ့သို့ ယင်းဖော်ပြပါ အကြွင်းအကျန်၊ အပိုင်းအစ၊ စွန့်ပစ်ပစ္စည်းများ တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက အခွန်ပေးဆောင်၍ရှင်းလင်းနိုင်သည် သို့မဟုတ် တာဝန်ခံ အကောက်ခွန်အရာရှိ၏ စိစစ်မှုဖြင့် တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ နယ်မြေအတွင်းဖျက်ဆီးစွန့်ပစ်နိုင်သည်။ တစ်ဆင့်ခံစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူနယ်မြေသည် ပြည်ပတွင်တည်ရှိပါက စွန့်ပစ်ပစ္စည်းများ၊ အကြွင်းအကျန်များ၊ အပိုင်းအစများအား တစ်ဆင့်ခံစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူနယ်မြေမှ ရင်းနှီးမြှုပ်နှံသူထံသို့ ပြန်လည်ပေးပို့ခြင်းကိုဖြစ်စေ ပြည်ပတွင်စွန့်ပစ်၊ ဖျက်ဆီးခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။

၁၂၃။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းသည် အဆိုပါကင်းလွတ်ဇုန်ရှိ အခြားသော စီးပွားရေးလုပ်ငန်း၏ ထုတ်လုပ်မှု တစ်စိတ်တစ်ပိုင်း သို့မဟုတ် ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ခံ စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်သည်။ ဤသို့ဆောင်ရွက်သည့်အခါ မတည်ကုန်စည်ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံသူက ဝယ်ယူတင်သွင်းထားသည့် ကုန်ကြမ်းပစ္စည်းများကို အခြားသော ရင်းနှီးမြှုပ်နှံ သူထံသို့ အဆိုပါရင်းနှီးမြှုပ်နှံသူက အသုံးပြုရန် ရည်ရွယ်၍ ထုတ်လုပ်ခြင်း သို့မဟုတ် တပ်ဆင်ခြင်းပြုရန် အခြားရင်းနှီးမြှုပ်နှံသူထံ လွှဲပြောင်းပေးနိုင်သည်။

၁၂၄။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်သည် နည်းဥပဒေ ၁၂၀ ပါ ကင်းလွတ်ဇုန် လုပ်ငန်းတစ်ခု၏တစ်ဆင့်ခံ စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ပါအတိုင်း ပြည်တွင်း အကောက်ခွန် နယ်မြေတွင်ဖြစ်စေ၊ အခြားကင်းလွတ်ဇုန်တစ်ခုတွင် ဖြစ်စေ၊ ကင်းလွတ်ဇုန်လုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ တစ်ဆင့်ခံစာချုပ် ချုပ်ဆိုခြင်းအတွက် တူညီသော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ တစ်ဆင့်ခံ စီးပွားရေးလုပ်ငန်းအတွက် ပို့ဆောင်ပေးသည့် ကုန်ပစ္စည်းများအပေါ် ပေးဆောင်ရမည့်အကောက်ခွန်နှင့် ဆက်စပ်၍ ဘဏ်အာမခံတောင်းခံခြင်းကို စီးပွားရေးလုပ်ငန်း အပ်နှံခြင်းခံရသူက ကင်းလွတ်ဇုန်အတွင်းရှိ ကုန်ပစ္စည်းများအား ယာယီရွှေ့ပြောင်းမှုပြုလုပ်သည့်အခါမှသာ တောင်းခံရမည်။

၁၂၅။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် သက်ဆိုင်ရာ တာဝန်ခံအကောက်ခွန်အရာရှိထံမှ နှစ်စဉ်ခွင့်ပြုချက်ပေါ်အခြေခံ၍ ပြည်တွင်းအကောက်ခွန်နယ်မြေအတွင်း ပြည်ပပို့ကုန်ဆောင်ရွက်သူ၏ကိုယ်စားတစ်ဆင့်ခံစာချုပ် ချုပ်ဆိုခြင်းကို ဆောင်ရွက်လျှင်-

(က) တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီး ကုန်စည်များပါဝင်သည့် ကုန်ကြမ်းပစ္စည်းများနှင့် စက်သုံးဆီများပါဝင်သည့် သုံးကုန်ပစ္စည်းများကို ပြည်တွင်းအကောက်ခွန်နယ်မြေရှိ ပြည်ပပို့ကုန် ဆောင်ရွက်သူကထောက်ပံ့ပေးရမည်။

(ခ) ကုန်ချောပစ္စည်းများအား ပြည်ပသို့တိုက်ရိုက် တင်ပို့ခြင်းကိုပြည်တွင်းအကောက်ခွန်နယ်မြေမှ ပို့ကုန် ဆောင်ရွက်သူ၏ ကိုယ်စားဆောင်ရွက် ပေးနိုင်သည်။

(ဂ) ပြည်တွင်းအကောက်ခွန်နယ်မြေမှ ပြည်ပပို့ကုန်ဆောင်ရွက်သူနှင့် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခုတို့၏ အမည်များကို ပြည်ပပို့ကုန်စာရွက်စာတမ်းတွင် ပူးတွဲဖော်ပြရမည်။

(ဃ) ပြည်တွင်းအကောက်ခွန်နယ်မြေမှ ပြည်ပပို့ကုန်စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူသည် ပြန်လျှော့ အကောက်ခွန်စနစ်ဖြင့် ပေးသွင်းထားသော အခွန်များအတွက် ပြန်အမ်းငွေထုတ်ယူခွင့်ရှိရမည်။

## အခန်း(၁၇)
## သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၁၂၆။ ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့အနေဖြင့် ကုန်ပစ္စည်းများတင်သွင်းရာတွင် သွင်းကုန်လိုင်စင်ရယူရန် မလိုအပ်သော်လည်း တင်သွင်းမည့် ပစ္စည်းများစာရင်းကို စီမံခန့်ခွဲမှုကော်မတီသို့ ကြိုတင်တင်ပြရမည်။ အဆိုပါစာရင်းများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်နိုင်သည်။

၁၂၇။ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း တစ်ခုသည် အခွင့်ရလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ကုန်ပစ္စည်းများကို တင်သွင်းပါက ယင်းတင်သွင်းမည့်ကုန်စည်များ၏ စာရင်းကိုတင်သွင်းခြင်းမပြုမီ စာရင်းရေးသွင်းရန် စီမံခန့်ခွဲမှုကော်မတီထံ တင်ပြရမည်။ အဆိုပါစာရင်း ရေးသွင်းပြီးသည့် ကုန်စည်များတင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်မလို။

၁၂၈။ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း တစ်ခုသည် စီမံခန့်ခွဲမှုကော်မတီထံ စာရင်းတင်ပြခြင်းမရှိသော ကုန်ပစ္စည်းများကို တင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားရမည်။ စီမံခန့်ခွဲမှုကော်မတီသည် သွင်းကုန်လိုင်စင်ပါ အချက်များကို လျှော့ပေါ့ ပေးရမည်။

၁၂၉။ စီမံခန့်ခွဲမှုကော်မတီသည် သွင်းကုန်အတွက် အချို့သောအထူးကိစ္စရပ်များတွင် နိုင်ငံတကာမှ ထိန်းသိမ်းကန့်သတ်ရန် အကြံပြုချက်များအရ လိုအပ်သည့် ကုန်ပစ္စည်းများကို စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများသိရှိစေရန် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ကြိုတင်ထုတ်ပြန် ကြေညာထားရမည်။ ယင်းပစ္စည်းများ တင်သွင်းရာတွင် လိုအပ်မည့်ခွင့်ပြုမိန့်နှင့် လိုင်စင်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသောဌာနတွင် ထုတ်ပေးရမည်။

၁၃၀။ အထူးစီးပွားရေးဇုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) အကောင်အထည်ဖော်ဆောင်ရွက်ပြီးသည့်နောက်တွင်အဆိုပါစနစ်ဖြင့် ရှင်းလင်းဆောင်ရွက်ရမည်။

၁၃၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူတစ်ဦး သည် အောက်ပါ နည်းလမ်းများအတိုင်း အထူးစီးပွားရေးဇုန်သို့ ကုန်ပစ္စည်းများကို တိုက်ရိုက်တင်သွင်းနိုင်သည်-

(က) ဆိပ်ကမ်းများသို့မဟုတ်လေဆိပ်များမှတစ်ဆင့် တင်သွင်းခြင်း၊

(ခ) ကုန်းလမ်းအကောက်ခွန်စခန်းများမှ တစ်ဆင့်တင်သွင်းခြင်း၊

(ဂ) ပြည်တွင်းကုန်သေတ္တာစခန်းများမှတစ်ဆင့် တင်သွင်းခြင်း၊

(ဃ) နိုင်ငံခြားစာတိုက်များမှတစ်ဆင့်ပေးပို့တင်သွင်းခြင်း၊

(င) လုပ်ကိုင်ခွင့်ရချောပို့လုပ်ငန်းများမှတစ်ဆင့် တင်သွင်းခြင်း၊

(စ) စီးပွားရေးလုပ်ငန်းမှ တာဝန်ပေးအပ်ထားသူ တစ်ဦးဦးကတာဝန်ယူ၍ ကိုယ်တိုင်သယ်ယူခြင်း။

၁၃၂။ ဆိပ်ကမ်းများ သို့မဟုတ် လေဆိပ်များ သို့မဟုတ် ကုန်းလမ်း အကောက်ခွန် စခန်းများ သို့မဟုတ် ပြည်တွင်းကုန်သေတ္တာစခန်းများမှတစ်ဆင့် တင်သွင်းသော ကုန်ပစ္စည်းများကို အဆိုပါဆိပ်ကမ်းများ သို့မဟုတ် ပြည်တွင်းကုန်သေတ္တာစခန်းများ သို့မဟုတ် ကုန်းလမ်း အကောက်ခွန်စခန်းမှအထူးစီးပွားရေးဇုန်သို့ ကုန်သေတ္တာအလုံးလိုက်ဖြစ်စေ၊ စုပေါင်းသုံးကုန်သေတ္တာ သို့မဟုတ် အခြားထုတ်ပိုးပုံစံ ဖြင့်ဖြစ်စေ တိုက်ရိုက်လွှဲပြောင်းခြင်း ပြုနိုင်သည်။

၁၃၃။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ပြည်တွင်း အကောက်ခွန်နယ်မြေအတွင်းရှိ အာမခံသိုလှောင်ရုံမှဖြစ်စေ သို့မဟုတ် မြန်မာနိုင်ငံတွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲများမှဖြစ်စေအခွင့်ရလုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်သောကုန်ပစ္စည်းများကိုဝယ်ယူနိုင်သည်။

၁၃၄။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိလုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူကတင်သွင်းသောကုန်ပစ္စည်းများကို သက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် လေဆိပ်တွင် တာဝန်ကျသည့်အကောက်ခွန်အရာရှိများ၏ စစ်ဆေးခြင်းမရှိဘဲ သက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် လေဆိပ်မှအထူးစီးပွားရေးဇုန်သို့ လွှဲပြောင်းပို့ဆောင်ခြင်းကို ခွင့်ပြုရမည်။ ထူးခြားသောသတင်း သို့မဟုတ် စုံစမ်းစစ်ဆေး၍သတင်းရရှိပါက အဆိုပါ ကုန်ပစ္စည်းများကို စစ်ဆေးနိုင်သည်။

၁၃၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူ တင်သွင်းသော ကုန်ပစ္စည်းများကို မှတ်ပုံတင်ထားသော သယ်ယူပို့ဆောင်သူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်မှ အထူးစီးပွားရေးဇုန်သို့ တိုက်ရိုက် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ရမည်။

၁၃၆။ ရင်းနှီးမြှုပ်နှံသူသည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများတင်သွင်းမှုအတွက် အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများကိုလိုက်နာရမည်-

(က) ရင်းနှီးမြှုပ်နှံသူသည်သွင်းကုန်ကြေညာလွှာ မိတ္တူငါးစောင်တွင် **"အထူးစီးပွားရေးဇုန်ကုန်စည်"**ဟု တံဆိပ်ရိုက်နှိပ်ဖော်ပြသည့် သွင်းကုန်ကြေညာလွှာ မိတ္တူငါးစောင်ကို သင်္ဘောကုန်တင်တန်ဆာ သို့မဟုတ် လေယာဉ် ကုန်တင်တန်ဆာ၊ ကုန်တန်ဖိုး စာရင်း၊ ကုန်ထုပ်ပိုးစာရင်းများနှင့်အတူ တာဝန်ကျအကောက်ခွန် အရာရှိထံ တင်ပြရမည်။

(ခ) သွင်းကုန်ကြေညာလွှာတင်ပြ လျှောက်ထားသည့်နေ့တွင်စစ်ဆေးခြင်းမပြုနိုင်ပါက တာဝန်ကျ အကောက်ခွန်အရာရှိမှ ယင်းကိစ္စကိုအတည်ပြုရေးသွင်းပြီးလျှင် မှတ်ပုံတင်ထားသောသွင်းကုန် ကြေညာလွှာပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံသူထံသို့ကုန်ပစ္စည်းများကိုလွှဲပြောင်းရန်ခွင့်ပြုရမည်။

(ဂ) မတည်ကုန်ပစ္စည်းအပါအဝင် ကုန်ပစ္စည်းများကို ထောက်ပံ့ရာ၌ အခမဲ့သို့မဟုတ် ချေးငှားခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုချေးငှားခြင်းတို့ဖြင့် ဆောင်ရွက်လျှင် သွင်းကုန်ကြေညာလွှာတွင် ရင်းနှီးမြှုပ်နှံသူနှင့် ထောက်ပံ့ပေးသူ၏ အမည်တို့ကို ပူးတွဲ စာရင်းသွင်းရမည်။

(ဃ) မတည်ကုန်ပစ္စည်းအပါအဝင် ကုန်ပစ္စည်းများကို ထောက်ပံ့ရာ၌ ပြည်တွင်း ထောက်ပံ့သူမှချေးငှားခြင်း သို့မဟုတ် စာချုပ်ချုပ်ဆို ချေးငှားခြင်းတို့ဖြင့် ဆောင်ရွက်လျှင် သွင်းကုန်ကြေညာလွှာတွင် ကင်းလွတ်ဇုန်တစ်ခုရှိ ရင်းနှီးမြှုပ်နှံသူနှင့် ပြည်တွင်းထောက်ပံ့သူ၏ အမည်တို့ကိုပူးတွဲစာရင်းသွင်းရမည်။

(င) မှတ်ပုံတင်ထားသော သွင်းကုန်ကြေညာလွှာကို အထူးစီးပွားရေးဇုန်ရှိ တာဝန်ကျအကောက်ခွန်အရာရှိထံသို့ တင်သွင်းရမည်ဖြစ်ပြီး ထိုသို့တင်သွင်းပြီးပါက ရင်းနှီးမြှုပ်နှံသူကို ကုန်ပစ္စည်းများလွှဲပြောင်းရန် ခွင့်ပြုပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ချိပ်ပိတ်ထားသော ကုန်သေတ္တာဖြစ်ပါကမှတ်ပုံတင်ထားသောသို့မဟုတ် စိစစ်ပြီးသော သွင်းကုန်ကြေညာလွှာပေါ်အခြေခံ၍ ချိပ်တံဆိပ် မှန်ကန်ကြောင်း စစ်ဆေးပြီးနောက် အထူးစီးပွားရေးဇုန်ကုန်သေတ္တာများကို အကောက်ခွန် အစောင့်အရှောက် မပါရှိဘဲ လွှဲပြောင်း ပေးအပ်ရမည်။

(ဆ) အခြားသောကုန်စည်ဖြစ်ပါက ကုန်ပစ္စည်းများကို မှတ်ပုံတင်ထားသော သို့မဟုတ် စိစစ်ပြီးသော သွင်းကုန်ကြေညာလွှာပေါ်တွင်မူတည်ပြီး ကုန်ပစ္စည်းအဆင့်ဆင့် လွှဲ

ပြောင်းခြင်း၊ လုပ်ထုံးလုပ်နည်းအရ အထူးစီးပွားရေးဇုန်သို့ ကုန်ပစ္စည်း လွှဲပြောင်းခြင်း ကိုခွင့်ပြုရမည်။

(ဇ) ကုန်ပစ္စည်းအဆင့်ဆင့် လွှဲပြောင်းခြင်းအတွက် သီးခြားစာရွက်စာတမ်းများ သို့မဟုတ် ကုန်ပစ္စည်း အဆင့်ဆင့်လွှဲပြောင်းမှု ခံဝန်ချက် တင်သွင်းရန် လိုအပ်ခြင်း မရှိဘဲ သွင်းကုန်ကြေညာလွှာ၏ ပဋ္ဌမမြောက်မိတ္တူပေါ်တွင် လွှဲပြောင်းပို့ဆောင်မှု ခွင့်ပြုချက် တံဆိပ်ရိုက်နှိပ်ရမည်။

(ဈ) ကုန်သေတ္တာ သို့မဟုတ် ချိပ်ပိတ်ထားသော ကုန်တင်ယာဉ်ဖြင့် ကုန်ပစ္စည်းများ ရောက်ရှိလာခြင်းဖြစ်ပါက ကိစ္စရပ်ပေါ် မူတည်၍ ကုန်သေတ္တာ သို့မဟုတ် ကုန်တင် ယာဉ်ပေါ်မှ ချိပ်တံဆိပ်၏အမှတ်အသားကို အထူးစီးပွားရေးဇုန်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိက မှန်ကန်မှုရှိ မရှိစိစစ်ရမည်။

(ည) စုပေါင်းသုံး ကုန်သေတ္တာ သို့မဟုတ် အခြားထုပ်ပိုးပုံစံဖြင့် ကုန်စည်များ ရောက်ရှိ လာပါက ကုန်သေတ္တာ အမှတ်တံဆိပ်နှင့် နံပါတ်များ မှန်ကန်မှုရှိမရှိ စိစစ်ခြင်းကို တာဝန်ကျ အကောက်ခွန် အရာရှိက ဇုန်ဂိတ်ဝ သို့မဟုတ် ဇုန်အတွင်းရှိ သတ်မှတ် နေရာတွင် သင့်လျော်သလို ရွေးချယ်စိစစ်ရမည်။

(ဋ) အကယ်၍ အထူးစီးပွားရေးဇုန်အဝင်ဂိတ်တွင် သို့မဟုတ် သတ်မှတ်နေရာတွင် စစ်ဆေး ဆောင်ရွက်ခြင်း မပြုလုပ်နိုင်ပါက ကုန်ပစ္စည်းများကို အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းနေရာများသို့ တိုက်ရိုက်သယ်ဆောင်၍ အဆိုပါ နေရာများ၌ စိစစ်ပေးရမည်။

(ဌ) ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာတာဝန်ကျအကောက်ခွန်အရာရှိက ကုန်ပစ္စည်းများ ကိုလက်ခံရရှိကြောင်း အတည်ပြုရေးသွင်းထားသော သွင်းကုန်ကြေညာလွှာ၏ ပဋ္ဌမမြောက်မိတ္တူကို ယင်းကုန်ပစ္စည်းဆိုက်ရောက်ခဲ့သည့်လေဆိပ် သို့မဟုတ် ဆိပ်ကမ်း သို့မဟုတ် ပြည်တွင်းကုန်သေတ္တာစခန်း သို့မဟုတ် စာတိုက် သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံများရှိ တာဝန်ခံအကောက်ခွန် အရာရှိထံသို့ ကုန်ပစ္စည်း ရှင်းလင်းဆောင်ရွက်သည့်နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း တင်သွင်းရမည်။ ရင်းနှီးမြှုပ်နှံသူက ထိုသို့တင်သွင်းရန် ပျက်ကွက်လျှင် ကိစ္စရပ်အလိုက် အဆိုပါ လေဆိပ် သို့မဟုတ် ဆိပ်ကမ်း သို့မဟုတ် ပြည်တွင်းကုန် သေတ္တာစခန်း သို့မဟုတ် စာတိုက် သို့မဟုတ် အကောက်ခွန် ကုန်လှောင်ရုံများရှိ တာဝန်ခံ အကောက်ခွန် အရာရှိသည် ကုန်ပစ္စည်းတင်သွင်းသည့် ရင်းနှီးမြှုပ်နှံသူထံမှ အခွန်အခများ ကောက်ခံရန်အတွက် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်ရှိ တာဝန်ခံ အကောက်ခွန် အရာရှိထံအကြောင်းကြားရမည်။

(၃) စုပေါင်းသုံးကုန်သေတ္တာ သို့မဟုတ် အခြားထုပ်ပိုးပုံစံဖြစ်ပါက ကုန်ပစ္စည်း အမှတ်အသားနှင့် အရေအတွက်အား စစ်ဆေးပြီးကြောင်း ဌာနဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသောဌာန၌ တာဝန်ကျ အကောက်ခွန်အရာရှိမှ ထောက်ခံချက် ပေးပြီးသည့်အချိန် သို့မဟုတ် ကုန်သေတ္တာ အလုံးလိုက် သို့မဟုတ် ချိပ်ပိတ်ကုန်တင်ယာဉ်ဖြစ်ပါက ချိပ်ပိတ်အမှတ်အသားအား စစ်ဆေးပြီးကြောင်း အကောက်ခွန်မှထောက်ခံချက်ပေးပြီးသည့် အချိန်တွင် ယင်းကုန်ပစ္စည်းများကို ရင်းနှီးမြှုပ်နှံသူထံသို့ လွှဲပြောင်းပေးရမည်။ ယင်းကုန်ပစ္စည်းကို ရင်းနှီးမြှုပ်နှံသူထံသို့ လွှဲပြောင်းပြီးသည့်အချိန်၌ ယင်းကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် ပတ်သက်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများပြီးဆုံးသည်ဟု မှတ်ယူနိုင်သည်။

၁၃၇။ အကောက်ခွန်ဦးစီးဌာနမှ လက်ရောက်စစ်ဆေးရန် လိုအပ်သည်ဟု ယူဆသည့်အခါတွင် မည်သည့်ကုန်စည်စစ်ဆေးခြင်းကိုမဆို ရင်းနှီးမြှုပ်နှံသူ၏လုပ်ငန်းခွင် နေရာများတွင် ဆောင်ရွက်ရမည်။

၁၃၈။ နည်းဥပဒေ ၁၃၆ တွင် မည်သို့ပင်ပါရှိစေကာမူ အကောက်ခွန် ဦးစီးဌာနသည် နှောင်းစာရင်းစစ်ဆေးခြင်း ဆောင်ရွက်ပိုင်ခွင့်ကို ကျင့်သုံးပိုင်ခွင့်ရှိသည်။

၁၃၉။ လုပ်ငန်းမြှင့်တင်ရေးဇုန် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် အခြားလုပ်ငန်းတစ်ခုမှရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်းအကောက်ခွန် နယ်မြေမှ ကုန်ပစ္စည်းများတင်သွင်းခြင်း၊ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်သည့်အခါ ရင်းနှီးတည်ဆောက်သူက အလားတူကိစ္စများတွင် ကျင့်သုံးသည့် အကောက်ခွန်ရှင်းလင်းခြင်း လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၄၀။ ရင်းနှီးတည်ဆောက်သူသည် အခွင့်ရလုပ်ငန်းဆောင်ရွက်မှုများအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များခံစားလျက် အထူးစီးပွားရေးဇုန်ပြင်ပမှ ကုန်စည်နှင့် ဝန်ဆောင်မှုများကို တင်သွင်းနိုင်သည် သို့မဟုတ်ရယူနိုင်သည်။

၁၄၁။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် အခွင့်ရလုပ်ငန်း ဆောင်ရွက်မှုလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိပြီးသောအခါ ထိုအခွင့်ရလုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သော ဆောက်လုပ်ရေးအသုံးအဆောင်ပစ္စည်းများ၊ ယာဉ်ယန္တရားများ၊ ကိရိယာ တန်ဆာပလာများနှင့် စက်ပစ္စည်းများပါဝင်သော ကုန်ပစ္စည်းစာရင်းများနှင့် ဝန်ဆောင်မှုစာရင်းများကို စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထား၍ ခွင့်ပြုမိန့်ရယူရမည်။

၁၄၂။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန် အတွင်း ကုန်ပစ္စည်းသိုလှောင်သည့် နေရာကို တာဝန်ခံအကောက်ခွန်အရာရှိထံသို့ ကြေညာရမည်။

၁၄၃။ အထူးစီးပွားရေးဇုန်အတွင်း ကင်းလွတ်ဇုန်ပြင်ပတွင် သိုလှောင်ထားရှိပါက လုံခြုံမှုအတွက် လိုအပ်သော အစောင့်အကြပ်များကို တာဝန်ခံအကောက်ခွန်အရာရှိက သတ်မှတ်ခွင့်ပြုသည့် အတိုင်း လိုက်နာကျင့်သုံးရမည်။

၁၄၄။ ရင်းနှီးတည်ဆောက်သူသည် အခွင့်ရလုပ်ငန်းဆောင်ရွက်မှုများအတွက် အထူးစီးပွားရေးဇုန် ပြင်ပမှတင်သွင်းထားသော သို့မဟုတ် ရယူထားသော ကုန်ပစ္စည်းများကို အသုံးမပြုမီ တာဝန်ကျ အကောက်ခွန်အရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် သတ်မှတ်ထားသောနယ်မြေတွင် ထိန်းသိမ်း ထားရမည်။

၁၄၅။ ရင်းနှီးတည်ဆောက်သူသည် မည်သည့်နေရာမှျမဆို ကုန်ပစ္စည်းများ တင်သွင်းခြင်း သို့မဟုတ် ရယူခြင်း၊ ကုန်ပစ္စည်းများ သုံးစွဲခြင်းနှင့် အသုံးပြုခြင်းများ၏ ပုံမှန်စာရင်းများကို ထိန်းသိမ်းထားရှိ၍ အစီရင်ခံစာကို စီမံခန့်ခွဲမှု ကော်မတီသို့ သုံးလလျှင်တစ်ကြိမ် **ပုံစံ(ဃ)** ဖြင့် တင်ပြရမည်။

၁၄၆။ ရင်းနှီးတည်ဆောက်သူသည် တာဝန်ခံအကောက်ခွန်အရာရှိ၏ ခွင့်ပြုချက် ရရှိသည့်ကိစ္စမှ တစ်ပါး ကုန်ပစ္စည်းများကို ယင်းနှင့်သက်ဆိုင်သော အခွန်ပေးဆောင်ပြီးမှသာ အထူးစီးပွားရေး ဇုန်မှပြည်တွင်းအကောက်ခွန်နယ်မြေသို့ရွှေ့ပြောင်းခြင်း ပြုရမည်။

၁၄၇။ ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများတင်သွင်းခြင်း၊ ဝယ်ယူခြင်း၊ လက်ခံ ဆောင်ရွက် ခြင်း၊ ကုန်စည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူ လိုက်နာရသော လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။ သို့သော် ရင်းနှီးတည်ဆောက်သူက ပြည်တွင်း အကောက်ခွန်နယ်မြေမှ ဝယ်ယူတင်သွင်းသောပစ္စည်းများကို အခွင့်ရလုပ်ငန်း ဆောင်ရွက်မှု လုပ်ကိုင်ရန်အလို့ငှာ အထူးစီးပွားရေးဇုန်အတွင်းရှိ နေရာတိုင်းသို့ ရွှေ့ပြောင်း အသုံးပြုနိုင်သည်။

၁၄၈။ စီမံခန့်ခွဲမှုကော်မတီသည်ရင်းနှီးတည်ဆောက်သူကပြည်တွင်းအကောက်ခွန်နယ်မြေမှ တင်သွင်း ထားသော သို့မဟုတ် ရယူထားသောကုန်ပစ္စည်းများ အသုံးပြုခြင်းကို စောင့်ကြပ်ကြည့်ရှုရမည်။

၁၄၉။ ရင်းနှီးတည်ဆောက်သူသည် ပိုလျှံနေသော သို့မဟုတ်အသုံးမပြုတော့သော တည်ဆောက်ရေး ကိရိယာများအပါအဝင် အရန်ပစ္စည်းများနှင့် မတည်ကုန်ပစ္စည်းများကို စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်ကိုရယူပြီး အခြားသောရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူထံ တင်ပို့ ပေးနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးနိုင်သည်။

၁၅၀။ ကင်းလွတ်ဇုန်ရှိရင်းနှီးမြှုပ်နှံသူသည် အကောက်ခွန်ဖြစ်စေ၊ အခြားအခွန် အခများဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေကင်းလွတ်၍ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ ကျောက်မျက်၊ လက်ဝတ်ရတနာ အစရှိ

သောတန်ဖိုးကြီးကုန်ပစ္စည်းများကို လုပ်ပိုင်ခွင့်ရကိုယ်စားလှယ် တစ်ဦးဦးအား တာဝန် ပေးအပ်၍ ပြည်ပမှတင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းသည့်အခါ -

(က) တန်ဖိုးကြီးကုန်ပစ္စည်းများကို သယ်ယူလာသောလုပ်ပိုင်ခွင့်ရကိုယ်စားလှယ်သည် သွင်းကုန်ကြေညာလွှာ မိတ္တူမှန်တစ်စုံနှင့်အတူ လေဆိပ်ဆိုက်ရောက်ခန်းမတွင် တာဝန်ကျသော အကောက်ခွန်အရာရှိထံ ကြေညာရမည်။

(ခ) လုပ်ပိုင်ခွင့်ရကိုယ်စားလှယ်သည် ကုန်တင်သွင်းသည့် ရင်းနှီးမြှုပ်နှံသူ၏ အမည်နှင့် လိပ်စာဖော်ပြပါရှိသော ကုန်ပစ္စည်းများကို လေဆိပ်ကုန်သိုလှောင်ရုံတွင် ထိန်းသိမ်းရန် လေဆိပ်တွင် တာဝန်ကျသောအကောက်ခွန်အရာရှိထံ ကုန်တန်ဖိုး စာရင်း၊ ကုန်ထုပ်ပိုးစာရင်းများအား လက်ခံပြေစာနှင့် အတူလွှဲပြောင်းပေးရမည်။

(ဂ) လေဆိပ်ရှိ အကောက်ခွန်အရာရှိသည် ကုန်ပစ္စည်းများကိုထိန်းသိမ်းထားကြောင်း ပြေစာဖြတ်ပိုင်းထုတ်ပေးရမည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် သွင်းကုန်ကြေညာလွှာကို ကုန်တန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးစာရင်းမိတ္တူတစ်စောင်၊ လေဆိပ်အကောက်ခွန်မှ ကုန်ပစ္စည်းထိန်းသိမ်းထားကြောင်း ထုတ်ပေးသည့် ပြေစာအမှတ်တို့နှင့်အတူ တာဝန်ကျ အကောက်ခွန်အရာရှိထံ တင်ပြရမည်။

(င) တာဝန်ကျအကောက်ခွန်အရာရှိသည် သွင်းကုန်ကြေညာလွှာကို စိစစ်ပြီးနောက် သွင်းကုန်ကြေညာလွှာမူရင်းကို သိမ်းဆည်းထားရမည်။ ကုန်ပစ္စည်းထိန်းသိမ်းထားသည့် လေဆိပ်ကုန်သိုလှောင်ရုံတွင် တာဝန်ကျသောအကောက်ခွန်အရာရှိထံ တင်ပြ၍ ကုန်ပစ္စည်းထုတ်ယူရန်အတွက် သွင်းကုန်ကြေညာလွှာမိတ္တူများကို ရင်းနှီးမြှုပ်နှံသူ၏ကိုယ်စားလှယ်အား ပေးအပ်ရမည်။ လေဆိပ်ကုန်သိုလှောင်ရုံတွင် တာဝန်ကျသော အကောက်ခွန်အရာရှိမှနေ၍ သွင်းကုန်ကြေညာလွှာ မိတ္တူ သိမ်းဆည်းထားသည့် လက်ခံပြေစာမူရင်းနှင့် ကိုယ်စားလှယ်လွှဲစာတို့ကို လက်ခံရရှိပြီးနောက် ကုန်လှောင်ရုံမှတ်ပုံတင်စာအုပ်နှင့် လက်ခံပြေစာမှတ်ပုံတင် စာအုပ်တို့တွင် ဖြည့်စွက်ပြီး ကုန်ပစ္စည်းများကို ရှင်းလင်း ထုတ်ယူခွင့်ပြုရမည်။

(စ) ကုန်ပစ္စည်းများကို ထုတ်ယူခွင့်ပြုပြီးနောက် အဆိုပါကုန်ပစ္စည်းများအား အကောက်ခွန် အစောင့်အရှောက်ဖြင့် ရင်းနှီးမြှုပ်နှံသူထံလွှဲပြောင်းပေးခြင်းဖြစ်စေ သို့မဟုတ် ချိပ်တံဆိပ်ခတ်နှိပ်ပြီးရင်းနှီးမြှုပ်နှံသူ၏ လုပ်ပိုင်ခွင့်ရကိုယ်စားလှယ်ထံ လွှဲပြောင်းပေးခြင်းဖြစ်စေဆောင်ရွက်ရမည်။

(ဆ) ကုန်ပစ္စည်းများကို အထူးစီးပွားရေးဇုန်ရှိ ကင်းလွတ်ဇုန်၏ ဂိတ်ဝင်ပေါက်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိက ကုန်အမှတ်တံဆိပ်နှင့်ထုပ်ပိုးထားသော

ကုန်ပစ္စည်း အရေအတွက်မှန်ကန်ကြောင်း စစ်ဆေးပြီးနောက် လုပ်ငန်းခွင်သို့ ယူဆောင်ခွင့်ပြုရမည်။

၁၅၁။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ယင်းတင်ပို့ထားသောကုန်ပစ္စည်းတွင် မှားယွင်းမှု သို့မဟုတ် ထိခိုက် ပျက်စီးမှုရှိနေကြောင်း ပြည်ပဝယ်ယူသူကတွေ့ရှိလျှင်ဖြစ်စေ၊ ပြည်ပဝယ်ယူသူက သယ်ဆောင် လွှဲပြောင်းရယူမသွားလျှင်ဖြစ်စေ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်သွားပြီးနောက် သဘောတူ စီစဉ်ထားသကဲ့သို့ ငွေပေးချေခြင်းမရှိလျှင်ဖြစ်စေ၊ ဝယ်ယူသူများက ဈေးကွက်အခြေခံ အကြောင်း တရားများ ပြောင်းလဲခြင်းကြောင့် ကုန်စည်များကိုပြန်လည် ပေးအပ်လျှင်ဖြစ်စေ အောက်ဖော်ပြပါ အခြေအနေများနှင့်ညီညွတ်လျှင် ယင်းကုန်ပစ္စည်းများကိုပြန်လည်တင်သွင်းနိုင် သည်-

(က) ကုန်ပစ္စည်းများကိုပြန်လည် တင်သွင်းသည့်အချိန်တွင် မူလကုန်ပစ္စည်းများ ဖြစ်ကြောင်း သက်သေပြနိုင်ရမည်။

(ခ) ကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းခြင်းသည် အာမခံပေးသော အချိန်ကာလ အတွင်းဖြစ်စေ၊ ထိန်းသိမ်းပြုပြင်ပေးမည့် စာချုပ်သက်တမ်းအတွင်းဖြစ်စေ၊ သို့မဟုတ် တင်ပို့သည့်နေ့မှ တစ်နှစ်တာကာလအတွင်းဖြစ်စေ နောက်အကျဆုံးဖြစ်သော နေ့ရက်အတွင်းဖြစ်ရမည်။

၁၅၂။ တင်သွင်းထားသော ကုန်ပစ္စည်းများမှားယွင်းမှု သို့မဟုတ်ထိခိုက်ပျက်စီးမှုကို တွေ့ရှိလျှင် ယင်းကုန်ပစ္စည်းများ အစားထိုးရန်အတွက် ကင်းလွတ်ဇုန်ရှိစီးပွားရေးလုပ်ငန်း၊ သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းမှ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်အတွင်း ပြည်ပမှ ကုန်ပစ္စည်းပေးပို့သူ၏ လုပ်ကိုင်ခွင့်ရ ကိုယ်စားလှယ်မှတစ်ဆင့် မူလတင်သွင်းသည့် ကုန်ပစ္စည်းများနှင့် အစားထိုးလဲလှယ်ခြင်းကို ကုန်ပစ္စည်း များ၏ မှန်ကန်မှုကိုဖော်ပြစေလျက် ခွင့်ပြုရမည်။

၁၅၃။ ပြည်တွင်းအကောက်ခွန်နယ်မြေရှိ ကုန်ပစ္စည်းထောက်ပံ့သူသည် ကင်းလွတ်ဇုန် အတွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် ရင်းနှီးတည်ဆောက်သူတစ်ဦး၏ အခွင့်ရလုပ်ငန်း ဆောင်ရွက်မှု လည်ပတ်ဆောင်ရွက်ခြင်းအတွက် လိုအပ်သောကုန်ပစ္စည်းများကို ထောက်ပံ့ရာတွင် တင်ပို့သော ကိစ္စရပ်များအတွက် ပေးသွင်းထားသောအခွန်များကို ပြန်အမ်းစနစ်ဖြင့် ဆောင်ရွက် နိုင်ရန် အဆိုပါ ကုန်စည်များအပေါ် ကျသင့်ခွန်များ ပေးဆောင်ပြီးဖြစ်ကြောင်း စာရွက်စာတမ်း အထောက်အထား များ တင်ပြတောင်းခံရမည်။

၁၅၄။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီး တည်ဆောက် သူက ပြည်တွင်း အကောက်ခွန်နယ်မြေ သို့မဟုတ် ပြည်ပမှ ဝယ်ယူ တင်သွင်း ထားသော ကုန်ပစ္စည်းများအား အခွန်ကင်းလွတ်ခွင့်ပြု၍ ကင်းလွတ်ဇုန်အတွင်း သို့မဟုတ် ကင်းလွတ် ဇုန်လုပ်ငန်းများသို့ ဝင်ရောက်ခွင့်ပြုနိုင်သည်။

၁၅၅။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းတစ်ခု သို့မဟုတ် ရင်းနှီးတည်ဆောက်သူ တစ်ဦးမှနေ၍ ပြည်တွင်းအကောက်ခွန်နယ်မြေမှ ကုန်ပစ္စည်းဝယ်ယူရာတွင် ယင်းကုန်ပစ္စည်းထောက်ပံ့သူမှသော်လည်းကောင်း၊ ဝယ်ယူသူ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ် ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူမှနေ၍ ပြည်တွင်း အကောက်ခွန်နယ်မြေရှိ ကုန်ပစ္စည်း ရောင်းချသူကိုယ်စားအဖြစ်သော်လည်းကောင်း ကုန်ပစ္စည်းမရောက်မီ သွင်းကုန်ကြေညာလွှာကို သက်ဆိုင်ရာတာဝန်ကျ အကောက်ခွန်အရာရှိထံ တင်ပြ လျှောက်ထားရမည်။

၁၅၆။ သွင်းကုန်ကြေညာလွှာကို လက်ခံစစ်ဆေးခြင်းမပြုမီ ကုန်ပစ္စည်းများ ရောက်ရှိလာပါက တာဝန်ခံအကောက်ခွန်အရာရှိမှ သတ်မှတ်ထားသောနေရာတွင် အဆိုပါ ကုန်ပစ္စည်းများကို ထိန်းသိမ်းထားရမည်။ သွင်းကုန်ကြေညာလွှာတစ်ရပ်ကို လျှောက်ထားပြီး စစ်ဆေးလက်ခံခြင်း ပြီးဆုံးမှသာလျှင် ကင်းလွတ်ဇုန် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီး တည်ဆောက်သူထံသို့ လွှဲပေးရမည်။

၁၅၇။ ကင်းလွတ်ဇုန်ရှိ ရင်းနှီးမြှုပ်နှံသူထံကုန်ပစ္စည်းများအကြိမ်ကြိမ်ပေးပို့လျှင် ယင်းကုန်ပစ္စည်းများ အားလုံးအတွက် ပြည့်စုံသော သွင်းကုန်ကြေညာလွှာကို တာဝန်ကျ အကောက်ခွန် အရာရှိက အတည်ပြုဆောင်ရွက်ပေးရမည်။

၁၅၈။ တာဝန်ကျအကောက်ခွန်အရာရှိမှ ကင်းလွတ်ဇုန် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူ၏ စီးပွားရေးလုပ်ငန်းအတွင်းသို့ ခွင့်ပြုသောကုန်ပစ္စည်းများ ရောက်ရှိပြီးဖြစ်သည်ဟု အတည်ပြုထားသော သွင်းကုန်ကြေညာလွှာမိတ္တူတစ်စောင်အား ပြည်တွင်းအကောက်ခွန်နယ်မြေထောက်ပံ့သူအပေါ်တွင် စည်းကြပ်ပိုင်ခွင့်ရှိသောစည်းကြပ်အရာရှိထံသို့ ရက်ပေါင်း ၄၅ ရက်အတွင်း လွှဲပြောင်းရမည်။ ယင်းသို့ပြုလုပ်ရန် ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာစည်းကြပ်အရာရှိသည်ပြည်တွင်း အကောက်ခွန် နယ်မြေထောက်ပံ့သူအား အခွန်ပေးဆောင်ရန် တောင်းဆိုရမည်။

၁၅၉။ ပေးသွင်းထားသောအခွန်များကို ပြန်အမ်းစနစ်ဖြင့်ရယူရန် အမှုတွဲဖွင့်လှစ်ထားသည့် သွင်းကုန် ကြေညာလွှာအတွက် ကင်းလွတ်ဇုန်ရှိစီးပွားရေးလုပ်ငန်း တစ်ခု သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် တာဝန်ခံအကောက်ခွန်အရာရှိထံ တင်ပြလျှောက်ထားတောင်းခံရမည်။ ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူမှ ပြန်လျော့အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ပြည်တွင်း အကောက်ခွန်နယ်မြေထောက်ပံ့သူထံသို့ ပေးအပ်နိုင်သည်။

၁၆၀။ ပို့ကုန်ကြေညာလွှာကို အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးမှုခံယူရမည်။ ယင်းသို့ စစ်ဆေးမှု ခံယူရာတွင် ကင်းလွတ်ဇုန် တစ်ခု သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူ၏ အခွင့်ရလုပ်ငန်း

ဆောင်ရွက်မှုများအတွက် အမှန်တကယ်လိုအပ်သော ကုန်ပစ္စည်းများ ဟုတ်-မဟုတ်ကို စိမံခန့်ခွဲမှု ကော်မတီကခွင့်ပြုထားသည့် ကုန်ပစ္စည်းများစာရင်း အထောက်အထားအရဖြစ်စေ၊ ခွင့်ပြုချက်ရ စာရွက်စာတမ်း အထောက်အထားအရဖြစ်စေ သီးခြားစစ်ဆေးရမည်။

၁၆၁။ ပြည်တွင်းအကောက်ခွန်နယ်မြေမှ ရယူသောကုန်ပစ္စည်းများသည် ကင်းလွတ်ဇုန်၏ ဝင်ပေါက် သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း၏ စီးပွားရေးလုပ်ငန်း နယ်မြေများသို့ ရောက်ရှိလာသည့်အခါ တာဝန်ကျအကောက်ခွန်အရာရှိသည် ကုန်တန်ဖိုးစာရင်း၊ ပို့ကုန်ကြေညာလွှာနှင့် ထုပ်ပိုးကုန်စာရင်းများတွင် ဖော်ပြထားသော ကုန်ပစ္စည်းအသေးစိတ် ဖော်ပြချက်၊ အရေအတွက်၊ ကုန်အမှတ်အသားများနှင့် အခြားသက်ဆိုင်သော အကြောင်းအရာများကို စစ်ဆေးရမည့်အပြင် ပို့ကုန်တင်သွင်းပိုင်ခွင့်တစ်ရပ်ဖြင့် တောင်းဆိုမှုအရ ကုန်ပစ္စည်းများကိုရယူသည့်အခါတွင် ပို့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ချမှတ်ထားသော စစ်ဆေးခြင်းဆိုင်ရာ စံနှုန်းများနှင့်လည်း စစ်ဆေး ရမည်။

၁၆၂။ ကင်းလွတ်ဇုန်ရှိစီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသို့မဟုတ် ရင်းနှီးတည်ဆောက်သူ၏ နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေစာရင်းမှ ကုန်ပစ္စည်းဝယ်ယူမှုအတွက် တိုက်ရိုက်ပေးချေခြင်းဖြစ်ပါက ပြည်တွင်းအကောက်ခွန်နယ်မြေရှိ ထောက်ပံ့ပေးသူကအခွန်များကို ပြန်အမ်းစနစ်ဖြင့် ကုန်ပစ္စည်းများရောင်းချခြင်းအား ခွင့်ပြုနိုင်သည်။

၁၆၃။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူမှ လက်ခံရရှိပြီးဖြစ်ကြောင်း တာဝန်ကျအကောက်ခွန်အရာရှိ၏ အတည်ပြုချက်ပါရှိသော ပို့ကုန် ကြေညာလွှာ မိတ္တူတစ်စောင်ကို ပို့ကုန်သက်သေခံအဖြစ် မှတ်ယူနိုင်သည်။

၁၆၄။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့သည် ကုန်ပစ္စည်းများကို ယင်းဆန္ဒအရ အခွန်ကင်းလွတ်ခွင့်နှင့် ပြန်လျော့အကောက်ခွန်ရယူခြင်းမရှိဘဲ ထောက်ပံ့သူမှထုတ်ပေးသော ကုန်တန်ဖိုးစာရင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စာရွက် စာတမ်းများအပေါ်အခြေခံ၍ ပြည်တွင်း အကောက်ခွန်နယ်မြေမှ ကုန်ပစ္စည်းများကို ရယူနိုင်သည်။

၁၆၅။ အဆိုပါထောက်ပံ့မှုများအတွက် ကင်းလွတ်ခွင့်နှင့် ပြန်လျော့အကောက်ခွန် ခံစားခွင့်ရယူခြင်း မရှိကြောင်းကို ကုန်တန်ဖိုးစာရင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေး စာရွက်စာတမ်းတွင် အတည်ပြု ဖော်ပြရမည်။

၁၆၆။ အာမခံအကောက်ခွန်ကုန်လှောင်ရုံမှ ကုန်ပစ္စည်းရယူရေးအတွက် လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အာမခံအကောက်ခွန် ကုန်လှောင်ရုံမှ ကုန်စည်များကို ရယူရာတွင် ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း တစ်ခု သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ်ရင်းနှီး

တည်ဆောက်သူတို့သည် သွင်းကုန်ကြေညာလွှာကို တာဝန်ကျ အကောက်ခွန် အရာရှိထံသို့ တင်ပြရမည်။

(ခ) ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့က တာဝန်ကျအကောက်ခွန်အရာရှိမှ စိစစ်ထားသော သွင်းကုန် ကြေညာလွှာကို ကုန်ပစ္စည်းများရယူမည့် အာမခံကုန်လှောင်ရုံ၏ တာဝန်ကျ အကောက်ခွန် အရာရှိထံတင်ပြပြီး ကုန်ပစ္စည်းများကိုရယူရမည်။

(ဂ) အာမခံ အကောက်ခွန်ကုန်လှောင်ရုံ၏ တာဝန်ခံ အကောက်ခွန်အရာရှိသည် တာဝန်ကျ အကောက်ခွန်အရာရှိမှ စိစစ်ထားသော သွင်းကုန်ကြေညာလွှာအပေါ် အခြေခံ၍ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့ထံထောက်ပံ့ရန် ရည်ရွယ်သည့် အာမခံ အကောက်ခွန် ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများကို အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ရှင်းလင်း ခွင့်ပြုရမည်။

(ဃ) တာဝန်ကျအကောက်ခွန်အရာရှိမှ အတည်ပြုရေးထိုးထားသော ကုန်ပစ္စည်းပေးပို့ပြီး အသိအမှတ်ပြုလက်မှတ်ကို ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများရှင်းလင်းဆောင်ရွက် သည့်နေ့မှ ရက်ပေါင်း ၄၅ရက် အတွင်း အာမခံအကောက်ခွန် ကုန်လှောင်ရုံ၏ တာဝန်ခံ အကောက်ခွန်အရာရှိမှ လက်ခံရရှိခြင်းမရှိသေးပါက ထောက်ပံ့သူထံမှ သင့်လျော်သော အကောက်ခွန်ကို ပေးဆောင်စေရန် ဆက်လက်ဆောင်ရွက်ရမည်။

၁၆၇။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီး တည်ဆောက် သူတို့သည် နည်းဥပဒေ ၁၆၆ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ-

(က) နိုင်ငံတော်အတွင်းကျင်းပမည့် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲများမှ ကုန်ပစ္စည်းများ ကို ရယူနိုင်သည်။

(ခ) အကောက်ခွန်ပေးဆောင်ခြင်းမပြုဘဲ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းထံမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရယူနိုင် သည်။

၁၆၈။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့သည် အောက်ပါအခြေအနေပေါ်မူတည်၍ အထူးစီးပွားရေးဇုန်အတွင်း တည်ရှိသော အခြားကင်းလွတ်ဇုန် လုပ်ငန်းမှဖြစ်စေ၊ အခြား အထူးစီးပွားရေးဇုန်ရှိ ကင်းလွတ်ဇုန် လုပ်ငန်းမှဖြစ်စေ ကုန်စည်နှင့် ဝန်ဆောင်မှုကို ရယူနိုင်သည်။ ထိုသို့ရယူသည့်အခါ-

(က) လက်ခံရယူသော စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် စိစစ် ဆောင်ရွက်ရန် ကုန်တန်ဖိုးစာရင်း၊ ထုပ်ပိုးကုန်စာရင်းနှင့် ကုန်ပစ္စည်းအမျိုးအစား

ဖော်ပြချက်စာရင်းမိတ္တူငါးစောင်တို့ကို သွင်းကုန်ကြေညာလွှာနှင့်အတူ တာဝန်ကျ အကောက်ခွန်အရာရှိထံ တင်ပြရမည်။

(ခ) အဆိုပါစိစစ်ပြီးသောသွင်းကုန်ကြေညာလွှာကို အခြေခံ၍သဘော်လွှဲပြောင်း တင်ခွင့်ပါမစ်အရ ကုန်ပစ္စည်းလက်ခံမည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူထံ ကုန်ပစ္စည်းများကို လွှဲပြောင်းခွင့်ပြုရမည်။

(ဂ) ကုန်ပစ္စည်းများ သဘော်လွှဲပြောင်းတင်ပို့ရာတွင် အခြားစာရွက်စာတမ်း သို့မဟုတ် ခံဝန်ချက်များတင်ပြရန်မလိုဘဲ သဘော်လွှဲပြောင်းတင်ဆောင်ခွင့်ပါမစ်ကို သွင်းကုန်ကြေညာလွှာပေါ်တွင် တံဆိပ်ရိုက်နှိပ်အသိအမှတ်ပြုပေးရမည်။

(ဃ) ထောက်ပံ့သောစီးပွားရေးလုပ်ငန်းသည် ကုန်ပစ္စည်းလွှဲပြောင်းပေးပို့လက်မှတ်ကို ယင်းထောက်ပံ့ခြင်း စီးပွားရေးလုပ်ငန်းအပေါ် စည်းကြပ်ပိုင်ခွင့်ရှိသော တာဝန်ခံ အကောက်ခွန် အရာရှိထံ **၄၅ ရက်အတွင်း** တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက ထောက်ပံ့သောစီးပွားရေးလုပ်ငန်းအပေါ် စည်းကြပ်ခွင့်ရှိသည့် တာဝန်ခံ အကောက်ခွန် အရာရှိသည် ကုန်ပစ္စည်းလက်ခံသည့်လုပ်ငန်းထံ အခွန်တောင်းခံရန် ယင်းပစ္စည်းလက်ခံသော စီးပွားရေးလုပ်ငန်းအပေါ် စည်းကြပ်ခွင့်ရှိသည့် တာဝန်ခံ အကောက်ခွန်အရာရှိထံ စာရေးသားအကြောင်းကြားရမည်။

(င) ထောက်ပံ့ခြင်းနှင့် လက်ခံရယူခြင်းပြုလုပ်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့သည် အထူးစီးပွားရေးဇုန်တစ်ခုတည်းတွင် တည်ရှိပါက နည်းဥပဒေခွဲ (က) မှ (ဃ) ပါပြဋ္ဌာန်းချက်များကို လိုက်နာရန်မလိုအပ်ဘဲ ကုန်ပစ္စည်းရွှေ့ပြောင်းခွင့်ပေးရမည်။ ထိုသို့သော လွှဲပြောင်းမှုကို လက်ခံရယူထားသော စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူအနေဖြင့် ပုံမှန်စာရင်း စာအုပ်များတွင် စာရင်းရေးသွင်းရမည်။

## အခန်း (၁၈)

## ပို့ကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

**၁၆၉။** အထူးစီးပွားရေးဇုန်မှပို့ကုန်တင်ပို့မှုအတွက်ပို့ကုန် လိုင်စင်မလို အပ်စေရ။

**၁၇၀။** နိုင်ငံတကာမှထိန်းသိမ်းကန့်သတ်ရန်အကြံပြုထားသည့် အထူးဓာတုဗေဒ ပစ္စည်းများ၊ အပင်နှင့် တိရိစ္ဆာန်များ၊ ပစ္စည်းကိရိယာများ၊ တန်ဆာပလာနှင့် နည်းပညာများ တင်ပို့ရာ၌ နိုင်ငံ၏ တည်ဆဲဥပဒေများ နည်းဥပဒေများနှင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည် ဆိုင်ရာ သဘောတူညီချက်များတွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၇၁။ အထူးစီးပွားရေးဇုန်ရှိ ပို့ကုန်လုပ်ငန်းစဉ်များကို မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) အကောင်အထည် ဖော်ပြီးနောက် အဆိုပါစနစ်ဖြင့် ရှင်းလင်းဆောင်ရွက်ရမည်။

၁၇၂။ စီးပွားရေးလုပ်ငန်းသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ တားမြစ်ထားသော ကုန်ပစ္စည်းများမှအပ စိုက်ပျိုးရေးသုံးပစ္စည်း၊ တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ထားသောကုန်စည်၊ တစ်ပိုင်းတစ်စတပ်ဆင်ထားမှုများ အစိတ်အပိုင်းများအပါအဝင် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် စည်းကမ်းများနှင့်အညီ တင်ပို့နိုင်ပြီး ထုတ်လုပ်ရေးလုပ်ငန်းသည် ထုတ်ကုန်ပစ္စည်းများ၊ ထုတ်လုပ်ရေး လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော ဘေးထွက်ပစ္စည်းများ၊ အလေအလွင့်ပစ္စည်းများနှင့် အပိုင်းအစများကို တင်ပို့နိုင်သည်။

၁၇၃။ ကွန်ပျူတာဆော့ဝဲလ်လုပ်ငန်းနှင့် ဆက်စပ်သောစီးပွားရေးလုပ်ငန်းသည် သတင်း အချက်အလက် ဆက်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့်သော်လည်းကောင်း၊ ပစ္စည်းတင်ပို့ခြင်း နည်းလမ်းဖြင့်သော်လည်းကောင်း၊ အမြန်ချော စာဝန်ဆောင်မှုလုပ်ငန်းမှ တစ်ဆင့်သော်လည်းကောင်း ကွန်ပျူတာဆော့ဖ်ဝဲများနှင့် ကျွမ်းကျင်အတတ်ပညာဆိုင်ရာ ဝန်ဆောင်မှုများကို တင်ပို့ နိုင်သည်။

၁၇၄။ ထပ်မံပြုပြင်ပြင်ဆင်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်းများမပြုလုပ်ဘဲ ပြည်တွင်းမှရယူထားသော ကုန်ကြမ်းပစ္စည်းများတင်ပို့ခြင်းမှတစ်ပါး ပို့ကုန်ပစ္စည်းများ အပေါ်တွင် အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ခြင်းများမပြုရ။

၁၇၅။ စီးပွားရေးလုပ်ငန်းသည် ဖယောင်း သို့မဟုတ် ငွေ သို့မဟုတ် တန်ဖိုးမြင့်မားခြင်းမရှိသည့် သတ္တုစပ် သို့မဟုတ် ရာဘာ စသည်တို့ဖြင့် ပြုလုပ်ထားသော ပုံစံခွက် အပါအဝင် အခမဲ့ပေးပို့သည့် ပို့ကုန်နမူနာပစ္စည်းများကို ပြည်ပသို့ တင်ပို့ရန် ခွင့်ပြုထားသည့် မည်သည့်နည်းလမ်းဖြင့်မဆို အရေအတွက် ကန့်သတ်ခြင်း မရှိဘဲ တင်ပို့နိုင်သည်။

၁၇၆။ ပြည်တွင်းအကောက်ခွန်နယ်မြေမှ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ်ရင်းနှီးတည်ဆောက်သူ၏ အခွင့်ရစီးပွားရေးလုပ်ငန်းများသို့ ထောက်ပံ့မှုများသည် အထူးစီးပွားရေးဇုန် ဥပဒေနှင့် ဤနည်းဥပဒေအရ ပို့ကုန်အကျိုးကျေးဇူးများ ခံစားနိုင်သည်။

၁၇၇။ အထူးစီးပွားရေးဇုန်မှ လေဆိပ် သို့မဟုတ် ဆိပ်ကမ်း သို့မဟုတ် ပြည်တွင်း ကုန်သေတ္တာစခန်း သို့မဟုတ် ကုန်သေတ္တာ ပို့ဆောင်ရေးစခန်း သို့မဟုတ် ချောစာပို့လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက သယ်ယူပို့ဆောင်ခြင်းတို့မှတစ်ဆင့် တင်ပို့ခြင်းအတွက် လုပ်ထုံးလုပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကုန်ပစ္စည်းတင်ပို့သူသည်တာဝန်ကျ အကောက်ခွန်အရာရှိထံ သင်္ဘောတင်စာရွက်စာတမ်းမိတ္တူ လေးစောင်နှင့်အတူ ပို့ကုန်ကြေညာလွှာ၊ ကုန်ပစ္စည်း တန်ဖိုးစာရင်း၊

ထုပ်ပိုးကုန်စာရင်းနှင့် ကုန်တင်ပို့သည့်နည်းလမ်းများအလိုက် လိုအပ်သော စာရွက်စာတမ်းများကို တင်ပြရမည်။

(ခ) သင်္ဘောကုန်တင်တန်ဆာ သို့မဟုတ် လေကြောင်းကုန်ပို့လွှာကို ထပ်ဆင့်အသိအမှတ်ပြုလက်မှတ် တစ်စုံတစ်ရာလိုအပ်မှုမရှိဘဲ လွှတ်လပ်စွာသင်္ဘောကုန်တင်တန်ဆာအရ တင်ပို့သည့်ကိစ္စရပ်အတိုင်း လွှတ်လပ်စွာဆောင်ရွက်စေပြီး တာဝန်ကျအကောက်ခွန်အရာရှိမှ သင်္ဘောကုန်တင်တန်ဆာကို စိစစ်လက်ခံ၍ စာရင်းသွင်းမှတ်ပုံတင်ခြင်း၊ အမှတ်စဉ်တပ်ခြင်း ဆောင်ရွက်ရမည်။

---

(ဂ) တာဝန်ကျအကောက်ခွန်အရာရှိသည် ကုန်ပစ္စည်းများကို စီးပွားရေးလုပ်ငန်း၏လုပ်ငန်းခွင် ပရဝဏ်တွင် စစ်ဆေးပြီး ချိပ်တံဆိပ်ခတ်နှိပ်ရမည်။ ဝန်ဆောင်မှုများကို ရုပ်ဝတ္ထုမဟုတ်သည့် ပုံစံဖြင့် တင်ပို့သည့်အခါစီးပွားရေးလုပ်ငန်း တစ်ခုသည်ပို့ကုန်တန်ဖိုးကို ကိုယ်တိုင်သတ်မှတ်တင်ပြရမည်။

(ဃ) တာဝန်ကျ အကောက်ခွန်အရာရှိက ချိပ်တံဆိပ်ခတ်နှိပ်ထားသည့် ကုန်ပစ္စည်းများကို ဆိပ်ကမ်း သို့မဟုတ် လေဆိပ် သို့မဟုတ် ပြည်တွင်း ကုန်သေတ္တာစခန်းတွင် ထပ်မံစစ်ဆေးခြင်း မပြုရ။ သို့ရာတွင် အထူးသတင်းပေးချက်အရ စစ်ဆေးရန်လိုအပ်ပါက အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် တာဝန်ကျအကောက်ခွန်အရာရှိက စစ်ဆေးနိုင်သည်။

(င) တင်ပို့သူသည် အထူးစီးပွားရေးဇုန်အတွင်း တည်ရှိသော ကုန်သေတ္တာစခန်း သို့မဟုတ် အခြားမည်သည့် လေဆိပ် သို့မဟုတ် ဆိပ်ကမ်း သို့မဟုတ် ပြည်တွင်းကုန်သေတ္တာစခန်းမှမဆိုတင်ပို့နိုင်သည်။အထူးစီးပွားရေးဇုန်မှကုန်စည်ပစ္စည်းပမာဏအများအပြားအား တစ်ဆက်တည်း သင်္ဘောတင်ရန်မဖြစ်နိုင်သော အခြေအနေတွင် စီးပွားရေးလုပ်ငန်း တစ်ခုသည် ရက်ပေါင်း ၉၀ အတွင်း တင်ပို့မည် ဖြစ်ကြောင်း ခံဝန်ချက်ဖြင့် ကုန်စည်တင်ပို့မှုကို တာဝန်ခံအကောက်ခွန်အရာရှိက ခွင့်ပြုနိုင်သည်။ မတင်ပို့ဖြစ်သည့် ကုန်ပစ္စည်းများအတွက်ခံဝန်ချက်တွင် ပါရှိသည့်အတိုင်း ကျသင့်သော ပမာဏကို ပေးဆောင်စေရမည်။

(စ) နည်းဥပဒေခွဲ(ဃ)တွင် မည်သို့ပင် ဆိုစေကာမူ စီးပွားရေးလုပ်ငန်း နယ်မြေများတွင် တာဝန်ကျ အကောက်ခွန် အရာရှိမှကုန်ပစ္စည်းများကို စစ်ဆေး ချိပ်တံဆိပ်ခတ်နှိပ်ထားခြင်းမပြုပါက အဆိုပါ ကုန်ပစ္စည်းများကို ဆိပ်ကမ်း သို့မဟုတ် လေဆိပ် သို့မဟုတ် ပြည်တွင်းကုန်သေတ္တာစခန်းတို့ရှိ တာဝန်ကျအကောက်ခွန်အရာရှိက စစ်ဆေးရမည်။

၁၇၈။ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ တင်ပို့မှုအတွက် အောက်ပါ လုပ်ထုံးလုပ်နည်း အတိုင်း လိုက်နာရမည်-

(က) သင်္ဘောကုန်တင်တန်ဆာ၊ ကုန်ပစ္စည်းတန်ဖိုးစာရင်း၊ ကုန်ထုပ်ပိုးစာရင်းတို့ကို တာဝန်ကျအကောက်ခွန်အရာရှိထံ တင်ပြရာတွင်အောက်ပါအချက်များပါဝင်ရမည်-

(၁) ပစ္စည်းအမျိုးအစား၊ အရေအတွက်၊

(၂) ရွှေ၊ ငွေ၊ ရွှေဖြူ၊ စိန်၊ ပတ္တမြား၊ နီလာ၊ ဥသသဖရားစသည့် အဖိုးတန်ပစ္စည်း၊ ရတနာ ပစ္စည်းများ၏ အလေးချိန် နှင့် သန့်စင်မှုရာခိုင်နှုန်း၊ ကာရက်၊

(၃) ကျောက်မျက်ရတနာအမျိုးအစားအလိုက် တစ်ခုချင်းစီ၏ သင်္ဘောပေါ်ရောက် တန်ဖိုး၊ အရေအတွက်နှင့် စုစုပေါင်းတန်ဖိုး၊

(ခ) စီးပွားရေးလုပ်ငန်းတစ်ခုသည် ကျောက်မျက်ရတနာများကို အသိအမှတ် ပြုထားသောအဖွဲ့မှ နိုင်ငံတော်၏ အသိအမှတ်ပြုစံနှုန်းပေါ်တွင် အခြေခံ၍ ထုတ်ပေးသည့် ဈေးနှုန်းဖြင့် တင်ပို့နိုင်သည်။ ယင်းဈေးနှုန်းသည် လက်ရှိဖြစ်ပေါ်နေသော ရွှေ ဈေးနှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာကို မြန်မာကျပ်ငွေဖြင့် လဲလှယ်သောနှုန်းထားတို့ အပေါ်တွင်အခြေခံရမည်။ သို့သော် အသိအမှတ်ပြုထားသောအဖွဲ့မှ ထုတ်ပေးသည့် ဈေးနှုန်း အတည်ပြုလက်မှတ်အား သင်္ဘောတင်ပို့မှုရက်ထက် ရုံးဖွင့်ရက် သုံးရက်စော ၍ ထုတ်ပေးခြင်းမပြုရ။ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ် ထုတ်ပြန် ထားသောရက်အတိုင်းဖြစ်ရမည်။

(ဂ) စီးပွားရေးလုပ်ငန်း တစ်ခုသည်ကုန်ပစ္စည်း တင်ပို့မှုကို နိုင်ငံခြားစာတိုက်လုပ်ငန်း သို့မဟုတ် ချောပို့လုပ်ငန်းမှ တစ်ဆင့် စာတိုက်တင်ပို့မှု သို့မဟုတ် ချောပို့လုပ်ငန်း လုပ်ထုံးလုပ်နည်းအရတင်ပို့နိုင်သည်။

(ဃ) စီးပွားရေးလုပ်ငန်းတစ်ခုသည် အခြားသောစီးပွားရေးလုပ်ငန်း သို့မဟုတ် ကုန် တင်ပို့သူ သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းမှတစ်ဆင့် အောက်ပါအခြေအနေများနှင့် အညီ ကုန်ပစ္စည်းများတင်ပို့ခြင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်-

(၁) ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းတွင် ထုတ်လုပ်ထားခြင်း သို့မဟုတ် တိုးချဲ့မွမ်းမံ ထားခြင်း ဖြစ်ရမည်။

(၂) စီးပွားရေးလုပ်ငန်းတစ်ခုသည်အခွင့်ရလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စည်းကမ်း ချက်များကို ဆက်လက်လိုက်နာရမည်။

(၃) ပို့ကုန်အမှာစာများ ရရှိပါက ဤနည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို စီးပွားရေးလုပ်ငန်းခွင်မှ လေဆိပ်သို့မဟုတ်ဆိပ်ကမ်းသို့တိုက်ရိုက် လွှဲပြောင်းပေးရမည်။

(င) ကုန်တင်ပို့သည့် စီးပွားရေးလုပ်ငန်းမှတစ်ဆင့် တင်ပို့မှုအတွက် ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ကုန်ပစ္စည်းများကို အထူးစီးပွားရေးဇုန်မှ တိုက်ရိုက် သို့မဟုတ် အခြားဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ရာတွင် သိုလှောင်ရုံတစ်ခုမှ အခြားသိုလှောင်ရုံတစ်ခုသို့ ကုန်ပစ္စည်းများ ရွှေ့ပြောင်းသကဲ့သို့ အထူးစီးပွားရေးဇုန်မှ အဆိုပါဆိပ်ကမ်း သို့ တိုက်ရိုက်ရွှေ့ပြောင်းနိုင်သည်။

(၂) ပို့ကုန်စာရွက်စာတမ်းတွင် စီးပွားရေးလုပ်ငန်းအမည်နှင့် တင်ပို့သူကုန်သည်၏ အမည်ပါရှိရမည်။

(စ) ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ်ကင်းလွတ်ဇုန်လုပ်ငန်းသည် အခြားသော ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းထံသို့ ကုန်ပစ္စည်းများကို အောက်ပါ လုပ်ထုံးလုပ်နည်းများအရ လွှဲပြောင်းပေးနိုင်သည်။ ယင်းကုန်ပစ္စည်းများတွင် ပြည်ပမှတင်သွင်းထားသော ကုန်ပစ္စည်းများနှင့် ပြည်တွင်းအကောက်ခွန် နယ်မြေမှ ဝယ်ယူထားသော ကုန်ပစ္စည်းများလည်း ပါဝင်သည်-

(၁) လက်ခံသည့်လုပ်ငန်းနှင့် ထောက်ပံ့ပေးသည့်လုပ်ငန်းသည် မတူညီသော အထူးစီးပွားရေးဇုန်တွင် တည်ရှိပါက ယင်းတို့အကြား ကုန်ပစ္စည်းများ လွှဲပြောင်းရာတွင် ချိတ်ပိတ်ကုန်သေတ္တာ သို့မဟုတ် ချိတ်ပိတ်မော်တော်ယာဉ်ဖြင့် သယ်ဆောင် လွှဲပြောင်းရမည်။

(၂) ထောက်ပံ့ပေးသည့်လုပ်ငန်းသည် ကုန်အရောင်းအဝယ်စာချုပ်၊ ကုန်ပစ္စည်း လွှဲပြောင်းရခြင်း အကြောင်းအရင်းဖော်ပြရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ၊ ကုန်ပို့လွှာနှင့် ကုန်ထုပ်ပိုးစာရင်းတို့ကို ယင်းတည်ရှိသော အထူးစီးပွားရေးဇုန်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိသို့ တင်ပြရမည်။ တာဝန်ကျ အကောက်ခွန်အရာရှိမှ ကုန်ပစ္စည်းလွှဲပြောင်းမှု ခွင့်ပြုစာထုတ်ပေး၍ ကုန်ပစ္စည်း တင်ပို့မည့်ကုန်သေတ္တာ သို့မဟုတ် မော်တော်ယာဉ်အားချိတ်ပိတ်ကာ ကုန်ပစ္စည်း များကို အခြားအထူးစီးပွားရေးဇုန်သို့ လွှဲပြောင်းခွင့်ပြုရမည်။

(၃) လက်ခံသည့်လုပ်ငန်းသည် ကုန်အရောင်းအဝယ်စာချုပ်၊ ကုန်ပစ္စည်းလွှဲပြောင်း ရခြင်းအကြောင်းအရင်းဖော်ပြရန် လိုအပ်သည့်စာရွက်စာတမ်းများ၊ ကုန်ပို့လွှာ နှင့် ကုန်ထုပ်ပိုးစာရင်းနှင့် ထောက်ပံ့မည့်လုပ်ငန်းတည်ရှိသည့် အထူးစီးပွားရေး ဇုန်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိ၏ ကုန်ပစ္စည်း လွှဲပြောင်းမှုခွင့်ပြုစာတို့ကို

ယင်းတည်ရှိသော အထူးစီးပွားရေးဇုန်ရှိ တာဝန်ကျ အကောက်ခွန်အရာရှိထံသို့ တင်ပြရမည်။

(၄) လက်ခံသည့်လုပ်ငန်းမှ တင်ပြလာသည့် စာရွက်စာတမ်းများကို တာဝန်ကျ အကောက်ခွန်အရာရှိမှ စိစစ်၍ လွှဲပြောင်းကုန်ပစ္စည်းများကို အကောက်ခွန် ရှင်းလင်းပေးရမည်။

(၅) လက်ခံသည့်လုပ်ငန်းမှနေ၍ ကုန်ပစ္စည်းလက်ခံလက်မှတ်ကို ထောက်ပံ့သည့် လုပ်ငန်းတည်ရှိသည့် အထူးစီးပွားရေးဇုန်၏ တာဝန်ကျ အကောက်ခွန် အရာရှိထံသို့ လက်ခံရရှိပြီး ၄၅ ရက်အတွင်း တင်ပြရမည်။ ပျက်ကွက်ပါက ထောက်ပံ့သည့်လုပ်ငန်း၏ တာဝန်ကျ အကောက်ခွန်အရာရှိသည် လက်ခံသည့် လုပ်ငန်းအပေါ် ဆုံးဖြတ်ပိုင်ခွင့် (စည်းကြပ်ခွင့်) ရှိသည့် အကောက်ခွန်အရာရှိထံ ယင်းပျက်ကွက်မှုကို ဆက်သွယ်အကြောင်းကြား၍ လက်ခံသည့်လုပ်ငန်းမှ ကျသင့်သော အခွန်ပေးဆောင်စေရန် တင်ပြရမည်။

(၆) အကယ်၍ ထောက်ပံ့သည့်လုပ်ငန်းနှင့် လက်ခံသည့်လုပ်ငန်းသည် တူညီသော အထူးစီးပွားရေးဇုန်တွင်ရှိပါက ကုန်ကြမ်းပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများ လွှဲပြောင်းမှုအတွက် လွှဲပြောင်းလက်ခံမှု စာရင်းများထားရှိ၍ အခြားစာရွက်စာတမ်းများတင်ပြရန်မလိုအပ်ဘဲ ကုန်ပစ္စည်းများရွှေ့ပြောင်းမှုကို ခွင့်ပြုရမည်။

## အခန်း (၁၉)

## အထူးစီးပွားရေးဇုန်မှပြည်တွင်းအကောက်ခွန်နယ်မြေသို့ရွှေ့ပြောင်းနိုင်သောကုန်ပစ္စည်းများ တင်ပို့ဖြန့်ဖြူးခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များ

၁၇၉။ ကင်းလွတ်ဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများအား ယင်းတို့ ကိုယ်တိုင် ထုတ်လုပ်ထားသောကုန်ချောပစ္စည်းတန်ဖိုး၏ အများဆုံး ၂၅ ရာခိုင်နှုန်း သို့မဟုတ် ယင်းတို့ ကိုယ်တိုင် ကင်းလွတ်ဇုန်အတွင်းသို့ တင်သွင်းထားသော မည်သည့်ကုန်ပစ္စည်းကိုမဆို လုပ်ငန်း မြှင့်တင်ရေးဇုန်အပါအဝင် ပြည်တွင်းဈေးကွက်သို့ ရောင်းချခွင့်ပြုသည်။ လုပ်ငန်းမြှင့်တင်ရေးဇုန် သို့မဟုတ် ပြည်တွင်းဈေးကွက်ရှိ ကုန်ပစ္စည်းဝယ်ယူသူက ဝယ်ယူသည့် ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းသကဲ့သို့ အခွန်အခများပေးဆောင်ရမည်။

၁၈၀။ ကင်းလွတ်ဇုန်လုပ်ငန်းမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်း ဈေးကွက်သို့ ရောင်းချမှုအတွက် နည်းဥပဒေ ၁၇၉ ပါအတိုင်း ဆောင်ရွက်ရမည်။

၁၈၁။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းမှ တင်သွင်းထားသည့် ကုန်ပစ္စည်းများကို ပြည်တွင်း အကောက်ခွန်နယ်မြေရှိ တစ်ဦးဦးအားပြန်လည်ရောင်းချခြင်း၊ ကုန်ပို့လွှာ ပြန်လည်ထုတ်ခြင်း၊ ပြန်လည် တင်ပို့ခြင်း ပြုလုပ်ပါကနည်းဥပဒေ ၁၇၉ ပါအတိုင်းဆောင်ရွက်ရမည်။

၁၈၂။ ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်ရှိ စီးပွားရေး လုပ်ငန်းမှ ကုန်ထုတ်လုပ်စဉ် ထွက်ရှိသော လေလွင့်ပစ္စည်းများ၊ ဖြတ်စညှပ်စများ၊ ဘေးထွက်ပစ္စည်းများ၊ ပယ်ချပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်း အကောက်ခွန်နယ်မြေတွင် ရောင်းချပါက အကောက်ခွန်ပေးဆောင်မှုကို ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းမှ တင်သွင်းသော သို့မဟုတ် ထုတ်လုပ်သောကုန်ပစ္စည်းများအား ပြည်တွင်း အကောက်ခွန်နယ်မြေသို့ ရောင်းချသည့်အခါ မြန်မာနိုင်ငံအတွင်းသို့ အလားတူကုန်ပစ္စည်းများ တင်သွင်းလျှင် ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်။

၁၈၃။ ပြည်တွင်း အကောက်ခွန်နယ်မြေမှ ရယူပြီး ထုတ်လုပ်မှု လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမပြုဘဲ ရောင်းချသောကုန်စည်များအတွက် သွင်းကုန်လိုင်စင် မလိုအပ်ပါ။

၁၈၄။ အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူတစ်ဦးမှ ရင်းနှီးတည်ဆောက်သောလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ပိုလျှံထွက်လာသော လျှပ်စစ်စွမ်းအင်ကို လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားလုပ်ငန်းများမှအပ ပြည်တွင်းအကောက်ခွန်နယ်မြေသို့ လွှဲပြောင်းရောင်းချပါက လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရာ၌ သုံးစွဲသော သုံးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများအပေါ် အခွန်အခပေးဆောင်ရမည်။

၁၈၅။ ပိုလျှံ၍ထွက်ရှိလာသော လျှပ်စစ်စွမ်းအင်ကို ရောင်းချရန် စီမံခန့်ခွဲမှုကော်မတီမှ လက်ခံ ရရှိသော အဆိုပြုလွှာကို လိုအပ်ပါက အဆိုပါကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်ပင် ဆွေးနွေးစစ်ဆေးရမည်။ အကယ်၍တူညီသော အထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်ဓါတ်အား ရောင်းချမည်ဆိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်ပင်ဆွေးနွေးမှုထပ်မံပြုလုပ်ရန်မလို။

၁၈၆။ အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခုမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှု အတွက် စံသတ်မှတ်ချက်များကို စီမံခန့်ခွဲမှုကော်မတီက အတည်ပြုသတ်မှတ် ပေးရမည်။

၁၈၇။ တူညီသောအထူးစီးပွားရေးဇုန် သို့မဟုတ် အခြားအထူးစီးပွားရေးဇုန်ရှိ ရင်းနှီး တည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများသို့ ပိုလျှံသော လျှပ်စစ်စွမ်းအင်ရောင်းချရာတွင် အခွန်အခ ပေးဆောင်ရန်မလို။

၁၈၈။ ပြည်တွင်းအကောက်ခွန်နယ်မြေများသို့ လျှပ်စစ်စွမ်းအင်ရောင်းချမှုအတွက် စီမံခန့်ခွဲမှု ကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူရန် လိုအပ်သည်။

၁၈၉။ ပြည်တွင်းအကောက်ခွန်နယ်မြေသို့ ရောင်းချသော ပိုလျှံလျှပ်စစ်စွမ်းအင်အတွက် အခွန်အခ များကို ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပေးဆောင်ရမည်။

၁၉၀။ ပြည်တွင်းသုံးစွဲမှုအတွက်ဝယ်ယူသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ -

(က) ပြည်တွင်း အကောက်ခွန်နယ်မြေမှ ဝယ်ယူသူသည် သွင်းကုန်ကြေညာလွှာတွင် ကုန်ပစ္စည်းနှင့်ပတ်သက်သော ဖော်ပြချက်၊ မော်ဒယ်နံပါတ်၊ အမှတ်စဉ်နံပါတ်တို့ကို

ဖော်ပြပြီးကုန်တန်ဖိုးစာရင်း၊ ထုပ်ပိုးကုန်စာရင်းများနှင့်အတူ တာဝန်ကျ အကောက်ခွန် အရာရှိထံတင်ပြရမည်။

(ခ) ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းတစ်ခုသည်လည်း ယင်း ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းအကောက်ခွန် နယ်မြေမှ ဝယ်ယူသူ၏ ခွင့်ပြုချက်ဖြင့် ယင်းကိုယ်စား သွင်းကုန်ကြေညာလွှာကို တာဝန်ကျ အကောက်ခွန် အရာရှိထံ တင်ပြနိုင်သည်။

၁၉၁။ ပြည်တွင်း အကောက်ခွန်နယ်မြေသို့ ရှင်းလင်းထုတ်ယူသည့် ကုန်ပစ္စည်းများ တန်ဖိုး သတ်မှတ်ခြင်းကို တင်သွင်းသော ကုန်ပစ္စည်းများအပေါ် ကျင့်သုံးသည့်အကောက်ခွန် ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရမည်။

၁၉၂။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းသည်ပြည်တွင်း အကောက်ခွန် နယ်မြေမှ ဝယ်ယူရရှိသော ကုန်ပစ္စည်းများကို ပြည်တွင်းအကောက်ခွန်နယ်မြေသို့ မူလပုံစံအတိုင်း သို့မဟုတ် သိသာသောပြောင်းလဲ ထုတ်လုပ်ခြင်းမပြုလုပ်ဘဲ ပြန်လည်ပေးပို့ပါက ပြန်လည် တင်သွင်းသော ကုန်ပစ္စည်းများဟု မှတ်ယူပြီး မြန်မာနိုင်ငံပြင်ပမှ ပြန်လည် တင်သွင်းသော တင်ပို့မှုများအပေါ် ကျင့်သုံးသည့်လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။ ယင်းကုန်ပစ္စည်းများအတွက် သွင်းကုန်ခွန်ပေးဆောင်ရန်မလို။ ယင်းပစ္စည်းများအတွက်ကုန်တင်ပို့မှု အကျိုးအမြတ်ကိုလည်းပေးရန်မလို။ ယင်းပစ္စည်းများ ပြန်လည်တင်သွင်းခြင်းကို ကုန်ပို့လွှာအပေါ် အခြေခံ၍ ပြည်တွင်း အကောက်ခွန်နယ်မြေသို့ ပြန်လည်တင်သွင်းခွင့်ပြုနိုင်ပြီး အဆိုပါ ကိစ္စရပ်များတွင် သွင်းကုန် ကြေညာလွှာမလို။

၁၉၃။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းသည် အထူး စီးပွားရေးဇုန် အတွင်းရှိ အခွင့်ရလုပ်ငန်းဆောင်ရွက်မှုအတွက် တင်သွင်း၍ အသုံးပြုခဲ့သော မတည်ပစ္စည်းများကို ပြည်တွင်း အကောက်ခွန်နယ်မြေသို့ တင်သွင်းရာတွင် မူလအခွန် ကင်းလွတ်ခွင့်ရခဲ့သည့် အကောက်ခွန် ပမာဏကို ပေးဆောင်၍ ရွှေ့ပြောင်းနိုင်သည်။

၁၉၄။ ကင်းလွန်ဇုန်ရှိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ရသော ကုန်သွယ်ရေး လုပ်ငန်း သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းက တင်သွင်းသောမတည်ပစ္စည်းများကို ပြည်တွင်းအကောက်ခွန် နယ်မြေသို့ ရောင်းချသောကိစ္စရပ်များ၌ လိုအပ်ပါက တင်သွင်းချိန်တွင် အခွန်ကောက်ခံနိုင်သည်။

၁၉၅။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းမှ ပြည်တွင်း အကောက်ခွန်နယ်မြေသို့ အခွန်ပေးဆောင်၍ ထောက်ပံ့ထားသော ကုန်ပစ္စည်းများကို ပြင်ဆင်ရန် ရည်ရွယ်၍ ရှင်းလင်းဆောင်ရွက်သည့်နေ့ရက်မှ ခြောက်လအတွင်းဖြစ်စေ၊ တာဝန်ခံ အကောက်ခွန် အရာရှိက ခွင့်ပြုသော သက်တမ်းတိုး ကာလ သို့မဟုတ် အာမခံကာလအတွင်းဖြစ်စေ၊ ယင်းတို့အနက် နောက်အကျဆုံးသော အချိန်ကာလအတွင်းဖြစ်စေ ကင်းလွတ်ဇုန်ရှိ စီးပွားရေး လုပ်ငန်း သို့မဟုတ်

ကင်းလွတ်ဇုန် လုပ်ငန်းထံသို့ တာဝန်ခံ အကောက်ခွန်အရာရှိက တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများကို မှန်မမှန်စစ်ဆေး၍ ကျေနပ်မှုရှိပါက ပြင်ဆင်မှု တန်ဖိုးပေါ်တွင်အခွန် ပေးဆောင်၍ ယူဆောင်နိုင်သည်။

၁၉၆။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပြည်တွင်းအကောက်ခွန်နယ်မြေသို့ အခွန်ပေးဆောင်ရန်မလိုဘဲ ယာယီ ရွှေ့ပြောင်းနိုင်သည်-

(က) ကာလတိုအတွက် ဆောက်လုပ်ရေးသုံးတန်ဖိုးကြီး စက်ပစ္စည်းနှင့် ကိရိယာ တန်ဆာပလာများ၊

(ခ) ပြင်ဆင်ရန် ပြန်ပို့မည့် မတည်ပစ္စည်းနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ၊

(ဂ) နမူနာပြသရန် သို့မဟုတ် ပို့ကုန်မြှင့်တင်ရန်အတွက် ကုန်စည်ပြပွဲတွင်ပြသပြီး ပြန်လည် တင်ပို့မည့် ပစ္စည်းများ၊

(ဃ) စမ်းသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ သန့်စင်ခြင်း စံကိုက်ချိန်ညှိခြင်းများ ဆောင်ရွက်ပြီးပြန်လည် တင်ပို့မည့်ပစ္စည်းများ၊

(င) အထူးစီးပွားရေးဇုန်ရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးတည်ဆောက်သူတို့၏ တရားဝင်ဝန်ထမ်းများ၏ ကွန်ပျူတာနှင့် ကွန်ပျူတာကဲ့သို့ အသုံးပြုနိုင်သော ပစ္စည်းများ သို့မဟုတ် တစ်ကိုယ်ရည်သုံး ပစ္စည်းများ၊

(စ) စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရရှိပြီးသောပစ္စည်းများ၊

၁၉၇။ ကင်းလွတ်ဇုန်မှပြည်တွင်းအကောက်ခွန်နယ်မြေ သို့မဟုတ် ပြည်ပသို့ပြင်ဆင်ရန် သို့မဟုတ် အစားထိုးရန် သို့မဟုတ် အရည်အသွေး စစ်ဆေးရန် သို့မဟုတ် သုတေသနပြုလုပ်ရန် သို့မဟုတ် အရည်အသွေးမြှင့်တင်ရန် သို့မဟုတ် စံကိုက်ချိန်ညှိရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းထားသော ကုန်ပစ္စည်းများကို ရွှေ့ပြောင်းလိုပါက တာဝန်ခံအကောက်ခွန်အရာရှိထံ တင်ပြ၍ သတင်းပေးပို့ မှတ်တမ်းတင်ထားရှိပြီးရွှေ့ပြောင်းနိုင်သည်။

၁၉၈။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ်ကင်းလွတ်ဇုန် လုပ်ငန်းသည် ကုန်ပစ္စည်း များကို အရည်အသွေးစစ်ဆေးရန် သို့မဟုတ် သုတေသနပြုလုပ်ရန် သို့မဟုတ် နည်းပညာ မြှင့်တင်ရန်ရည်ရွယ်၍ အသိအမှတ်ပြုခံထားရသော ဓါတ်ခွဲခန်း သို့မဟုတ် အဖွဲ့အစည်းသို့ ရွှေ့ပြောင်းရာတွင် အခွန်ပေးဆောင်ရန်မလိုဘဲ သက်ဆိုင်ရာ တာဝန်ကျ အကောက်ခွန်အရာရှိထံ အဆိုပါပစ္စည်းများကို ပြန်လည်ယူဆောင်လာပါမည်ဟူသော ခံဝန်ကတိဖြင့် ရွှေ့ပြောင်းနိုင်သည်။ အဆိုပါ ကုန်ပစ္စည်းများကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၌ အသုံးပြုစဉ်နှင့် အရည်အသွေး မြှင့်တင်ရေး ဆောင်ရွက်စဉ်တွင် ကုန်ဆုံးခြင်းနှင့်ပျက်စီးမှုများဖြစ်ပေါ်လာပါက အဆိုပါဓါတ်ခွဲခန်း သို့မဟုတ်အဖွဲ့အစည်းမှ ထောက်ခံချက်အား ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းက တာဝန်ခံ အကောက်ခွန်အရာရှိထံတင်ပြရမည်။

၁၉၉။ နည်းဥပဒေ ၁၉၆ မှ ၁၉၇ အထိပြဋ္ဌာန်းချက်များအရ ကုန်ပစ္စည်းများ ရွှေ့ပြောင်းသည့် ကိစ္စရပ်များတွင် ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း၊ ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် ကုမ္ပဏီပိုင်ရှင် သို့မဟုတ် ကုမ္ပဏီ အတွင်းရေးမှူး သို့မဟုတ် ယင်းတို့၏ တရားဝင်ကိုယ်စားလှယ်က မှန်ကန်ကြောင်း အတည်ပြု ထားသည့် အမှတ်စဉ် နံပါတ်ပါရှိသော စာရွက်စာတမ်းများအပေါ်အခြေခံ၍ ဆောင်ရွက်ရမည်။

၂၀၀။ မှန်ကန်ကြောင်း အတည်ပြု ထားသည့် အမှတ်စဉ်နံပါတ်ရှိသော စာရွက်စာတမ်းများကို အသုံးမပြုမီ တာဝန်ကျအကောက်ခွန်အရာရှိထံသို့ အဆိုပါအမှတ်စဉ်များကို ကြိုတင်တင်ပြ ကြေညာရမည်။

၂၀၁။ ကုန်ပစ္စည်းများကို စမ်းသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် တိုင်းတာခြင်းလုပ်ငန်း တွင် အသုံးပြုပြီးနောက် ပြန်လည်လက်ခံရရှိသောပစ္စည်းများ၏ အမှတ်အသားများ၊ မော်ဒယ်နံပါတ် များ၊ အမှတ်စဉ်နံပါတ်များနှင့် အခြားသော ဖော်ပြချက်များသည် ပြည်တွင်း အကောက်ခွန် နယ်မြေသို့ ထုတ်ယူစဉ်က တာဝန်ကျ အကောက်ခွန်အရာရှိက လက်မှတ်ရေးထိုးထားပြီး ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူ၏ တရားဝင် ကိုယ်စားလှယ်ကတင်ပြသော မှန်ကန်ကြောင်းအတည်ပြုထားသည့် နံပါတ်စဉ်ပါရှိသော စာရွက်စာတမ်းတွင် ဖော်ပြချက်များနှင့်ကိုက်ညီမှုရှိရမည်။

၂၀၂။ အဆိုပါကင်းလွတ်ဇုန်မှ ယူဆောင်သွားမည့်ပစ္စည်းများသည် စတင်ယူဆောင်သွားရန် ခွင့်ပြု သည့်နေ့မှစ၍ ရက်ပေါင်း ၁၂၀ အတွင်း သို့မဟုတ် တာဝန်ခံ အကောက်ခွန်အရာရှိက တိုးမြှင့် သတ်မှတ်ပေးထားသော ကာလအတွင်း ပြန်လည်ယူဆောင်လာရမည်။

၂၀၃။ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ်ကင်းလွတ်ဇုန် လုပ်ငန်း သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် နည်းဥပဒေ ၂၀၂ တွင် ဖော်ပြထားသည့် ကာလအတွင်း ယင်း ပစ္စည်းများကို ပြန်လည် ယူဆောင်လာရန် ပျက်ကွက်ပါက အဆိုပါယူဆောင်သွားသည့် ကုန်ပစ္စည်းများအတွက် ကျသင့်ခွန်များကို ပေးဆောင်စေရမည်။

၂၀၄။ နည်းဥပဒေ ၂၀၃ အရ ကင်းလွတ်ဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းမှ မတည်ပစ္စည်းအပါအဝင် ကုန်ပစ္စည်းများကို ယင်းကင်းလွတ်ဇုန်အတွင်းရှိ အခြားသော လုပ်ငန်း သို့မဟုတ် ပြည်တွင်းအကောက်ခွန်နယ်မြေရှိ စီးပွားရေး လုပ်ငန်းတစ်ခုသို့ စမ်းသပ်ရန် သို့မဟုတ် ပြင်ဆင်ရန် သို့မဟုတ် တိုင်းတာစစ်ဆေးရန် သို့မဟုတ် ပြန်လည် တည်ဆောက်ရန် သို့မဟုတ် ပြန်လည်သယ်ဆောင်ရန် ရွှေ့ပြောင်းနိုင်သည်။ ထိုကဲ့သို့တူညီသော အထူးစီးပွားရေးဇုန် အတွင်း လွှဲပြောင်းသော ကိစ္စရပ်များ၌ လွှဲပြောင်းခြင်းကို ပေးပို့လက်ခံသည့် နေရာများ၌မှတ်တမ်းများ ထားရှိ၍ဆောင်ရွက်နိုင်သည်။

## အခန်း(၂၀)
## ကူးစက်ရောဂါစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၀၅။ ကူးစက်ရောဂါများ စစ်ဆေးရန်လိုအပ်ပါက သက်ဆိုင်ရာအထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနရှိ တာဝန်ခံ အကောက်ခွန်အရာရှိသည် ယင်းဌာနရှိ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူထံ အကြောင်းကြားရမည်။

၂၀၆။ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနရှိ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူသည်ပုံမှန်စစ်ဆေးမှုကို ဆောင်ရွက်နိုင်သည်။

၂၀၇။ အသေးစိတ်စစ်ဆေးရန်လိုအပ်ပါကစီမံခန့်ခွဲမှုကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍သက်ဆိုင်ရာ ကျွမ်းကျင်သူများကို အဆိုပါစစ်ဆေးမှုဆောင်ရွက် ပေးရေးအတွက် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်ဌာနသို့ ခေါ်ယူကာ စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်စေရမည်။

၂၀၈။ စီမံခန့်ခွဲမှုကော်မတီသည် စစ်ဆေးတွေ့ရှိချက်အရ တစ်စုံတစ်ရာ ဆက်လက် အရေးယူဆောင်ရွက်ရန် လိုအပ်လာပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၂၁)
## အလုပ်သမား၊အလုပ်ခန့်အပ်ခြင်းဆိုင်ရာကိစ္စရပ်များ

၂၀၉။ စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန်အတွင်း အလုပ်သမားနှင့် သက်ဆိုင်သောကိစ္စများတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အလုပ်ခန့်အပ်ခြင်း သဘောတူညီချက်များကိုတည်ဆဲအလုပ်သမားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ရမည်။အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်ခန့်အပ်ခြင်းသဘောတူညီချက်တွင် အလုပ်သမားအခွင့်အရေးနှင့် တာဝန်များကိုညှိနှိုင်းဖော်ပြရမည်။ ထို့အပြင်အနိမ့်ဆုံးလုပ်အားခ၊ လစာ၊ ခွင့်ရက်၊ ပိတ်ရက်၊ အချိန်ပိုကြေး၊ အလုပ်ရပ်စဲမှုနစ်နာကြေး၊ အလုပ်သမားလျော်ကြေးများ ရရှိရေးအတွက်လည်း တည်ဆဲအလုပ်သမားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရမည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးတည်ဆောက်သူတို့သည် အလုပ်သမားခန့်အပ်ရေးဆိုင်ရာဌာနတွင်းစည်းမျဉ်းများကိုရေးဆွဲ၍ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြထားရမည်။

(ခ) အလုပ်သမားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများ၏အခွင့်အရေးများကို ဆုံးရှုံးနစ်နာမှုမရှိစေရန်နှင့် ကာကွယ်ရန်စစ်ဆေးကြီးကြပ်ရမည်။ စီမံခန့်ခွဲမှုကော်မတီသည် စစ်ဆေးရေးပြုလုပ်လိုပါက ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူကို ၂၄ နာရီကြိုတင် အသိပေးရမည်။ ဤသို့စစ်ဆေးရာတွင်

သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ အလုပ်သမားဝန်ကြီး ဌာန၏ ကိုယ်စားလှယ်များနှင့် အတူစစ်ဆေးရမည်။

၂၁၀။ အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် မိမိ ကိုယ်တိုင်ပြုစုထားသော အလုပ်ခန့်အပ်မှုဆိုင်ရာ စည်းကမ်းများကို အသုံးပြုလိုပါက သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရမည်။ အလုပ်သမားခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အထူးစီးပွားရေးဇုန်များအလိုက် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၂၁၁။ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားကိုသင့်လျော်သော ရာထူးတာဝန်တွင် ခန့်အပ်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ်ရင်းနှီးမြှုပ်နှံသူနှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရာတွင် လုပ်ငန်းခွင်စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းစွာ အသိပေးပြီး ချုပ်ဆိုရမည်။

၂၁၂။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်သူ အတတ်ပညာရှင်များကို ဥပဒေပုဒ်မ ၇၅ တွင် ပြဋ္ဌာန်းထားသည့် အရေ အတွက်ထက်ပိုမို၍ ထပ်မံခန့်ထားလိုပါက စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်။

၂၁၃။ စီမံခန့်ခွဲမှုကော်မတီသည် နည်းဥပဒေ ၂၁၂ အရ လျှောက်ထားမှုကို လက်ခံရရှိ သည့်အခါ အောက်ပါအချက်များအားစိစစ်၍ လျှောက်ထားမှုကို ခွင့်ပြုနိုင်သည်-

(က) ခန့်ထားသည့် နိုင်ငံခြားသားအား တာဝန်ပေးအပ်မည့် လုပ်ငန်းတာဝန်ကို မြန်မာ နိုင်ငံသားများက တာဝန်ယူဆောင်ရွက်နိုင်ခြင်းရှိ-မရှိ ။

(ခ) ခန့်ထားမည့် နိုင်ငံခြားသားအား ပေးအပ်မည့်တာဝန်သည် ခွင့်ပြုထားသည့် လုပ်ငန်းနှင့် ဆီလျော်မှု ရှိ-မရှိ။

၂၁၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန်ရှိ နိုင်ငံခြားသားများအတွက် အလုပ်လုပ်ခွင့်ပါမစ်ကို လုပ်ငန်းမစတင်မီ သက်ဆိုင်ရာ တစ်နေရာ တည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ အလုပ်သမားဝန်ကြီးဌာန၏ ကိုယ်စားလှယ်ထံမှ ကြိုတင်ရယူရမည်။

၂၁၅။ နိုင်ငံသားနှင့် နိုင်ငံခြားသားအလုပ်သမား မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီ သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနမှဆောင်ရွက်ရမည်။

၂၁၆။ အထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းရှင်သည် မိမိအလုပ်သမားနှင့် ဝန်ထမ်းများ၏ အလုပ်ခွင်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ စီမံခန့်ခွဲရေးကျွမ်းကျင်မှုဆိုင်ရာ တိုးတက်မှုအတွက် လိုအပ်

သည့်သင်တန်းများကို စီစဉ်ပံ့ပိုးပေးရန် တာဝန်ရှိသည်။ စီမံခန့်ခွဲမှုကော်မတီသည် အလုပ်သမား များအတွက် လုပ်ငန်းရှင်များ၏ အခါအားလျော်စွာ စီစဉ်မည့် သင်တန်းများ၊ အစီရင်ခံစာများကို တင်ပြရန်တောင်းခံရမည်။

၂၁၇။ အထူးစီးပွားရေးဇုန်တွင် အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသားများသည် ဗီဇာသက်တမ်း တိုးခြင်း၊ နေထိုင်ခွင့်ဆိုင်ရာ ခွင့်ပြုမိန့်လျှောက်ထားခြင်းစသည့် လူဝင်မှုကြီးကြပ် ရေးဆိုင်ရာကိစ္စ ရပ်များကို သက်ဆိုင်ရာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။

၂၁၈။ အထူးစီးပွားရေးဇုန်အတွင်း အလုပ်ရှင်နှင့်အလုပ်သမား၊ အတတ်ပညာရှင်၊ ဝန်ထမ်းများ အကြား အငြင်းပွားမှုဖြစ်ပေါ်ပါကအလုပ်ရှင်သည်အငြင်းပွားမှုဖြစ်ပွားသည့် အချိန်မှစတင်၍ **၂၄ နာရီ အတွင်း** သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံ သို့ အသိပေး တင်ပြရမည်။

## အခန်း(၂၂)

## အထွေထွေ

၂၁၉။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည်မိမိ၏ ကုမ္ပဏီအဖွဲ့အစည်း၊ စီးပွားရေး လုပ်ငန်းများကို ဆန္ဒအလျောက်ရပ်ဆိုင်းခြင်း သို့မဟုတ် စာရင်းဖျက်သိမ်းခြင်း သို့မဟုတ် မတည်ငွေရင်း လျှော့ချခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အသိပေး တင်ပြ ရမည်။

၂၂၀။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန်ရှိ ကင်းလွတ်ဇုန်သို့ ပုံမှန် ဝင်ရောက်သူ လုပ်ငန်းရှင်များနှင့် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများတွင်ခန့်အပ်ထားသော ဝန်ထမ်းများအား သက်တမ်းငါးနှစ်ရှိသော စိစစ်ရေးကတ်ပြားကို ပုံစံ(၉)ဖြင့် ထုတ်ပေးရမည်။

၂၂၁။ အဆိုပါ စိစစ်ရေး ကတ်ပြား ကိုင်ဆောင်သူသည်-

(က) မိမိလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်း ရပ်ဆိုင်းသွားသည့်အခါ ရပ်ဆိုင်းသည့်နေ့မှ စ၍ စိစစ်ရေး ကတ်ပြားများကို ပြန်လည်အပ်နှံစေရမည်။

(ခ) မိမိ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းတွင် သို့မဟုတ်ရင်းနှီးတည်ဆောက်သူ ထံတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါကယင်းနေ့မှစ၍ စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်အပ်နှံရမည်။

၂၂၂။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ကင်းလွတ်ဇုန်အတွင်း လာရောက်သည့် ကန်ထရိုက်တာများ နှင့် ယင်းတို့နှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များအား စိစစ်ရေးကတ်ပြားကို ပုံစံ(၉) ဖြင့် ထုတ်ပေးရမည်။ ကင်းလွတ်ဇုန် ဂိတ်တွင်လည်းအဝင်အထွက် စာရင်းများကိုမှတ်တမ်းဖြင့် ထိန်းသိမ်းရမည်။

၂၂၃။ ဤနည်းဥပဒေများတွင် သီးခြားသတ်မှတ်ထားခြင်းမရှိပါက ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ကုန်ပစ္စည်းများကို အထူးစီးပွားရေးဇုန်အတွင်းသို့ တင်သွင်းခြင်း၊ အထူးစီးပွားရေးဇုန်မှ တင်ပို့ခြင်းများအတွက် ကိုယ်တိုင်ကြေညာခြင်း ပြုလုပ်ရမည်။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ သီးခြားအမိန့်မရှိလျှင် ယင်းကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပုံမှန် စစ်ဆေးခြင်းပြုရန်မလို။

၂၂၄။ အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်၍ လည်းကောင်း အထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ဤသို့ဖွဲ့စည်းရာတွင် လိုအပ်ပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် အထူးကုမ္ပဏီအက်ဥပဒေ သို့မဟုတ် ယင်းဥပဒေများကို ဆက်ခံသော ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖွဲ့စည်းနိုင်သည်။

၂၂၅။ ဤနည်းဥပဒေ ထုတ်ပြန်ပြီးနောက်တွင် ရင်းနှီးတည်ဆောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ လျှောက်ထားရမည်။

**ပြည်ထောင်စုဝန်ကြီး**
**အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**

ပုံစံ (က)

အထူးစီးပွားရေးဇုန် တည်ဆောက်ရန်လျှောက်လွှာ
(နည်းဥပဒေ ၂၄ ၊ နည်းဥပဒေခွဲ(က))

၁။ အမည်နှင့် လိပ်စာ(အပြည့်အစုံ)
(က) လျှောက်ထားသူအမည်
(ခ) လိပ်စာအပြည့်အစုံ
(မှတ်ပုံတင်ရုံးခွဲနှင့် ရုံးချုပ်)
(ဂ) ဓစ်ပ်ကုပ်ဒ်(သင်္ကေတ/ အမှတ်အသား)
(ဃ) တယ်လီဖုန်းအမှတ်
(င) ဖက်စ်အမှတ်
(စ) အီးမေးလ်လိပ်စာ
(ဆ) ဒါရိုက်တာများ/ လုပ်ဖော်ကိုင်ဖက်များ /
ကမကထပြုသူများ၏အမည်နှင့်လိပ်စာများ

၂။ လျှောက်ထားသည့်လုပ်ငန်းဖွဲ့စည်းပုံ
(က) အများပိုင်ကုမ္ပဏီ
(ခ) ပုဂ္ဂလိကပိုင် လီမိတက်ကုမ္ပဏီ
(ဂ) တစ်ဦးတည်းပိုင်လုပ်ငန်း
(ဃ) အစုစပ်ကုမ္ပဏီ
(င) အခြား(ဖော်ပြရန်)

မှတ်ချက်။ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ်နှင့် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများ တင်ပြရန်နှင့် အစုစပ်ဖြစ်ပါက အစုစပ်ဖွဲ့စည်းခြင်းကို ပူးတွဲတင်ပြရမည်။

၃။ အဆိုပြုလိုသည့် အထူးစီးပွားရေးဇုန်၏ တည်နေရာ

၄။ အဆိုပြုအထူးစီးပွားရေးဇုန်ဆိုင်ရာ အသေးစိတ် အချက်အလက်များ
(က) အထူးစီးပွားရေးဇုန်နှင့်အနီးဆုံး ဆိပ်ကမ်း၊ လေဆိပ်၊ ရထားလမ်း၊ ကားလမ်းတို့ မှ အကွာအဝေး၊
(ခ) အထူးစီးပွားရေးဇုန်၏အကျယ်အဝန်းကိုဟက်တာဖြင့် ဖော်ပြရန်၊
(ဂ) လျှောက်ထားသူသည်မြေပိုင်ဆိုင်သူဖြစ်ပါက ပိုင်ဆိုင်မှု အထောက်အထားများကို ဖော်ပြရန်၊
(ဃ) မြေငှားရမ်းခြင်းဖြစ်ပါက အငှားချသူနှင့် ငှားရမ်းသူတို့၏ စည်းမျဉ်း စည်းကမ်းများကို ဖော်ပြရန်၊

(င) မြေပိုင်ဆိုင်မှု မရရှိသေးပါက မြေပိုင်ဆိုင်မှု ရယူရန် လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များကို ဖော်ပြရန်၊

(စ) မြေနေရာတည်ရှိမှုသည် တစ်ဆက်တည်းရှိ-မရှိ သို့မဟုတ် အများပြည်သူသွားလာသည့် လမ်းများဖြတ်သန်းသွားလာခြင်း ရှိ- မရှိ တို့ကိုဖော်ပြရန်၊

၅။ အဆိုပြုထားသည့် ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသေးစိတ်အချက်များ ဖော်ပြရန်၊

(က) မြေငှားရမ်းခ၊ မြေအမျိုးအစားနှင့် မြေဆီမြေသား အခြေအနေ
ဥပမာ- စွန့်ပစ်မြေ/ သီးနှံစိုက်ပျိုး၍ မရသောမြေ (ကျတ်တီးမြေ)၊ တစ်သီးစား သို့မဟုတ် နှစ်သီးစားမြေ စသည်ဖြင့်

(ခ) အဆိုပြုထားသည့်အခြေခံအဆောက်အအုံကုန်ကျစရိတ်

(၁) မြေပြုပြင်ခြင်း

(၂) ခြံစည်းရိုး ကာရံခြင်း၊ လမ်း၊ ရေနုတ်မြောင်းများ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အား စသည်ဖြင့်

(၃) အသင့်တည်ဆောက်ပြီး စက်ရုံပရဝဏ် (ငှားရမ်းထားသောစက်ရုံ)

(၄) ဆိပ်ကမ်း

(၅) လေဆိပ်

(၆) အခြား (လိုအပ်ပါက အသေးစိတ် ဖော်ပြရန်)

(ဂ) စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (အမေရိကန်ဒေါ်လာဖြင့်)

၆။ ဘဏ္ဍာရေးအခြေအနေ

(က) မတည်ငွေရင်းတန်ဖိုး

(ခ) ချေးငွေ

(ဂ) ပြင်ပချေးငွေ (လိုအပ်ပါက အသေးစိတ်ဖော်ပြရန်)

(ဃ) အခြား အရင်းအမြစ်များ
စုစုပေါင်း

၇။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

(က) ရင်းနှီးမြှုပ်နှံမှုပမာ (အမေရိကန်ဒေါ်လာ မီလီယံဖြင့်)

(ခ) ရင်းနှီးမြှုပ်နှံသည့်အရင်းအမြစ် (နိုင်ငံနှင့်ကုမ္ပဏီဆိုင်ရာ အသေးစိတ်အချက်များ ဖော်ပြရန်)

၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် မတည်ငွေရင်း

(က) ခွင့်ပြုမတည်ငွေရင်း (ကျပ်ဆောင်ပေါင်း)

(၁) ထည့်ဝင်မှုပမာဏ

(၂) နှစ်စဉ်ကြေး

(၃) ထည့်ဝင်ငွေ အမျိုးအစား

မှတ်ချက်။ လက်ရှိ ကုမ္ပဏီဖြစ်ပါက လက်ရှိရင်းနှီးမှုနှင့် အဆိုပြု မတည်ငွေရင်းကို အမျိုးအစားအလိုက် ခွဲခြားဖော်ပြရန်။

(ခ) ရှယ်ယာခွဲဝေမှုပုံစံ (ကျပ်ထောင်ပေါင်း သို့မဟုတ် အမေရိကန်ဒေါ်လာထောင်ပေါင်း)

(၁) နိုင်ငံခြားရှယ်ယာပိုင်ဆိုင်မှု

(၂) မြန်မာကုမ္ပဏီ/နိုင်ငံခြားသား တစ်ဦးတည်းပိုင်ရှယ် ယာ

(၃) ပြည်တွင်းနေထိုင်သူပိုင် အစုရှယ်ယာ

(၄) စုစုပေါင်း

၉။ သတ်မှတ်နေရာတွင် မြန်မာ အထူးစီးပွားရေးဇုန် တည်ထောင်ခြင်း (အောက်ပါတို့ကို အသေးစိတ် ဖော်ပြရန်)

ဧရိယာ(ဟက်တာဖြင့်)

(က) အထူးစီးပွားရေးဇုန်တည်ထောင်ရန် အဆိုပြု မြေနေရာစုစုပေါင်း

(ခ) အဆိုပြု ကင်းလွတ်ဇုန်ဧရိယာ

(ဂ) အဆိုပြု လုပ်ငန်းမြှင့်တင်ရေးဇုန်ဧရိယာ

(ဃ) အဆိုပြုကုန်ထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်ဧရိယာ (ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်ဟု ခွဲခြားသတ်မှတ်ရန်)

(င) အထူးစီးပွားရေးဇုန်အတွင်းလုပ်ဆောင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) မြေနေရာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၂) နယ်နိမိတ်သတ်မှတ်ခြင်း

(၃) လမ်းများဖောက်လုပ်ခြင်း

(၄) ရေရရှိရေး၊ ရေဆိုးသန့်စင်ရေးနှင့်မိလ္လာစနစ်များတည်ဆောက်ခြင်း

(၅) စွမ်းအင် ဖြန့်ဖြူးခြင်း

(၆) တယ်လီဖုန်းဝန်ဆောင်မှု

(၇) စက်ရုံနှင့်ကုန်သိုလှောင်ရုံများ တည်ဆောက်ခြင်း

(၈) ကင်းလွတ်ဇုန်အတွင်းအခြားလိုအပ်သောလုပ်ငန်းများ

(စ) အဆိုပြုလုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိလုပ်ငန်းများ

(၁) လူနေအိမ်များ

(၂) ရုံးခန်းအဆောက်အအုံများ

(၃) အပန်းဖြေနေရာများ

(၄) လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ (အသေးစိတ် ဖော်ပြရန်)

(ဂ) အခြားလိုအပ်ချက်များ

(ဆ) အဆိုပြုထားသောအဆောက်အအုံများ၏ လုပ်ငန်းဆောင်ရွက်ရေး၊ ထိန်းသိမ်းရေး နှင့်ပတ်သက်သည့် စံသတ်မှတ်ချက်များ

၁၀။ ပထမငါးနှစ်အတွင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့် ထုတ်လုပ်မည့် ပို့ကုန်များကိုဖော်ပြရန်။(အဆိုပြုထားသော လုပ်ငန်း၏ စီမံကိန်းအစီရင်ခံစာနှင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၏ ဖြစ်နိုင်ချေရှိသော အခြေအနေတို့ကို ပူးတွဲ တင်ပြရန်။)

၁၁။ လျှောက်ထားသူသည် ပြည်ထောင်စုအစိုးရထံမှ အခြား အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် ခွင့်ပြုချက် ရရှိထားခြင်း ရှိ/မရှိ။ ရှိပါက အသေးစိတ်ဖော်ပြရန် သို့မဟုတ် အဆိုပါ လျှောက်ထားမှုကို ပြည်ထောင်စုအစိုးရမှ ဆိုင်းငံ့ထားခြင်းရှိ/မရှိ။

နေရာ၊ ----------------------

နေ့စွဲ ၊ ---------------------

| | | |
|---|---|---|
| အမည် | ၊ | ---------------------- |
| လျှောက်ထားသူလက်မှတ် | ၊ | ---------------------- |
| ဖုန်း | ၊ | ---------------------- |
| ဖက်စ် | ၊ | ---------------------- |
| အီးမေးလ် | ၊ | ---------------------- |
| Web-site(ရှိလျှင်) | ၊ | ---------------------- |
| နေရပ်လိပ်စာအပြည့်အစုံ | ၊ | ---------------------- |

ကတိခံဝန်ချက်

ကျွန်ုပ်/ကျွန်ုပ်တို့သည် အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများတွင် ပါရှိသော ညွှန်ကြားချက်များကို လိုက်နာပါမည်ဟု ကတိပြုပါသည်။ ကျွန်ုပ်/ကျွန်ုပ်တို့သည် အထက်ပါဖော်ပြချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။ ကျွန်ုပ်/ကျွန်ုပ်တို့သည် ပြည်ထောင်စုအစိုးရမှ သဘောတူလက်ခံထားသည့် မည်သည့်ကိစ္စရပ်မဆို လိုက်နာပါမည်။ အချက်အလက်များ သို့မဟုတ် ဖော်ပြချက်တစ်စုံတစ်ရာ မှားယွင်းကြောင်းတွေ့ရှိပါက ကိစ္စရပ်ပေါ်မူတည်၍ ကျွန်ုပ်/ ကျွန်ုပ်တို့အပေါ် ခွင့်ပြုထားသောခွင့်ပြုချက်စာလွှာကို ဖျက်သိမ်းပိုင်ခွင့်ရှိကြောင်း နားလည်ပါသည်။

အထက်ဖော်ပြပါအချက်အလက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုစာ ကို ပူးတွဲပေးပို့ပါသည်။

နေရာ----------------------

ရက်စွဲ----------------------

| | | |
|---|---|---|
| လျှောက်ထားသူလက်မှတ် | ၊ | --------------------- |
| အမည်<br>(အင်္ဂလိပ်စာလုံးကြီးဖြင့်) | ၊ | --------------------- |
| ရာထူး | ၊ | --------------------- |
| တံဆိပ်တုံး | ၊ | --------------------- |
| တယ်လီဖုန်းနံပါတ် | ၊ | --------------------- |
| အီးမေးလ် | ၊ | --------------------- |
| Web-site | ၊ | --------------------- |
| အခြား | ၊ | --------------------- |
| နေရပ်လိပ်စာအပြည့်အစုံ | ၊ | --------------------- |

ပုံစံ (ခ)

အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူအတွက် ခွင့်ပြုမိန့်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ
( နည်းဥပဒေ ၂၅)

နေ့စွဲ။---------------------

သို့

အကြောင်းအရာ။ အထူးစီးပွားရေးဇုန် တည်ထောင်ရန်

ရည်ညွှန်းချက် ။ လျှောက်လွှာအမှတ်------------------------နေ့စွဲ ( )

လူကြီးမင်းခင်ဗျား/ရှင့်

အထက်ဖော်ပြပါ လျှောက်ထားချက်ကို ရည်ညွှန်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နိုင်ရန် အထူးစီးပွားရေးဇုန်ကို ----------------ပြည်နယ်/ တိုင်းဒေသကြီး၊ ----------------မြို့နယ်၊ ------------------ကျေးရွာတို့တွင် အောက်ပါအချက်များ အတိုင်း ခွင့်ပြုလိုက်သည်-

၁။ အထူးစီးပွားရေးဇုန်တည်ထောင်ရန် အဆိုပြုချက်နှင့် စီမံကိန်း အသေးစိတ်လျှောက်ထားခြင်း --------------------- (နေရာ၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး)

၂။ ရင်းနှီးတည်ဆောက်သူ ---------------------- (တည်ဆောက်သူအမည်)

၃။ အထွေထွေသဘောတူညီချက်များ

(က) ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး၊ လုပ်ငန်း လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသော အထူးစီးပွားရေးဇုန်ဥပဒေ၊နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရင်းနှီးတည်ဆောက်သူသည် စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်ရေးတို့တွင် ထုတ်ပြန်ထားသော အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရမည်။

(ဂ) ရင်းနှီးတည်ဆောက်သူသည် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရမည်။

(ဃ) ရင်းနှီးတည်ဆောက်သူသည် မြေယာစီမံကိန်း၊ ရေဆိုးစွန့်ပစ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အလုပ်သမား ဥပဒေများနှင့် ဒေသ ဆိုင်ရာအခြားသော ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(င) ရင်းနှီးတည်ဆောက်သူသည် ဖုန်တည်ထောင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို တည်ထောင်နိုင်သည်။ အကယ်၍ ပြင်ပငွေချေးယူလိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှချမှတ်ထားသော စည်းမျဉ်းများကို လိုက်နာရမည်။

(စ) ရင်းနှီးတည်ဆောက်သူသည် ခွင့်ပြုချက်ကာလ (၁) နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ရမည်။ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု၊ တိုးတက်မှု အစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့ထံ ခြောက်လ တစ်ကြိမ် တင်ပြရမည်။

(ဆ) ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ခွင့်ပြုမိန့်ကို ရုပ်သိမ်းနိုင်သည်။

(ဇ) ဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အဆိုပြုလွှာတွင်အသေးစိတ်ဖော်ပြထားသောစံချိန်၊ စံညွှန်းများအတိုင်းလုပ်ဆောင် ရမည်ဖြစ်ပြီး အသုံးပြုသူများအားလည်း စိတ်ကျေနပ်မှု ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

(ဈ) ရင်းနှီးတည်ဆောက်သူသည် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သော လူ့စွမ်းအားအရင်းအမြစ် ရှိရမည်။

(ည) စီမံခန့်ခွဲမှုကော်မတီ၏အကြံပြုချက်ဖြင့် ရင်းနှီးကုန်ကျစရိတ်များကို ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ဆောက်သူတို့ကြား ညှိနှိုင်းကျခံနိုင်သည်။ ဤအချက်ကို ယင်းတို့၏ သဘောတူညီချက်များအရ ပြောင်းလဲနိုင်သည်။

(ဋ) ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး၊ လုပ်ငန်း လည်ပတ်ဆောင်ရွက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ကို ရယူရမည်။ စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်ရရှိ၍ အထူးစီးပွားရေးဇုန်အဖြစ် ကြေညာပြီးနောက် ခွင့်ပြုလုပ်ငန်းများအတွက် အခွန်ဆောင်ရန်မလိုဘဲ ပြည်တွင်းမှ ဝယ်ယူခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းများ ပြုလုပ်နိုင်သည်။

(ဌ) ခွင့်ပြုမိန့်ရရှိပြီးသော အဆိုပြုလွှာတွင် ဖော်ပြထားသည့် အခွင့်ရလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများတွင် ဖော်ပြထားသော ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဍ) အခွန်ကင်းလွတ်ခွင့် ရရှိထားသော ကုန်ပစ္စည်းများအား ကိုယ်ပိုင် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ဝန်ထမ်းများ၊ အလုပ်သမားများနှင့် အရာရှိများ အသုံးပြုခွင့် ရရှိမည်မဟုတ်ပါ။

(ဎ) သာမန်အားဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးကာလကို သုံးနှစ်ထက်ပို၍ ခွင့်ပြုမည်မဟုတ်ပေ။ သို့ရာတွင် လျှောက်ထားချက်သည် အထူးစီးပွားရေးဇုန်အတွက် အကျိုးရှိမည်ဟု ယူဆပါက ဗဟိုအဖွဲ့က ခွင့်ပြုရန် စဉ်းစားမည် ဖြစ်သည်။ ဤသို့ သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုကာလ မကုန်ဆုံးမီ ၆လ အတွင်း ပြည်ထောင်စုအစိုးရထံသို့ ကြိုတင်လျှောက်ထားရမည်။

၄။ ရင်းနှီးတည်ဆောက်သူ၏ ခံစားခွင့်များ

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ရင်းနှီးတည်ဆောက်သူအား ယင်းတို့၏ ခွင့်ပြုထားသော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပြည်ထောင်စုလွှတ်တော် အမှတ်၊ ၁/၂၀၁၄ အရ အထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၄ အပိုဒ် (က) အရ ခံစားခွင့်များ ပေးနိုင်သည်။

(ခ) ဤစာ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသော ဗဟိုအဖွဲ့မှ ချမှတ်ထားသည့် အခြားသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

(ဂ) ရင်းနှီးတည်ဆောက်သူသည် ဤစာရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အထက်တွင် ဖော်ပြထားသော အချက်များကို လက်ခံရရှိကြောင်း အကြောင်းကြားရမည်။ ဆက်သွယ်ရန်လိုအပ်ပါကစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့လိပ်မူ၍ဆက်သွယ်ရမည်။

(ဃ) ရင်းနှီးတည်ဆောက်သူမှ အစိုးရက ခွင့်ပြုထားသော အထူးစီးပွားရေးဇုန် ဧရိယာကိုဖော်ပြထားသည့် မြေပုံအပါအဝင် အသေးစိတ် အချက်အလက်များကို ပေးပို့နိုင်သည်။

၅။ သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံသို့ ရင်းနှီးတည်ဆောက်သူမှ မြန်မာ အထူးစီးပွားရေးဇုန် နည်းဥပဒေကို အခြေခံ၍ သွင်းကုန်၊ အသုံးပြုကုန်ပစ္စည်းပေါ်တွင်ရရှိသော အကျိုးအမြတ်များကို တင်ပြရမည်။

ဥက္ကဋ္ဌ
အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ

ပုံစံ (ဂ)

# လုပ်ငန်းကာလ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း

(နည်းဥပဒေ ၂၉)

၁။ ရင်းနှီးတည်ဆောက်သူ၏အမည်နှင့် လိပ်စာ

၂။ ခွင့်ပြုမိန့်အမှတ်နှင့်ရက်စွဲ

၃။ ခွင့်ပြုမိန့်ထုတ်ပေးသည့်ရက်စွဲ

၄။ အထူးစီးပွားရေးဇုန်ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်

၅။ ခွင့်ပြုမိန့်ကုန်ဆုံးရက် မတိုင်မီ သက်တမ်းတိုးမြှင့် လျှောက်ထားခြင်းရှိ-မရှိ၊ ရှိပါက လျှောက်ထားသည့်ရက်စွဲ

၆။ သက်တမ်းတိုးမြှင့်လိုသည့်ကာလ

၇။ အထူးစီးပွားရေးဇုန်အဖြစ် ကြေငြာပြီး-မပြီး ၊ ကြေငြာပြီးပါက ကြေငြာသည့် ရက်စွဲ

၈။ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေငြာပြီးပါက အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ကင်းလွတ်ဇုန် ၊ လုပ်ငန်းမြှင့်တင်ရေးဇုန် အဖြစ်သတ်မှတ် ကြေညာ ပေးရမည်။

၉။ ခွင့်ပြုကာလ သုံးနှစ် အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန်အတွက် စာရင်းပြုစုပေးရမည်။ ခြံစည်းရိုးကာရံခြင်း၊ စီမံကိန်းနယ်မြေပြုပြင်ရေး၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ လမ်းများ၊ ရေပိုက်လိုင်းများ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းကို အသေးစိတ်စာရင်းများ ပြုစုတင်ပြရမည်။

၁၀။ လုပ်ငန်းပြီးဆုံးမည့် ခန့်မှန်းကြာမြင့်ချိန်

၁၁။ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရသော အကြောင်းရင်း

အထက်ဖော်ပြပါ အချက်များကို မှန်ကန်စွာ ဖြည့်စွက်ထားပါသည်ဟု ဝန်ခံပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားအချက်များကိုလည်း လိုက်နာပါမည်ဟု ကတိပြုပါသည်။ အထက်ဖော်ပြပါ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်တို့ အား ထုတ်ပေးသော ခွင့်ပြုမိန့်ကို ပယ်ဖျက်နိုင်ကြောင်း ကောင်းစွာသိရှိပါသည်။ အထက်ဖော်ပြပါ အချက်များမှန်ကန်ပါသည်။

နေရာ----------------------

ရက်စွဲ----------------------

| | | |
|---|---|---|
| လျှောက်ထားသူလက်မှတ် | ၊ | -------------------------- |
| အမည်(အင်္ဂလိပ်စာလုံးကြီးဖြင့်) | ၊ | -------------------------- |
| ရာထူး | ၊ | -------------------------- |
| တံဆိပ်တုံး | ၊ | -------------------------- |
| တယ်လီဖုန်းနံပါတ် | ၊ | -------------------------- |
| အီးမေးလ် | ၊ | -------------------------- |
| Web-site | ၊ | -------------------------- |
| အခြား | ၊ | -------------------------- |
| နေရပ်လိပ်စာအပြည့်အစုံ | ၊ | -------------------------- |

<u>စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ခွင့်ပြုချက်</u>

ဤအဆိုပြုလွှာကို စစ်ဆေးပြီး အောက်ပါအတိုင်းခွင့်ပြုပါသည်။

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏လက်မှတ်

ပုံစံ (ဃ)

စီမံခန့်ခွဲမှုကော်မတီသို့ ရင်းနှီးတည်ဆောက်သူက တင်ပြရမည့်

သုံးလပတ် အစီရင်ခံစာ

(နည်းဥပဒေ ၃၀ )

အစီရင်ခံစာ တင်ပြခြင်းကာလ

သုံးလပတ် (ဧပြီ-ဇွန်) (ဇူလိုင်-စက်တင်ဘာ) (အောက်တိုဘာ- ဒီဇင်ဘာ)

(ဇန်နဝါရီ-မတ်)

၁။ ရင်းနှီးတည်ဆောက်သူ၏ အမည်နှင့် နေရပ်လိပ်စာ

၂။ ခွင့်ပြုမိန့် အမှတ်နှင့် ရက်စွဲ

၃။ ဇုဟိုအဖွဲ့ကအတည်ပြုပြီးသောလုပ်ပိုင်ခွင့်ရလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ

၄။ မြေ

(က) အဆိုပြုသော စုစုပေါင်း မြေအကျယ်အဝန်း

(ခ) လက်ရှိမြေပိုင်ဆိုင်မှု နှင့် အနာဂတ်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းများ

(ဂ) လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်လျာထားသောမြေ

(ဃ) မြေနေရာအလိုက် အကောင်ထည်ဖော် ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ

၅။ (က) သွင်းကုန်များ သို့မဟုတ် ခွင့်ပြုထားသော လုပ်ငန်းများအတွက် ဝယ်ယူသော ကုန်ပစ္စည်းများ၏အသေးစိတ်အချက်အလက်၊၎င်းအချက်အလက်များကို လက်ခံရရှိသည့် နေ့မှစ၍ နောက်ဆုံး သုံးလပတ် စာရင်းဖွင့်လက်ကျန် ဖော်ပြရန်

(ခ) လက်ရှိသုံးလပတ် သွင်းကုန်များ သို့မဟုတ် ခွင့်ပြုထားသော လုပ်ငန်းများ၏ ဝယ်ယူထားသောကုန်ပစ္စည်းများ၏အသေးစိတ်အချက်အလက်

(ဂ) တင်သွင်းသော ကုန်ပစ္စည်းများ သို့မဟုတ် ဝယ်ယူသော ကုန်ပစ္စည်းများအား သုံးစွဲမှု အသေးစိတ် အချက်အလက်များ (က+ခ)

(ဃ) သုံးလပတ် ကုန်ဆုံးချိန်တွင် တင်သွင်း/ ဝယ်ယူသော ကုန်ပစ္စည်း လက်ကျန် အသေးစိတ် အချက်အလက်များ (က)+(ခ)-(ဂ)

၆။ ကုန်ထုတ် လုပ်သည့်ဧရိယာနှင့် ကုန်ထုတ်လုပ်ခြင်း မရှိသော ဧရိယာတို့အတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်မှု အသေးစိတ် အချက်အလက်များ ဖော်ပြရန်

၇။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် တိုးတက်မှု အခြားအသေးစိတ်အချက်အလက်များ

လက်မှတ်

ဇုန်ရင်းနှီးတည်ဆောက်သူ

## အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်လွှာပုံစံ

## နည်းဥပဒေ ၄၇

ရည်ညွှန်းချက်။

ရက်စွဲ ။

### အပိုင်း(၁)

၁။ **လျှောက်ထားသူ**

(က) လျှောက်ထားသူအမည်/ လျှောက်ထားသည့် ကုမ္ပဏီ

(ခ) လျှောက်ထားသူ/လျှောက်ထားသည့် ကုမ္ပဏီ၏ မှတ်ပုံတင် ရုံးခန်း/ ရုံးချုပ်လိပ်စာ အပြည့်အစုံ

(ဂ) တယ်လီဖုန်း

(ဃ) ဖက်စ်

(င) Website ရှိလျှင်

(စ) တရားဝင်ကိုယ်စားလှယ်

အမည်

(ကျား/မ)

မွေးနေ့သက္ကရာဇ်

နိုင်ငံသား

နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးသည့် အဖွဲ့အစည်း၊ ထုတ်ပေးသည့် နေ့ရက်။

--------------------------------------------------------------------------------

---------------------------------------------------------။

ရာထူး

အမြဲတမ်းနေရပ်လိပ်စာ

အိမ်လိပ်စာ

တယ်လီဖုန်း

ဖက်(စ်)

(ဆ) သတ်မှတ်မတည်ရင်းနှီးငွေရင်းနှင့် ခွင့်ပြုမတည်ငွေရင်း

(ဇ) အမှန်တကယ်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်း (လုပ်ငန်း အမျိုးအစား)

(ဈ) ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား

(ည) လုပ်ငန်းတည်နေရာများနှင့် တည်နေရာ တစ်ခုစီရှိ လုပ်ငန်းများ (ပြည်ပတွင် လုပ်ကိုင်နေသော လုပ်ငန်းများအပါအဝင်)

(ဋ) ဝန်ထမ်းအရေအတွက် (မူလနိုင်ငံ/ အခြားဒေသများ)

(ဌ) ကုမ္ပဏီသမိုင်း (အကျဉ်းချုပ်ဖော်ပြရန်)

(ဍ) ကုမ္ပဏီ၏ ပေါ်လွင်ထင်ရှားသော အင်္ဂါရပ်များ

(ခ) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း

(၁) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း (ကုမ္ပဏီဖြစ်လျှင် အင်္ဂလိပ် ဘာသာ ဖြင့်ရှိလျှင်)

(၂) ကုမ္ပဏီလက်ကမ်းစာစောင်

(၃) လက်မှတ်ရစာရင်းစစ်အစီရင်ခံစာ (၃ နှစ်အတွက် ဖော်ပြရန်)

၂။ **အထူးစီးပွားရေးဇုန်တွင် ဆောင်ရွက်မည့် လုပ်ငန်း**

(လက်ရှိအစီအစဉ်များအရ အောက်ပါအချက်များကို ဖော်ပြပါရန်)

(က) စီးပွားရေးလုပ်ငန်း လုပ်ဆောင်မည့် ကုမ္ပဏီ

(ခ) ရုံးချုပ်လိပ်စာ

(ဂ) တရားဝင်ကိုယ်စားလှယ်

(၁) အမည်

(၂) (ကျား/မ)

(၃) မွေးနေ့သက္ကရာဇ်

(၄) နိုင်ငံသား

(၅) နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးသည့် အဖွဲ့အစည်း၊ ထုတ်ပေး သည့် နေ့ရက်။

(၆) ရာထူးအဆင့်

(၇) အမြဲတမ်းနေရပ်လိပ်စာ

(၈) အိမ်လိပ်စာ

(၉) တယ်လီဖုန်း(မြန်မာနိုင်ငံတွင် တယ်လီဖုန်းရှိလျှင် ဖော်ပြပါ)

(၁၀) ဖက်(စ်)

(ဃ) တောင်းဆိုသော စီးပွားရေးလုပ်ငန်း (အမှတ်ခြစ်ရန်)

(၁) ကင်းလွတ်ဇုန်ရှိလုပ်ငန်း

(၂) ကင်းလွတ်ဇုန်လုပ်ငန်း

(၃) လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိလုပ်ငန်း

(၄) အခြားလုပ်ငန်း

(င) စီးပွားရေးလုပ်ငန်းအမျိုးအစား

ကုန်ထုတ်လုပ်ခြင်း ။

ဝန်ဆောင်မှုလုပ်ငန်း ။

(စ) လုပ်ငန်းတည်နေရာနှင့် အသုံးပြုမည့် ခန့်မှန်းမြေဧရိယာ

(ဆ) ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းကာလ

(ဇ) စက်ရုံတည်ဆောက်ရေး အစီအစဉ်

(ဈ) ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအမည်

(ည) စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရန် ကနဦး မတည်ငွေရင်းပမာဏ
(ကျပ်ထောင်ပေါင်းသို့မဟုတ်အမေရိကန်ဒေါ်လာထောင်ပေါင်း)

| | နိုင်ငံခြားသား | နိုင်ငံသား | စုစုပေါင်း |
|---|---|---|---|
| ခွင့်ပြုမတည်ငွေရင်း (ရာခိုင်နှုန်း) | | | |
| ပြည်ပချေးငွေ (ရာခိုင်နှုန်း) | | | |
| စုစုပေါင်း (ရာခိုင်နှုန်း) | | | |

မှတ်ချက်။ ပြည်ပမှ ချေးငွေရယူခြင်းဖြစ်ပါက ငွေချေးသူအမည်၊ ချေးငွေကာလ၊ အတိုးနှုန်း၊ ချေးငွေပြန်ဆပ်မည့် အစီအစဉ်တို့ကို ဖော်ပြရန်

(ဋ) အဓိကအစုရှယ်ယာရှင်များခွင့်ပြုမတည်ငွေရင်းတွင် ထည့်ဝင်မှု
(ကျပ်ထောင်ပေါင်းသို့မဟုတ်အမေရိကန်ဒေါ်လာထောင်ပေါင်း)

| အစုရှယ်ယာရှင်အမည် | ထည့်ဝင်မည့် ပမာဏ | နိုင်ငံခြားသား / နိုင်ငံသား | ရှယ်ယာ (ရာခိုင်နှုန်း) |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

(ဌ) ရောင်းချမှု၊ အမြတ်နှင့်အရှုံး (ကျပ်ထောင်ပေါင်းသို့မဟုတ် အမေရိကန် ဒေါ်လာ ထောင်ပေါင်း)

| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် |
|---|---|---|---|---|---|
| အနှုတ်အသိမ်း | | | | | |
| (ပြည်ပပို့ခြင်း) | | | | | |
| (ပြည်တွင်း) | | | | | |
| စက်ပစ္စည်း | | | | | |
| (ပြည်ပပို့ခြင်း) | | | | | |
| (ပြည်တွင်း) | | | | | |
| အကြမ်းဖျင်းအမြတ် | | | | | |
| စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျမှု | | | | | |
| အခွန်မပေးဆောင်မီအမြတ် | | | | | |

မှတ်ချက်။ နှစ်ဆိုရာတွင် စီးပွားဖြစ်လည်ပတ်မှုစတင်ပြီးနောက် လည်ပတ်ဆောင်ရွက်သည့် နှစ်တစ်နှစ်ကို ဆိုလိုသည်။

(ဍ) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုမည့် အဓိကမတည်ပစ္စည်း (ပစ္စည်း၊ စက်ကိရိယာ၊ အခြား)

| ပစ္စည်း၊ စက်ကိရိယာ၊ အခြားအမျိုးအမည် | | အရေအတွက် (ယူနစ်) | မှတ်ချက် (အသေးစိတ်ဖော်ပြချက်၊ ထူးခြားချက် အစရှိသဖြင့်) |
|---|---|---|---|
| | ပြည်ပမှ တင်သွင်းပစ္စည်း | | |
| | ပြည်တွင်းဝယ် | | |
| | ပြည်ပမှ တင်သွင်းပစ္စည်း | | |
| | ပြည်တွင်းဝယ် | | |
| | ပြည်ပမှ တင်သွင်းပစ္စည်း | | |
| | ပြည်တွင်းဝယ် | | |

**မှတ်ချက်။** စီးပွားရေးလုပ်ငန်းတွင် တင်သွင်းအသုံးပြုမည့် မတည်ပစ္စည်း၏ အသေးစိတ်အချက်အလက်ကိုမှတ်ပုံတင်ရာတွင်--------အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက နောက်အဆင့်များတွင် ပုံစံများဖြင့် သတ်မှတ်ရမည်။

(ဎ) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်း/ အခြားထည့်သွင်း ထုတ်လုပ်မှု (ယူနစ်ပမာဏ)

| စက်ပစ္စည်း ဖြည့်သွင်း အစိတ်အပိုင်းအမည်/ တစ်စိတ် တစ်ပိုင်းပြီး ကုန်ပစ္စည်း/ ကုန်ကြမ်း | | အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် |
| | တင်သွင်းပစ္စည်း | | | | | |
| | ပြည်တွင်းဝယ် | | | | | |

**မှတ်ချက်။** နှစ်ဆိုရာတွင် စီးပွားဖြစ်လည်ပတ်မှု စတင်ပြီးနောက် လည်ပတ်လုပ်ဆောင်သည့် နှစ်တစ်နှစ်ကို ဆိုလိုသည်။

ဖြည့်သွင်းအစိတ်အပိုင်း၊ တစ်ဝက်တစ်ပျက်ကုန်ချော၊ ကုန်ကြမ်းများ၏ အသေးစိတ် အချက်အလက်များကို ---------------အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက နောက်အဆင့်များတွင် ပုံစံများဖြင့် သတ်မှတ်ရမည်။

(ဏ) ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့် နှင့် (အဓိက ကုန်ထုတ်လုပ်မှုကို ရှင်းရန်)

(တ) ဝန်ထမ်းခန့်ထားမှု

(လူဦးရေ)

| နှစ် | အလုပ်အကိုင် | နိုင်ငံခြားသား | နိုင်ငံသား | စုစုပေါင်း |
|---|---|---|---|---|
| ပထမနှစ် | စီမံခန့်ခွဲရေး | | | |
| | ကျွမ်းကျင် | | | |
| | အလုပ်သမား | | | |
| | စုစုပေါင်း | | | |
| ဒုတိယနှစ် | - - | | | |
| တတိယနှစ် | - - | | | |
| စတုတ္ထနှစ် | - - | | | |
| ပဥ္စမနှစ် | - - | | | |

(ထ) အခြေခံအဆောက်အအုံလိုအပ်ချက်

| အခြေခံအဆောက်အအုံ | လိုအပ်သောပမာဏ | |
|---|---|---|
| | ကနဦးကာလ | သာမန်လည်ပတ်ကာလ |
| (၁)ရေ(ကုဗမီတာဖြင့်)(in Cubic meter)<br>(က)စက်မှုထုတ်လုပ်မှုအဆင့်ဆင့်အတွက်<br>(ခ) သောက်သုံးရေအတွက်<br>(ဂ) အခြား (ဖော်ပြရန်)<br>(ဃ) စုစုပေါင်း လိုအပ်ချက် | | |
| (၂)လျှပ်စစ်ဓါတ်အား(KVAဖြင့်ဖော်ပြပါရန်) | | |

(၃) နိုင်ငံခြားသား ပူးပေါင်းပါဝင်မှု (သဘောတူညီချက်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်လျှင် အကြောင်းအရာ အကြမ်းဖျင်း ရှင်းလင်းဖော်ပြပါ။ ထည့်သွင်း ချုပ်ဆိုထားသော တန်ဖိုးငွေပမာဏဖော်ပြရန် မလိုအပ်ပါ။)

(က) နည်းပညာအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်

(ခ) လိုင်စင်ဖလှယ်ခြင်း သဘောတူညီချက်

(ဂ) စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်

(ဃ) ဈေးကွက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်

(င) အခြား

(ဒ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စီမံချက်နှင့် လူမှုရေးထိခိုက်မှုကို လျှော့ချခြင်း

(၁) စွန့်ပစ်အညစ်အကြေး၏ ပမာဏ၊သဘာဝနှင့် စွန့်ပစ်ပုံနည်းလမ်း

(၂) စွန့်ပစ်အညစ်အကြေးပြုပြင်ထိန်းချုပ်ခြင်းစနစ်ဖြင့်လုပ်ကိုင် ဆောင်ရွက်မည် ဆိုပါက ဖော်ပြရန်။

(ဓ) အဆောင်နေထိုင်ခွင့်၊ ကြို့ပို့၊ နေ့လည်စာနှင့် အခြားသော ထပ်ဆောင်းအကျိုး ခံစားခွင့် အစီအစဉ် (လက်ရှိအစီအစဉ်ကို ဖော်ပြရန်)

(န) နိုင်ငံသားအလုပ်သမားများအတွက် ထောက်ပံ့ပေးမည့် အသက်မွေးဝမ်း ကျောင်း ဆိုင်ရာ သင်တန်းပေးခြင်းအစီအစဉ် (လက်ရှိအစီအစဉ်ကို ဖော်ပြရန်)

(ပ) အခြားသောအချက်အလက်များ

(၁) လျှောက်ထားသူအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လိုင်စင် ထုတ်ပေး ပြီး ဖြစ်ပါက အဆိုပါ လိုင်စင်နှင့် ပတ်သက်၍ အချက်အလက် အပြည့်အစုံ၊ ရည်ညွှန်းအမှတ်၊ ထုတ်ပေးသောရက်စွဲ၊ ထုတ်လုပ်သည့် ပစ္စည်းအမျိုးအမည် နှင့် စီမံကိန်းတစ်ခုစီအတွက် ဆောင်ရွက်ချက် တိုးတက်မှုကို ဖော်ပြရန်။

(၂) လျှောက်ထားသူသည်လည်းကောင်း၊ အခြားကုမ္ပဏီ၊ အဖွဲ့အစည်း တစ်ခုခု တွင် အစုဝင်များ၊ ဒါရိုက်တာများဖြစ်ကြသော ယခု အစုဝင်၊ ဒါရိုက်တာ တို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှု ဥပဒေအရ (သို့မဟုတ်) နိုင်ငံခြားငွေကြေး စီမံခန့်ခွဲမှု ဥပဒေအရ (သို့မဟုတ်) အကောက်ခွန် အက်ဥပဒေအရ လိုင်စင်ခွင့်ပြုလွှာ ရယူခွင့် တားမြစ်ခြင်း ခံရပါက ဖော်ပြရန်။

နေရာ ။

ရက်စွဲ ။

| | | |
|---|---|---|
| လျှောက်ထားသူလက်မှတ် | ။ | ---------------------- |
| အမည် | ။ | ---------------------- |
| ရာထူး | ။ | ---------------------- |
| တရားဝင်တံဆိပ်တုံး | ။ | ---------------------- |
| တယ်လီဖုန်း | ။ | ---------------------- |
| အီးမေး(လ် ) | ။ | ---------------------- |
| နေရပ်လိပ်စာ အပြည့်အစုံ | ။ | ---------------------- |

ကတိခံဝန်ချက်

အထက်ပါဖော်ပြပါအချက်များသည် မှန်ကန်ကြောင်းနှင့် မှန်ကန်သည်ဟု ယုံကြည်ခံယူထားကြောင်း ဝန်ခံကတိပြုပါသည်။စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက သတ်မှတ် ထားသော စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာပါမည်။

အထက်ဖော်ပြထားသည်များမှ ဖော်ပြချက် တစ်စုံတစ်ရာ၊ အချက်အလက် တစ်စုံတစ်ရာ မှန်ကန်မှုမရှိသည်ကို တွေ့ရှိပါက ခွင့်ပြုချက်၊ ခွင့်ပြုလွှာကို ရုပ်သိမ်းခံရမည်။ သို့မဟုတ် အကျိုးဆက် အနေဖြင့် အခြားသော အရေးယူခြင်း ခံရမည်ကို သိရှိနားလည် ပါသည်။

------------------အထူးစီးပွားရေးဇုန်၏ဇုန် (-)ရှိ ဇုန်ရင်းနှီးတည်ဆောက်သူက သတ်မှတ်ပေးထားသော စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို တင်းကြပ်စွာ လိုက်နာကျင့်သုံးပြီး ဇုန်(-) ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒကို လိုက်နာပါမည်။

နေရာ ။

ရက်စွဲ ။

| | | |
|---|---|---|
| လျှောက်ထားသူလက်မှတ် | ။ | ---------------------- |
| အမည် | ။ | ---------------------- |
| ရာထူး | ။ | ---------------------- |
| တရားဝင်တံဆိပ်တုံး | ။ | ---------------------- |
| တယ်လီဖုန်း | ။ | ---------------------- |
| အီးမေး(လ် ) | ။ | ---------------------- |
| နေရပ်လိပ်စာ အပြည့်အစုံ | ။ | ---------------------- |

## အပိုင်း (၂)

အကယ်၍ ကင်းလွတ်ဇုန်တစ်ခုအတွင်း ကုန်ထုတ်လုပ်မှု ဆောင်ရွက်ခြင်းတွင် ထပ်ဆင့်စာချုပ် ချုပ်ဆိုရန် ရည်ရွယ်ထားပါက အောက်ပါတို့ကို အသေးစိတ်ဖော်ပြပါ။

(၁) ထပ်ဆင့်စာချုပ်ခွင့်ပြုနိုင်ရန် အောက်ပါတို့လိုအပ်ပါသည်-

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်း (အရေအတွက်)

(ခ) သီးခြားကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် (အသေးစိတ်ဖော်ပြပါ)

(၂) ထပ်ဆင့်စာချုပ် ချုပ်ဆိုသူ၏ အမည်၊ နေရပ်လိပ်စာနှင့် အခြား အချက်အလက် များ (အောက်ပါ တစ်ခုခုရှိ ထပ်ဆင့်စာချုပ် ချုပ်ဆိုသူ ဖြစ်ပါက)

(က) ပြည်တွင်း အကောက်ခွန်နယ်မြေ

(ခ) လုပ်ငန်းမြှင့်တင်ရေးဇုန် စီးပွားရေးလုပ်ငန်း

(ဂ) ကင်းလွတ်ဇုန်လုပ်ငန်း

(ဃ) အခြားအထူးစီးပွားရေးဇုန် လုပ်ငန်း

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခွင့်ပြုမိန့်
## အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ
## နည်းဥပဒေ ၅၀
## --------မြို့

ရက်စွဲ၊-------------------

အကြောင်းအရာ။ အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်း ထူထောင်ရန်အတွက် အဆိုပြု တင်ပြချက်

ရည်ညွှန်းချက်။ ----------- ကုမ္ပဏီ၏ -------------- ရက်စွဲပါ လျှောက်လွှာနံပါတ်

ဖော်ပြပါ လျှောက်လွှာကို ရည်ညွှန်း၍ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များနှင့်အညီ တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်မည့် ခွင့်ပြုချက်လုပ်ငန်းများ၊ အထူးသဖြင့် ကုန်ထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အပါအဝင် ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-------- ကုမ္ပဏီအား အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုလိုက်သည်။

**ခွင့်ပြုသော လုပ်ငန်းအမျိုးအမည်**

၁။ ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးအမည်များ

၂။ ဝန်ဆောင်မှုလုပ်ငန်းများ

**ခွင့်ပြုသော လုပ်ငန်းတည်နေရာ**

၁။ ကင်းလွတ်ဇုန်

၂။ လုပ်ငန်းမြှင့်တင်ရေးဇုန်

**ရင်းနှီးမြှုပ်နှံမှုအတွက်ပံ့ပိုးမှုများ**

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ သဘောတူခွင့်ပြုချက်ရရှိပြီးပါက သက်ဆိုင်ရာ ကုမ္ပဏီ၏ အတည်ပြုစီးပွားရေးလုပ်ငန်းများအား အထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၃၂၊ပုဒ်မ ၄၄၊ ပုဒ်မ၄၉တို့အရ အထူးအခွင့်အရေးများ ခံစားခွင့်ပြုလိုက်သည်။

**စည်းကမ်းချက်များ**

၁။ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအတွက် ပစ္စည်းများဝယ်ယူခြင်းတို့ကို အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၂။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှချမှတ်ထားသော အချက်များကို လိုက်နာရမည်။

၃။ စီမံခန့်ခွဲမှုကော်မတီက ကန့်သတ်ထားသည့် ပစ္စည်းများမှအပ ပြည်တွင်းအခွန်နယ်မြေတွင် ရှိသော ပစ္စည်းအမျိုးအမည်များအားလုံးကို တင်သွင်းခြင်း၊ သို့မဟုတ် ဝယ်ယူခြင်းကို ပြုလုပ်နိုင်ပါသည်။

၄။ အထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များနှင့်အညီ ပြည်တွင်းအခွန် နယ်မြေတွင်ရှိသော ပစ္စည်းများ၊ ဝန်ဆောင်မှုများကို တင်ပို့ခြင်း/ရောင်းချခြင်းပြုလုပ် နိုင်သည်။

၅။ ဤအတည်ပြုစာသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ (၃)နှစ်အတွင်းအကျုံးဝင်သည်။ ခွင့်ပြုချက်ရရှိထားသောလုပ်ငန်းများနှင့်စီမံကိန်းများကို(၃)နှစ်အတွင်းလုပ်ကိုင်ဆောင်ရွက် နိုင်သည် သို့မဟုတ် ကာလတိုးမြှင့်ဆောင်ရွက်နိုင်သည်။

၆။ ခွင့်ပြုချက်ရရှိသော လုပ်ငန်းစတင်လုပ်ကိုင်သည့် နေ့ရက်ကို စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌသို့ အသိပေးတင်ပြရမည်။

၇။ ခွင့်ပြုမိန့်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ခွင့်ပြုကာလ သို့မဟုတ် သက်တမ်းတိုး ကာလအတွင်း တစ်လျှောက်လုံး အကျုံးဝင်သည်။

၈။ ခွင့်ပြုမိန့်သည်ရင်းနှီးမြှုပ်နှံသူမှ အသေးစိတ်တင်ပြထားသည့် အဆိုပြုလွှာပေါ်မူတည်၍ ဆုံးဖြတ်မည်ဖြစ်သည်။

၉။ အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေနှင့်အမိန့်များပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ကျင့်သုံးရမည်။

၁၀။ အတည်ပြုလုပ်ငန်းကို ဆောင်ရွက်ရန် ခွင့်ပြုသက်တမ်းကာလအတွင်း သို့မဟုတ် သက်တမ်းတိုးကာလအတွင်း လုပ်ငန်းစတင်နိုင်ခြင်းမရှိပါက ယင်းရရှိထားသော ခွင့်ပြုမိန့် သည် ခွင့်ပြုသက်တမ်းကုန်ဆုံးသည့် ကာလမှစ၍ ပျက်ပြယ်သည်။

၁၁။ အထက်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ခံရမည်။

၁၂။ ခွင့်ပြုမိန့်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို ပြင်ဆင်ပြောင်းလဲလိုပါက စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံ လိပ်မူ၍ တင်ပြဆောင်ရွက်ရမည်။

**သတိမူစရာအခြေအနေများနှင့် ကန့်သတ်မှုများ**

၁။ ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ပြည်ပနိုင်ငံများမှ ချေးငွေများရယူခြင်း သို့မဟုတ် အခြားသော ချေးငှားဆောင်ရွက်သည့်အပြုအမူများ သို့မဟုတ် ချေးငွေရယူ ခြင်းဟု ထင်ရသော စာရွက်စာတမ်းများအား ခွင့်ပြုမည်မဟုတ်ဘဲ ဗဟိုဘဏ်မှ သတ်မှတ် ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။ ပြည်ပမှ နိုင်ငံခြားချေးငွေ ရယူခြင်းနှင့်

စပ်လျဉ်း၍ ဇဟိုဘဏ်မှ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ထုတ်ပြန်ထားသည့် နိုင်ငံခြားငွေလဲလှယ်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများပါ အပိုဒ် ၄၈ မှ ၅၂ အထိ လေ့လာထားသင့်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံသူသည် စက်ရုံမတည်ဆောက်မီ အထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း၌ အလုံးစုံဝန်ဆောင်မှုပေးသောဌာနတွင်ရှိသော သက်ဆိုင်ရာဌာနများ၏ အဆောက်အဦ ခွင့်ပြုမိန့်၊ မီးဘေးလုံခြုံရေးအထောက်အထားလက်မှတ်၊ သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်း မှုဆိုင်ရာထောက်ခံခွင့်ပြုမိန့်တို့ကို ရယူထားရန်လိုအပ်ပါသည်။

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ
-----အထူးစီးပွားရေးဇုန်

မိတ္တူကို-

ဒုတိယဥက္ကဋ္ဌ၊ ---------အထူးစီးပွားရေးဇုန်

ပုံစံ (ဆ)

စီမံခန့်ခွဲမှုကော်မတီသို့ ရင်းနှီးမြှုပ်နှံသူက တင်ပြရမည့်
သုံးလပတ် ဆောင်ရွက်မှု အစီရင်ခံစာ
နည်းဥပဒေ ၇၄

အစီရင်ခံကာလ - (ဧပြီ - မတ်လ)

ကာလ -----------------

အပိုင်း (၁)

၁။ ရင်းနှီးမြှုပ်နှံသူအမည်

၂။ ထုတ်လုပ်မှု/ဝန်ဆောင်မှုအကြောင်းအရာ

၃။ ပို့ကုန် (ကျပ်ထောင်ပေါင်း)

(က) သုံးလပတ်အလိုက်ပို့ကုန် သင်္ဘောပေါ်ရောက်တန်ဖိုး
(ပို့ကုန်အမျိုးအစားကိုဖော်ပြရန်)

(ခ) ၅ နှစ်ကာလအတွက် အဆင့်ဆင့်စုစုပေါင်းပို့ကုန်တန်ဖိုး

(ဂ) ကုန်တင်ပို့ရမည့်နိုင်ငံများ

၄။ သွင်းကုန်

(ကျပ်ထောင်ပေါင်း)

(က) အသုံးပြုသည့်ကုန်ကြမ်းနှင့် အခြားသွင်းအားစုများ

(၁) သွင်းသည့်ကုန်ကြမ်း၊ စားသုံးကုန်၊ အစိတ်အပိုင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း စသည်တို့၏ စာရင်းဖွင့်လက်ကျန်

(၂) ဆိပ်ကမ်းရောက် သွင်းကုန်တန်ဖိုး

(၃) ၅ နှစ်ကာလအတွက် အဆင့်ဆင့်စုစုပေါင်းသွင်းကုန်တန်ဖိုး
(က+ခ)

(၄) အထက်ပါသွင်းကုန်များ (သို့) ယင်းသုံးလပတ် အတွင်း အထူးစီးပွားရေးဇုန် အတွင်း ရှိ အခြားရင်းနှီးမြှုပ်နှံသူများထံမှ လက်ခံရရှိသည့် ကုန်စည် နှင့် ဝန်ဆောင်မှု တန်ဖိုး

(၅) စုစုပေါင်း (ဂ+ဃ)

(၆) အထက်ပါသွင်းကုန်များ (သို့) ယင်းသုံးလပတ် အတွင်း အထူးစီးပွားရေးဇုန် အတွင်းရှိ အခြား ရင်းနှီးမြှုပ်နှံသူများထံသို့ လွှဲပြောင်းပေးသော ကုန်စည်နှင့် ဝန်ဆောင်မှု တန်ဖိုး

(၇) အထက်ပါ သွင်းကုန်များ၏ စာရင်းပိတ်လက်ကျန်

(၈) သုံးလပတ်အတွင်း အမှန်တကယ် အသုံးပြုသည့် ရင်းနှီးသွင်းကုန်နှင့် အပိုပစ္စည်းတန်ဖိုး {င-[စ+ဆ]}

(ခ) ရင်းနှီးကုန်စည်များ

(၁) သွင်းကုန်၏ ဆိပ်ကမ်းရောက် တန်ဖိုး

(၂) သုံးလပတ်အတွင်း အထူးစီးပွားရေးဇုန်ရှိ အခြားရင်းနှီးမြှုပ်နှံသူထံမှ ရရှိသည့် ရင်းနှီး သွင်းကုန်နှင့် အပို ပစ္စည်းတန်ဖိုး

(၃) စုစုပေါင်း (၁ + ၂)

(၄) သုံးလပတ်အတွင်း အထူးစီးပွားရေးဇုန်ရှိ အခြားရင်းနှီးမြှုပ်နှံသူထံသို့ လွှဲပြောင်းသည့် ရင်းနှီး သွင်းကုန်နှင့် အပို ပစ္စည်းတန်ဖိုး

(၅) သုံးလပတ်အတွင်း စုစုပေါင်း ရင်းနှီးသွင်းကုန်နှင့် အပိုပစ္စည်းတန်ဖိုး(၃-၄)

(၆) အသားတင်နိုင်ငံခြားဝင်ငွေ တွက်ချက်ခြင်းတွင် ရင်းနှီးသွင်းကုန်တန်ဖိုး များရယူထားခြင်းအပေါ် အချိုးကျ / အရစ်ကျပေးချေခြင်း

၅။ သုံးလပတ်အတွင်း အခြားသော နိုင်ငံခြားငွေ စီးထွက်မှု (ခိုင်ကြေး၊ နည်းပညာကြေး၊ အမြတ်၊ အမြတ်ဝေစု ငွေရင်းပြန်ပို့ခြင်း၊ အရောင်းကော်မရှင်ခပေးခြင်း၊ ပြည်ပမှ ချေးယူငွေ အတွက် အတိုး.....)

၆။ စုစုပေါင်းစီးထွက်မှု [၄.က(၈)+၄.ခ(၆)+၅]

၇။ သုံးလပတ်အတွက် အသားတင်နိုင်ငံခြားဝင်ငွေ [၃(က)-၆]

၈။ ယခင်နှစ်ကုန်ရှိ အသားတင်နိုင်ငံခြားဝင်ငွေအခြေအနေ

၉။ (၅)နှစ်တာကာလအတွက် အဆင့်ဆင့်စုစုပေါင်း အသားတင် နိုင်ငံခြားဝင်ငွေ [၇+၈]

## အပိုင်း (၂)

၁။ ပြည်တွင်း အကောက်ခွန်နယ်မြေ အရောင်းတန်ဖိုး (ကျပ်ထောင်ပေါင်း)

(က) ကုန်ချော/ ဝန်ဆောင်မှုအရောင်း

(ခ) စံနှုန်းမမီသော ပစ္စည်းအရောင်း

(ဂ) ဘေးထွက်ပစ္စည်းအရောင်း

(ဃ) စွန့်ပစ်ပစ္စည်း၊ အမှိုက်အရောင်း

(င) စုစုပေါင်း

၂။ လုပ်ငန်းဆိုင်ရာအရင်းအနှီးဖွဲ့စည်းမှု

(က) အရင်းအနှီး

(၁) မတည်အရင်းအနှီး

(၂) ထည့်ဝင်သည့်အရင်းအနှီး

(ခ) ပြည်ပရင်းနှီးမြှုပ်နှံမှုများ -

(၁) အတည်ပြုချက်

(၂) နှစ်အတွင်းအမှန်တကယ်စီးဝင်ခြင်း

(၃) (၅)နှစ်အတွက် အဆင့်ဆင့် စုစုပေါင်းအမှန်ရင်းနှီးမြှုပ်နှံမှု

၃။ အလုပ်ခန့်ထားခြင်း ကျား/မ

၄။ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု (ကျပ်ထောင်ပေါင်း)

(က) အဆောက်အအုံ ------------------------------------

(ခ) စက်ရုံနှင့် စက်ကိရိယာ ------------------------------

(၁) ပြည်တွင်း ------------------------------------

(၂) သွင်းကုန် (ဆိပ်ကမ်းရောက်တန်ဖိုး) -----------------

(၃) စုစုပေါင်း (၁) + (၂) ----------------------------

၅။ အခြားအချက်အလက်

(က) ပြည်ပမှ ကုန်သွယ်ရေး ချေးငွေယူခြင်း ယခင်နှစ်မှ ချေးငွေ လက်ကျန်

(၁) ချေးငွေသက်တမ်းကာလ ၃ နှစ် အောက်ရှိသော ချေးငွေများ (ဒေါ်လာဖြင့် ဖော်ပြရန်)

(၂) ချေးငွေ သက်တမ်းကာလ ၃ နှစ် အထက်ရှိသော ချေးငွေများ (ဒေါ်လာဖြင့် ဖော်ပြရန်)

(ခ) နိုင်ငံခြားငွေရရေးအတွက် ဆိုင်းငံ့နေသောကိစ္စ

တင်ပို့ရက်စွဲ--------------------

တင်သွင်းသူအမည်-----------------

လိပ်စာ--------------------------

စုစုပေါင်းပမာဏ-------------------

လက်မှတ်

ကုမ္ပဏီတံဆိပ်တုံး

မှတ်ချက်။ ဤဇယားတွင်ပေးထားသော အချက်အလက်ပုံစံတွင် ရင်းနှီးမြှုပ်နှံသူ၏ ကိုယ်စားလှယ်လွှဲအပ်ထားသူနှင့် လက်မှတ်ရစာရင်းကိုင်တို့က ထောက်ခံ လက်မှတ်ထိုးရမည်။

ပုံစံ(၉)

# စိစစ်ရေးကတ်ပြား (ID Card)

နည်းဥပဒေ ၂၂၀

အမှတ်စဉ် ------------------- ထုတ်ပေးသည့်ရက်စွဲ ----------------------

ကုန်ဆုံးရက်-------------------

၁။ (ဓါတ်ပုံပါ စိစစ်ရေးကတ်ပြား ယာဉ်နစ်အမည် သို့မဟုတ် ဓါတ်ပုံပါ ယာယီ စိစစ်ရေးကတ်ပြား) ကန်ထရိုက်တာအမည်၊ လိပ်စာနှင့် လိုင်စင်အမှတ်

၂။ ကတ်ကိုင်ဆောင်သူအမည်

၃။ ရာထူး

ထုတ်ပေးသူလက်မှတ်-------------------

စီမံခန့်ခွဲမှုကော်မတီ

## စည်းကမ်းချက်

၁။ ကင်းလွတ်ဇုန်အတွင်းသွားလာခွင့်ရှိသူသည် ဤကတ်ပြားကိုချိတ်ဆွဲ/တပ်ဆင်ထားရမည်။

၂။ ဤကတ်ပြားကို အခြားသူတစ်ဦးသို့ လွှဲပြောင်းခြင်းမပြု။

၃။ လုံခြုံရေးနှင့် အကောက်ခွန် (တာဝန်ရှိသူ) ဝန်ထမ်းက စစ်ဆေးလျှင် ထုတ်ပြရမည်။

၄။ ဇုန်ဂိတ်တွင် ကတ်ပြားကိုင်ဆောင်သူနှင့် ယင်း၏ မော်တော်ယာဉ်ကို လုံခြုံရေးအတွက် အစစ်ဆေးခံ ရမည်။

၅။ ဤကတ်ပြားပျောက်ဆုံးပါက လုံခြုံရေးအရာရှိထံ ချက်ချင်း သတင်းပို့ရ မည်။

၆။ ဤကတ်ပြားကို ကိုင်ဆောင်အသုံးပြုခွင့်ကာလ ကုန်ဆုံးသူများသည် လုံခြုံရေးအရာရှိထံသို့ ပြန်လည်အပ်နှံရမည်။